

နန္ဒကျော်သူ
မေတ္တာတောင်ကြားမှ
သိုင်းလုလင်
ပထမပိုင်း

နန္ဒကျော်သူ

# မေတ္တာတောင်ကြားမှသိုင်းလုလင်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၄၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၀၂၀၁၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ထိတ်လန့်ချောက်ချားဖွယ်ကောင်းသော အဖြစ်အပျက်သည် သိုင်းလောကဦဖြစ်ပွားသွားခဲ့၏။

တိုတောင်းသောကာလအတွင်း ထိပ်သီးသိုင်းသမား(၆)ယောက် (၇)ယောက်ခန့် သေဆုံးသွားခဲ့၏။

သေဆုံးသွားခဲ့သော ထိပ်သီးသိုင်းသမားများ၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ပြာနှမ်း၍နေ၏။

သူတို့၏မျက်နှာသည် အလွန်ကြောက်မက်ဖွယ်ကောင်းသောအရာတစ်ခုကို မြင်တွေ့လိုက်ရဟန်ဖြင့် မျက်လုံးများဝိုင်းစက်ပြူးကျယ်ကာ ထိတ်လန့်တုန်လှုပ်ဟန် ဖြစ်ပေါ်နေခဲ့၏။

ထို့ကြောင့် သိုင်းလောကတစ်ခုလုံး ထိတ်လန့်ခြောက်ခြားကာ ကြီးလန့်စာ စားဖြစ်နေ၏။

သိုင်းလောက၏ခိုင်လုံသော သတင်းရပ်ကွက်မှ ပေါ်ထွက်လာသော သတင်းများအရ ထိုထိပ်သီးသိုင်းသမားများကို သတ်ဖြတ်ခဲ့သူမှာ လူငယ်တစ်ယောက်ဖြစ်ပြီး အလွန်ထူးဆန်းသော သိုင်းပ

ညာဖြင့် သတ်ဖြတ်ခဲ့သည်ဟုဆို၏။

ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုက်ရသူတစ်ယောက်က ထိပ်သီးသိုင်းသမားတစ်ယောက်သည် ထိုလူ၏အသားကို ထိလိုက်မိသည်နှင့် နောက်သို့လွင့်စဉ်ကာ သေဆုံးသွားသည်ဟု ပြောပြခဲ့၏။

ထို့ကြောင့် တိုတောင်းသော အချိန်ကလေးအတွင်းမှာပင် သိုင်းလောကသားများက ထိုအမည်မသိသော လူငယ်ကို 'မရဏတမန်တော်'ဟု အမည်ပေးခဲ့ကြ၏။

တစ်ချိန်တည်းမှာပင် စွန့်စားလိုသော သိုင်းသမားတစ်စုက ထိုလူငယ်ကို သုတ်သင်ရန် မြေလှန်၍လိုက်ရှာ**ခဲ့၏**။

ဤသို့ဖြင့် နောက်ဆုံး၌ သိုင်းလောက**တစ်ခုလုံးက** ထို'မရဏတမန်တော်'ဟု အမည်ပေးထားသောလူငယ်ကို **သုတ်သင်ရန်**ဆုံးဖြတ် လိုက်လံရှာဖွေနေတော့သည် မဟုတ်ပါလား။

ဟ ဟ ဟ

အချိန်မှာ ညနေဆည်းဆာချိန်ဖြစ်၏။ မကြာမီ နေဝင်တော့မည်ဖြစ်၏။

ထိုအချိန်၌ လူငယ်တစ်ယောက်သည် မြက်ရိုင်းပင်များကြားမှထိုးထွက်လာ၏။ ပြီးမှ သူသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေကြည့်လိုက်၏။

သူ၏ဆံပင်များက ခြောက်သွေ့ပြီး ဖွာလန်ကျဲနေ၏။ ဆံ



ပင်ကို သပ်ယပ်စွာ ဖီးသင်ထားခြင်း မရှိသောကြောင့် ပခုံးထိအောင် ရှည်လျားသော ဆံပင်များက ရှုပ်ထွေးကာ လေထဲ၌ လွင့်ပျံနေ၏။

သူ၏မျက်နှာကလည်း ညစ်ပတ်ပေရေနေ၏။

သူ၏ အဝတ်အစားများကလည်း သူ၏ ညစ်ပတ်ပေရေနေသော မျက်နှာနှင့် လိုက်ဖျောညီထွေစွာ စုတ်ပြတ်ပြီး ညစ်ထေးထေး ဖြင့် ဖြစ်နေ၏။

သူဖုန်းစားတစ်ယောက်ပင် သူ့လောက် ညစ်ပတ်ပေရေ စုတ်ပြတ်လိမ့်မည် မဟုတ်ပါ။

မည်သို့ပင်ဖြစ်ပါစေ လူငယ်၏ ခန့်ညား၍ချောမောသော ရုပ်သွင်ကို **ထိုည**စ်ပတ်ပေရေခြင်းက ဖုံးလွှမ်းနိုင်ခြင်းမရှိပါ။

**လူငယ်**သည် မြက်ရိုင်းပင်များကြားမှ ထွက်လာပြီးနောက် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

သူ၏မျက်လုံးများက ထိတ်လန့်တုန်လှုပ်နေပြီး ကျီးလန့်စာစားအကြည့်ဖြင့် ကြည့်လိုက်ခြင်းဖြစ်၏။

ပြီးမှ သူသည် နဖူးပေါ်မှ ချွေးများကို လက်ခုံဖြင့်သုတ်လိုက်၏။

သူ၏တစ်ကိုယ်လုံးသည် ချွေးများဖြင့် စိုရွှဲနေ၏။

သူသည် တစ်ရက်နှင့်တစ်ညလုံးလုံး ပြေးလွှားခဲ့ရသဖြင့် အလွန်ပင်ပန်းနေပြီးဖြစ်၏။

ယခုလည်း သူသည် ရပ်နား၍မဖြစ်သေးပါ။

သူ၏နောက်သို့ သိုင်းသမားများက လိုက်လာနေသည်မဟုတ်ပါလား။

သူသည် နောက်ကြောင်းကို **တစ်**ချက်လှည့်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်၏။ သူသည် သိုင်းပညာမတတ်ပါ။

သို့သော် သူ၏အသားကို ထိလိုက်သောလူတိုင်း သေဆုံးသွား၏။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို သူကိုယ်တိုင် မသိပါ။

သူ၏အသားကို ထိမိ၍ ပထမဆုံး သေဆုံးသွားသူမှာ သူ၏ မိခင်ဖြစ်၏။ ဒုတိယသေဆုံးခဲ့သူမှာ သူ၏ မိန်းကလေးသူငယ်ချင်းဖြစ်၏။

ထို့နောက် သူသည် ဆက်၍ မတွေးတော့ပါ။

သူက မိမိမသတ်ကြောင်း မည်သို့ပင် ရှင်းပြစေကာမူ သူ၏စကားကို မည်သူမျှ မယုံကြည်ပါ။

သူ့ကို လူသတ်သမားအဖြစ် စွပ်စွဲနေကြပြီဖြစ်၏။

ထို့အပြင် သူ့ကို'မရဏာတမန်တော်'ဟူ၍ ခေါ်ဝေါ်ကာ သူ့ကိုသုတ်သင်ရန် ကြိုးစားနေကြပြီဖြစ်၏။

ထို့ကြောင့် သူသည် ယခုကဲ့သို့ထွက်ပြေးနေရခြင်း ဖြစ်၏။

သူ၏နောက်မှ သိုင်းလောကသားများက လိုက်လာနေကြပြီဖြစ်၏။

သူသည် ထိုသိုင်းသမားများ၏လက်မှ လွတ်မြောက်ပြေးနိုင်ပါမည်လော။

ဏ ဏ ဏ



လူငယ်သည် နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်၏။

သူ့အနေဖြင့် လူတွေနှင့်ဝေးရာသို့ ပြေးချင်၏။ လူတွေရှာမတွေ့နိုင်သောနေရာ၌ ပုန်းကွယ်လို၏။

တစ်ဆက်တည်းမှာပင် မိမိ၏ဘဝသည် တခြားလူများကဲ့သို့ မိသားစုအသိုင်းအဝိုင်း၊ မိတ်ဆွေအသိုင်းအဝိုင်းထဲ၌ မနေနိုင်သော ဘဝဖြစ်ကြောင်း စဉ်းစားမိပြီး အထီးကျန်သည့် ခံစားချက်ကို ခံစားလာရ၏။

သူသည် သက်ပြင်းချလိုက်ပြီး တောလမ်းအတိုင်း လျှောက်လာခဲ့၏။

နောက်ဆုံး၌ သူသည် တောင်ကုန်းတစ်ခု၏ ခြေရင်းသို့ ရောက်လာ၏။

ထိုနေရာသည် လူသူအရောက်အပေါက်နည်းသောနေရာတစ်ခု ဖြစ်၏။

အကြောင်းမှာ လူသွားလမ်းဟူ၍ မယ်မယ်ရရ မတွေ့ရှိရပါ။

သို့သော် လူသွားလမ်းဟု ထင်မှတ်ရသော မြက်ပင်များဖုံးအုပ်နေသည့် လမ်းကလေးတစ်ခုရှိ၏။

ထိုလမ်းကလေးသည် ရှည်လျားပြီးကွေ့ကောက်၏။

ထိုနေရာ၌ တောင်ကုန်းပေါ်သို့ တက်ရန်လမ်းဟူ၍ ထိုလမ်းကလေးသာ ရှိ၏။

လူငယ်သည် ထိုလမ်းကလေးအတိုင်း တောင်ကုန်းပေါ်သို့ တက်လာ၏။

ထိုတောင်ကုန်းသည် ခည်ရွေ့မည်မျှ မြင့်မားကြောင်းကို လူငယ်က မသိပါ။

သူသည် ပင်ပန်းလွန်းသောကြောင့် တရွတ်ဆွဲလုနီးပါးဖြစ်နေသော ခြေလှမ်းများဖြင့် တောင်ကုန်းပေါ်သို့ တက်လာခဲ့၏။

တောင်ကုန်းပေါ်သို့ရောက်လာသောအခါ မိုးစုန်းစုန်းချုပ်ပြီဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေ၏။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ လူငယ်သည် ခြေလှမ်းရပ်တန့်လိုက်ပြီး မိမိ၏ရှေ့တူရူ၌ ကြီးမားသော ဘီလူးသဘက်ကြီးတကောင် ငုတ်တုတ်ထိုင်နေသည်ဟု ထင်မှတ်ရသော အဆောက်အဦတစ်လုံးကို ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။

လူငယ်၏ ရှေ့ကိုက်တစ်ရာခန့်အကွာ၌ အဆောက်အဦတစ်လုံးရှိ၏။

နှစ်ပေါင်းများစွာ လူတို့က စွန့်ပစ်ထားဟန်ဖြင့် ထိုအ



ဆောက်အဦသည် ပျက်စီးယိုယွင်းပြီး တစ်ပိုင်းတစ်စ ပြိုကျပျက်ဆီးနေပြီဖြစ်၏။

ထို့အပြင် မြက်ရိုင်းပင်များ ချုံနွယ်ပိတ်ပေါင်းများက ထိုအဆောက်အဦကို ဝါးမျိုထား၏။

မှောင်မည်းသော ညကာလ၌ ထိုအဆောက်အဦကို တွေ့မြင်ရသည်မှာ ဘီလူးသဘက်တစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ ထင်မှတ်ရ၏။

လူငယ်သည် သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက် သူသည် ထိုအဆောက်အအဦပျက်သို့ ဦးတည်၍ တစ်လှမ်းချင်း လှမ်းသွားလေတော့၏။

သူ့အနေဖြင့် ထိုအဆောက်အဦပျက်ထဲ၌ တစ်ညတာ ပုန်းအောင်းခိုနားရတော့မည် မဟုတ်ပါလား။

## ψ ψ ψ ချစ်ဂျူ ၀၁၀

ညဥ့်၏လေက တဟူးဟူး တိုက်ခတ်နေ၏။

လမိုက်ရက်ဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေ၏။

ထို့အပြင် ပတ်ဝန်းကျင်တစ်ခုလုံးသည် လေတိုးသံမှလွဲ၍ တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတစ်ရံ၌ လေတိုးသံကြောင့် ဖြစ်ပေါ်နေသော သစ်

စွက်လှုပ်ခတ်သံ၊ မြက်ရိုင်းပင်များ လှုပ်ယမ်းသံများကြားမှ ညဥ့်၏ပိုးမွှားများ၏အော်သံ ပေါ်ထွက်လာ၏။

ထိုကဲ့သို့ မှောင်မည်း၍ တိတ်ဆိတ်နေသော ညသန်းခေါင်ယံ၌ အရိပ်တစ်ရိပ်သည် ဝိဉာဉ်တစ်ခုပမာ သစ်ပင်များကြား၌ ရွေ့လျားနေ၏။

မှိတ်တုတ် မှိတ်တုတ်ဖြင့် လင်းလက်နေသော ကြယ်ကလေးများ၏ အလင်းရောင်ကြောင့် သစ်ပင်များကြားမှ ပေါ်ထွက်လာသောအရိပ်မှာ မိန်းကလေးတစ်ယောက်၏ အရိပ်ဖြစ်ကြောင်းသိနိုင်၏။

မိန်းကလေးသည် ငယ်ရွယ်ပြီး ချောမောလှပသောမိန်းကလေး ဖြစ်၏။

သူမသည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထား၏။ သူမ၏နောက်ကျော၌လည်း ဓားတစ်လက်လွယ်ထား၏။

သူမသည် တောင်တက်လမ်းအတိုင်း တောင်ကုန်းပေါ်သို့တက်လာခဲ့၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်ပြီး သူမ၏ရှေ့ကိုက်တစ်ရာခန့်အကွာရှိ အဆောက်အအဦပျက်ကို တစ်ချက်လှမ်းကြည့်လိုက်၏။

ထိုအဆောက်အဦသည် မှောင်နှင့်မဲမဲထဲ၌ တစ္ဆေသရဲတစ်ယောက် ငုတ်တုတ်ထိုင်နေသကဲ့သို့ ထင်မှတ်ရ၏။

သူမသည် ထိုအဆောက်အဦပျက်ကို အတန်ကြာအောင်ကြည့်နေပြီးမှ....

"အင်း... ပုန်းအောင်းစရာဆိုလို့ ဒီတစ်နေရာပဲ ရှိတယ်"



ဟု မိမိဘာသာ တီးတိုးပြောလိုက်၏။

သူမသည် ဓားနှစ်လက်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး၏ သမီးဖြစ်၏။

သိုင်းလောကတစ်ခုလုံးကို တိုတောင်းသောအချိန်အတွင်း မွှေနှောက်၍ ထိတ်လန့်ချောက်ချားအောင်ပြုလုပ်ခဲ့သော 'မရဏာတမန်တော်'၏နောက်သို့ ခြေရာခံ၍ လိုက်လာခဲ့ခြင်းဖြစ်၏။

သူမသည် တစ်နေ့နှင့် တစ်ညတိတိ ခြေရာခံခဲ့ပြီးနောက်နောက်ဆုံး ဤနေရာသို့ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။

သူမ၏အတွေးမှန်ကန်ပါက ဤနေရာအနီးတစ်ဝိုက်တွင်လူတစ်ယောက်ပုန်းခိုနိုင်ရန် ဤတောင်ကုန်းပေါ်တစ်ခုသာ ရှိ၏။

ထို့ကြောင့် သူမသည် ဤတောင်ကုန်းပေါ်သို့တက်လာခဲ့ခြင်း ဖြစ်၏။

တောင်ကုန်းပေါ်သို့ရောက်သောအခါ ပျက်စီးယိုယွင်းနေသော အဆောက်အဦကိုတွေ့ရ၏။

ထို့ကြောင့် သူမသည် ခြေလှမ်းကိုရပ်တန့်ပြီး အဆောက်အဦပျက်ကို အတန်ကြာအောင် ကြည့်နေမိခြင်းဖြစ်၏။

အတန်ကြာမှ သူမသည် သက်ပြင်းတစ်ချက်ချလိုက်၏။

တစ်ဆက်တည်းမှာပင် သူမ၏အနေဖြင့် မရဏာတမန်တော်ကို ရင်ဆိုင်နိုင်ပါ့မလား ဟူ၍လည်း သံသယဖြစ်လာ၏။

ထိပ်သီးသိုင်းသမားများကို သတ်သွားသော မရဏာတမန်တော်၏သိုင်းပညာကို မည်သူမျှ မမြင်တွေ့ခဲ့ပါ။

သိုင်းလောကထဲမှ ပြောစကားများအရ ထိပ်သီးသိုင်းသမားများကို မရဏာတမန်တော်က သိုင်းကွက်တစ်ကွက်တည်းဖြင့်

သတ်ဖြတ်လိုက်သည်ဟု သိခဲ့ရ၏။

ဤသို့ဆိုလျှင် မရဏာတမန်တော်၏ သိုင်းပညာသည် မည်မျှ ကြောက်မက်ဖွယ်ရာ ကောင်းသည်ကို သူမက မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ထို့ကြောင့် သူမသည် အဆောက်အဦပျက်ထဲသို့ ဝင်သင့် မဝင်သင့် ဆုံးဖြတ်ရခက်ကာ သက်ပြင်းချလိုက်မိခြင်းဖြစ်၏။

သို့သော် နောက်ဆုံး၌ သူမသည် အဆောက်အဦအတွင်းသို့ ဝင်ရောက်ရန် ဆုံးဖြတ်လိုက်ပြီး အဆောက်အဦပျက်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

လေက တစ်ချက်တိုက်**ခတ်လာ၏။**

မိန်းကလေးသည် **နဖူးပေါ်သို့ ဝဲကျလာ**သော ဆံပင်စများကို လက်ဖြင့် **အသာသပ်တင်လိုက်၏။**

ပြီးမှ **သူမသည် ပြုတ်ကျလု နီး**ပါးဖြစ်နေသော တံခါးကို လက်ဖြင့် အသာတွန်း၍ အဆောက်အဦထဲသို့ လှမ်းဝင်လိုက်၏။

ထိုအချိန်၌ လထွက်လာပြီဖြစ်၏။ လဆုတ်ရက်ဖြစ်၍ လက အလွန်နောက်ကျမှ ကောင်းကင်ပေါ်သို့ ရောက်လာခဲ့၏။

လ၏အလင်းရောင်က ပေါက်ပြဲနေသော ခေါင်မိုးကြားမှ တိုးဝင်၍ အဆောက်အဦထဲသို့ ကျရောက်၏။



မိန်းကလေးသည် အထဲသို့ရောက်သောအခါ ခေတ္တရပ်တန့်လိုက်ပြီး အခန်းကိုတစ်ချက်ဝေ့ကြည့်လိုက်၏။

အခန်းက ကျယ်ဝန်း၏။ ဧည့်ခန်းအဖြစ် ယခင်က အသုံးပြုခဲ့ဟန်ရှိ၏။

အခန်းထဲ၌ အိမ်ထောင်ပရိဘောဂဟူ၍ အခန်းထောင့်၌ ကျိုးပဲ့နေသော ကုလားထိုင်တစ်လုံးသာရှိ၏။

မိန်းကလေးသည် ထိုအခန်းကို တစ်ချက်ဝေ့ကြည့်ပြီးနောက် အကွင်းဘက်သို့ ဆက်၍ လျှောက်လာ၏။

သူမ၏လှုပ်ရှားမှုကြောင့် မြေကြွက်များက တရှန်းရှန်းဖြင့် ဟိုဟိုဒီဒီ ပြေးသွား၏။

မြေကြွက်များ၏ လှုပ်ရှားမှုကြောင့် သူမသည် ထိတ်လန့်တုန်လှုပ်သွား၏။

သို့သော် သူမသည် သူမ၏စိတ်ကို အချိန်မီထိန်းချုပ်ပြီး အတွင်းဘက်သို့ ဆက်၍ လျှောက်လာခဲ့၏။

အတွင်းဘက်မှ အခန်းထဲသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်၌ ကွေးကွေးကလေးအိပ်ပျော်နေသော လူတစ်ယောက်ကိုတွေ့ရ၏။

တံခါးရွက် မရှိသော ပြတင်းပေါက်မှ ဝင်ရောက်လာသည့် လရောင်အောက်၌ ထိုလူကိုကောင်းစွာ မြင်တွေ့ရ၏။

ထိုလူသည် လူငယ်တစ်ယောက်ဖြစ်၏။ အဝတ်အစားများက စုတ်ပြတ်နေ၏။

မိန်းကလေးသည် နောက်ကျောမှ ဓားကိုဆွဲထုတ်လိုက်၏။ ပြီးမှ သူမသည် ထိုလူငယ်ကို မမှိတ်မသုန် စူးစိုက်ကြည့်လိုက်၏။

သူမ၏စိတ်ထဲမှလည်း မရဏတမန်တော်သည် ထိုလူငယ်များ ဖြစ်နေမလားဟု တွေးလိုက်၏။

ထို့နောက် သူမသည် ခြေသံကို အတတ်နိုင်ဆုံးလုံအောင်နင်းကာ ထိုလူငယ်ထံသို့ ချဉ်းကပ်လာ၏။

သူမ၏လက်ထဲမှ ဓားကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အရေးကြုံလျှင် အဆင်သင့်တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထား၏။

လူငယ်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေ၏။

လူငယ်၏မျက်နှာသည် ညစ်ပတ်ပေရေနေ၏။ သို့သော် ညစ်ပတ်ပေရေခြင်းက လူငယ်၏ ချောမောခန့်ညားမှုကို ဖုံးကွယ်၍မရပါ။

ထို့ကြောင့် မိန်းကလေးသည် လူငယ်ကို အတန်ကြာအောင် ငေးကြည့်နေမိ၏။

လူငယ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

လူငယ်၏ပုံပန်းသဏ္ဍာန်မှာ အလွန်အပြစ်ကင်းစင်၍ သနားဖွယ်ကောင်းနေ၏။

ထို့ကြောင့် ဤလူငယ်သည် သိုင်းလောကတစ်ခုလုံးက အလိုရှိနေသော ရက်စက်ကြမ်းကြုတ်သည့်လူသတ်သမား၊ မရဏတမန်တော် ဟုတ်ပါလေစဟုပင် မိန်းကလေး၏စိတ်ထဲ၌ သံသယ ဝင်လာ၏။

ထို့ကြောင့် သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လက်ထဲမှ ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်၏။

ပြီးမှ သူမသည် လူငယ်ကို အတန်ကြာအောင် ငေးမော၍ကြည့်နေ၏။



ယခု သူမ၏ရှေ့၌ ခွေခွေကလေး အိပ်မောကျနေသောလူငယ်သည် သိုင်းလောကတစ်ခုလုံးကို မွှေနှောက်၍ ဂယက်ရိုက်ခတ်စေခဲ့သော မရဏတမန်တော်သာဖြစ်မည်ဆိုလျှင် ထိုလူငယ်သည် မိမိရောက်ရှိနေကြောင်းကို သိရမည်ဖြစ်၏။

ယခုမူ ထိုလူငယ်သည် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲဖြစ်၏။

မိန်းကလေးသည် လူငယ်ကို အတန်ကြာအောင် ငေး၍ကြည့်နေပြီးမှ....

"ဒီမှာ...."

ဟု လှမ်းခေါ်လိုက်၏။

သူမ၏အသံမှာ ကျယ်လောင်ခြင်းမရှိပါ။ တိုးညှင်းခြင်းလည်း မရှိပါ။ သာမန်လေသံဖြင့် ခေါ်လိုက်ခြင်းဖြစ်၏။

သို့သော် လူငယ်က တုတ်တုတ်မျှပင် မလှုပ်ပါ။

မိန်းကလေးက အသံကို အနည်းငယ်မြှင့်၍ ခေါ်လိုက်၏။

"ဒီမှာ...."

လူငယ်က အိပ်ပျော်နေဆဲဖြစ်၏။

ထို့ကြောင့် မိန်းကလေးသည် မျက်မှောင်ကြုတ်သွား၏။

အဆင့်မြင့်ထိပ်တန်း သိုင်းသမားတစ်ယောက်သည် မည်မျှပင် အိပ်မောကျနေပါစေ ယခု သူမ၏ခေါ်သံကြောင့် အိပ်ရာမှ နိုးလာသင့်ပြီဖြစ်၏။

ယခုမူ ထိုလူငယ်သည် အိပ်မက်ပင် မက်နေဟန်ရှိ၏။

မိန်းကလေးသည် သက်ပြင်းချလိုက်ပြီး.....

"ဒီမှာ ရှင် ဘယ်သူလဲ… ဘာဖြစ်လို့ ဒီမှာလာပြီး အိပ်နေတာလဲ"

ဟု အသံကိုမြှင့်၍ ပြောလိုက်၏။

လူငယ်သည် တုတ်တုတ်မျှ မလှုပ်ပါ။

ထို့ကြောင့် သူမသည် နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး…

"ဒီမှာ ရှင် ဘယ်သူလဲ"

ဟု ထပ်မံမေးရင်း လူငယ်၏ပခုံးကို လှမ်းကိုင်လိုက်၏။

သူမက လူငယ်၏ပခုံးကို လှမ်း၍ ကိုင်လိုက်သည်နှင့် သူမ၏ မျက်လုံးများသည် အလွန်အမင်း ထိတ်လန့်ဟန်ဖြင့် ဝိုင်းစက်ပြူးကျယ်သွားပြီး….

"အား…."

ဟု စူးရှစွာ အော်ဟစ်လိုက်၏။

ထို့နောက် သူမ၏ခန္ဓာကိုယ်သည် နောက်သို့ ပက်လက်လန်ကာ လဲကျသွားလေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ

မိန်းကလေး၏ စူးရှသော အော်ဟစ်သံကြောင့် လူငယ်သည် အိပ်ပျော်ရာမှ လန့်၍ နိုးလာ၏။

သူသည် ကြမ်းပေါ်၌ ခွေခွေကလေးအိပ်နေရာမှ ထထိုင်လိုက်၏။



ပြီးမှ သူ၏မျက်စိကို လက်ဖြင့်ပွတ်ကာ ပတ်ဝန်းကျင်ကို ...ည့်ပတ်ကြည့်ရှုလိုက်၏။

ထိုသို့ကြည့်လိုက်မိသည်နှင့် ကြမ်းပေါ်၌ မိန်းကလေးတစ်ယောက် လဲကျနေသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် သူသည် ကပျာကာ မိန်းကလေး၏အနီးသို့ ချဉ်း...ပ်သွားပြီး မိန်းကလေးကိုကြည့်လိုက်၏။

တစ်ဆက်တည်းမှာပင် လူငယ်သည် ထိတ်လန့်တုန်လှုပ်...သွားပြီး နောက်သို့ ဖင်ထိုင်လျက်ဖြင့် ကပျာကယာ ဆုတ်လိုက်မိ၏။

သူ၏မျက်နှာသည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေ၏။

တစ်ချိန်တည်းမှာပင် သူ၏မျက်နှာပေါ်၌ ဝမ်းနည်းခြင်း၊ ...တ်ရှုပ်ထွေးခြင်း စသည်တို့ရောပြွန်း၍ ဖြစ်ပေါ်လာ၏။

သူ၏ရင်ထဲ၌လည်း ပြင်းထန်သောဝေဒနာတစ်ရပ်ကို ခံ...ားလိုက်ရ၏။

သူသည် ဦးခေါင်းကိုခါယမ်း၍….

"ငါ… ငါသတ်တာ မဟုတ်ဘူး"

ဟု ရေရွတ်နေ၏။

ထို့နောက် သူသည် သူ၏လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်...ကာ တရှုံ့ရှုံ့ ငိုကြွေးနေ၏။

သူသည် ကလေးငယ်တစ်ယောက်ကဲ့သို့ ဝမ်းနည်းပက်...လက်ငိုကြွေးနေခြင်း ဖြစ်၏။

သူသည် အတန်ကြာအောင်ငိုကြွေးပြီးမှ ကြမ်းပေါ်မှ မိန်း...ကလေး၏အလောင်းကိုကြည့်လိုက်၏။

ပြီးမှ....

"ငါ... ငါသတ်တာ မဟုတ်ဘူး... ဘာဖြစ်လို့ သူက သေသွားရတာလဲ... ငါ့ကိုထိတဲ့လူတွေက ဘာဖြစ်လို့ သေသွားရတာလဲ... ငါ ဟာ တကယ်ပဲ နတ်ဆိုးတစ်ကောင်လား... လူတွေကရော ဘာဖြစ်လို့ ငါ့ကိုလာပြီး ထိရတာလဲ"

ဟု တတွတ်တွတ် ရေရွတ်နေ၏။

နောက်ဆုံး၌ သူသည် စိတ်ပျက်စွာဖြင့် အခန်းနံရံကို ကျောကပ်၍ မှီထိုင်လိုက်၏။

သူသည် မည်သူ့ကိုမျှ မသတ်ခဲ့ပါ။ ယခင်က သူသည် သူငယ်ချင်းများဖြင့်အတူ နေခဲ့ဖူး၏။

ထိုစဉ်က သူ၏အသားကို ထိကိုင်ခဲ့သူများသည် ဘာမျှမဖြစ်ခဲ့ပါ။

သို့သော် လွန်ခဲ့သော(၉)နှစ်ခန့်မှစ၍ သူ၏အသားကို ထိကိုင်မိသော လူများသည် သေဆုံးသွားခဲ့၏။

အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကို သူမ မသိပါ။ သူသည် မည်သို့မျှလည်း စဉ်းစား၍မရပါ။

ပထမဆုံး သူ၏မိခင်က သူကိုပွေ့ဖက်ပြီးနောက် ထိတ်လန့်စွာ သူ့ကိုတွန်းထုတ်လိုက်ပြီး လဲကျသေဆုံးသွားခဲ့၏။

ထိုစဉ်က သူ၏အသားကို ထိကိုင်မိ၍ သေဆုံးခြင်းဟု သူ၏စိတ်ထဲ၌ မထင်ခဲ့ပါ။

သူ၏မိခင် သေဆုံးသွားသောကြောင့် သူသည် ပူဆွေးဝမ်းနည်းနေမိ၏။

သူ၏ဘဝ၌ မိခင်သာရှိ၏။ သူ၏ဖခင်ကို သူ မသိပါ။



သူ၏မိ ခင်ကလည်း သူ၏ဖခင်အကြောင်းကို လုံးဝမပြောပြခဲ့ပါ။

ဖခင်၏အကြောင်းကိုမေးတိုင်း မိခင်ဖြစ်သူက သူ့ကိုဒေါနှင့်မောနှင့် မာန်မဲခဲ့၏။

ထို့ကြောင့် သူသည် သူ၏ဖခင်အကြောင်း မမေးဖြစ်တော့ပါ။

သူ၏မိခင် သေဆုံးသွားသောအခါ သူသည် ဤလောကပေါ်၌ အထီးကျန်ဖြစ်လာ၏။

သူ့၌သူငယ်ချင်း အပေါင်းအဖော်များရှိသော်လည်း သူ့အပေါ်ရင်းရင်းနှီးနှီးဖြင့် ဆက်ဆံသူမှာ ယို့တင်ဟူသော မိန်းကလေးတစ်ယောက်သာ ရှိ၏။

ကျန်သူငယ်ချင်းများက သူ့အပေါ် အမြဲတစေ အနိုင်ကျင့်လေ့ရှိ၏။

သူငယ်ချင်းများက ဝိုင်း၍အနိုင်ကျင့်လျှင် ယို့တင်က သူ့ဘက်မှ ဝင်ရောက်ရပ်တည်ပေးခဲ့၏။

ယခုလည်း သူ၏မိခင်သေဆုံးသွားသောအခါ သူ့ကို ယို့တင်ကသာ လာရောက်နှစ်သိမ့်၏။

ထိုသို့ နှစ်သိမ့်ခြင်းကပင် ယို့တင်အား လူ့လောကကို စွန့်ခွာသွားစေ၏။

ယို့တင်က သူ၏ပခုံးကို အသာဖက်၍ 'မငိုပါနဲ့ဟယ်'ဟု နှစ်သိမ့်ပြီးနောက် ထိတ်လန့်တုန်လှုပ်စွာဖြင့် သူ့ကိုတွန်းဖယ်လိုက်၏။

ထို့နောက် စူးစူးရှရှ တစ်ချက်အော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွားခဲ့၏။

သူသည် ယို့တင်ကို အံ့ဩသောမျက်လုံးများဖြင့် ကြည့်နေခဲ့

၏။

ယို့တင် သေဆုံးသွားကြောင်း လူကြီးများက သိသောအခါ ယို့တင်၏မိခင်သည် သူ့အပေါ် အတော်ဒေါသဖြစ်နေ၏။

သူက သူမသတ်ကြောင်း ရှင်းပြ၏။

ယို့တင်၏မိခင်က မယုံကြည်ပါ။

ထိုအချိန်၌ပင် ယို့တင်၏ဦးလေးက သူ၏ပခုံးကိုကိုင်၍...

"မင်းက ဘာဖြစ်လို့ ယို့တင်ကိုသတ်ရတာလဲ"

ဟု မေးလိုက်၏။

ယို့တင်၏ဦးလေးသည် ထိုသို့မေးလိုက်ပြီးသည်နှင့် ထိတ်လန့်တုန်လှုပ်ကာ သူ့ကိုတွန်းထုတ်လိုက်၏။

ထို့နောက် 'နတ်ဆိုး... နတ်ဆိုး... မကောင်းဆိုးဝါး'ဟု အော်ဟစ်ကာ မြေပေါ်သို့ လဲကျသေဆုံးသွား၏။

ထိုအချိန်မှစ၍ ရွာမှလူများက သူ့ကိုမကောင်းဆိုးဝါးဟု သတ်မှတ်ကာ ရွာမှ နှင်ထုတ်လိုက်လေတော့သည်မဟုတ်လား။

သူသည် မည်မျှအတွေးနယ်ချဲ့နေမိသည် မသိပါ။

အဝေးမှ ဆူညံသောလူသံများကြောင့် သတိပြန်ဝင်လာပြီး ထိုင်ရာမှ ထလိုက်မိလေတော့သည် မဟုတ်ပါလား။

ဖ ဖ ဖ

ထိုလူသံများက ဆူညံနေ၏။



ထို့ကြောင့် လူငယ်သည် အဆောက်အဦထဲမှ ထွက်ကာ လှမ်းကြည့်လိုက်၏။

မီးပုံးမှ မီးရောင်များကို မြင်ရ၏။ မီးပုံးများသည် လှုပ်ယမ်းကာ တောင်ကုန်းပေါ်သို့ ရွေ့လျားလာ၏။

လူငယ်သည် တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သော မီးပုံးများကိုကြည့်ရင်း နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

ထို့နောက် သူသည် အဆောက်အဦထဲသို့ ပြန်ဝင်လိုက်၏။

သူသည် ကြမ်းပြင်ပေါ်မှ မိန်းကလေး၏အလောင်းကို တစ်ချက်ငုံ့ကြည့်လိုက်၏။

ပြီးမှ သူသည် နှုတ်ခမ်းကိုတစ်ချက်ကိုက်ကာ ပေါက်ပြဲနေသော ခေါင်မိုးကိုတစ်ချက်ကြည့်လိုက်၏။

သူ၏စိတ်ထဲ၌ တစ်စုံတစ်ရာ ဆုံးဖြတ်၍မရအောင် ဖြစ်နေ၏။

သူ့ကိုသိုင်းလောကသားများက **လာရောက်ရှာဖွေနေခြင်း**ဖြစ်၏။ သူ့အနေဖြင့် ထွက်ပြေးရန် **အချိန်ရ၏။**

သို့သော် သူသည် ယခုကဲ့သို့ ထွက်ပြေးနေခြင်းဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည် မဟုတ်ပါ။

သူက ထွက်ပြေးခဲ့လျှင် သိုင်းလောသာများက သူ့ကိုလိုက်၍ ရှာဖွေနေဦးမည်ဖြစ်၏။

ဤသို့ဆိုလျှင် သူသည် ဘယ်သောအခါမှ ရပ်တန့်၍ ရမည် မဟုတ်ပါ။

အကယ်၍ ထွက်မပြေးဘဲ သိုင်းသမားများကို ရင်ဆိုင်ခဲ့လျှင် သူ့ကို လူသတ်သမားဟု စွဲချက်တင်ကာ တိုက်ခိုက်ကြလိမ့်မည်

ဖြစ်၏။

သူက အဖြစ်မှန်ကိုရှင်းပြလည်း မည်သူမျှ လက်ခံလိမ့်မည် မ ဟုတ်ပါ။

ထို့ကြောင့် သူသည် ဆုံးဖြတ်ရခက်ကာ တွေဝေနေမိ၏။

ထိုစဉ် သူ၏ရှေ့သို့လူရိပ်တစ်ရိပ် ရောက်ရှိလာ၏။

ထိုလူရိပ်သည် အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်ဖြစ်၏။

အဘိုးအိုက ကြမ်းပေါ်မှမိန်းကလေးကို တစ်ချက်လှမ်း ကြည့်ပြီး....

"မင်းက သူ့ကိုသတ်လိုက်တာလား"

ဟု လူငယ်ကို လှမ်း၍ မေးလိုက်၏။

လူငယ်က သတ်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကျွန်တော်သတ်တာတော့ မဟုတ်ဘူး... ဒါပေမယ့် ကျွန်တော့်ကြောင့် သေသွားတာ"

ဟု ပြောလိုက်၏။

အဘိုးအို မျက်မှောင်ကြုတ်ကာ....

"ဘယ်လို... မင်းသတ်တာ မဟုတ်ဘူး... မင်းကြောင့် သေသွားတာ ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

လူငယ်က....

"ဟုတ်တယ်...."

အဘိုးအိုက....

"ဒါဖြင့် သူ့ကိုသတ်တဲ့လူက ဘယ်ရောက်သွားပြီလဲ"



ဟု မေးလိုက်၏။

လူငယ်က မိမိကိုယ်ကို ညွှန်ပြကာ....

"ဒီမှာ...."

ဟု ပြောလိုက်၏။

အဘိုးအိုက မျက်မှောင်ကြုတ်၍....

"မင်းပြောတော့ မင်းသတ်တာ မဟုတ်ဘူးဆို"

ဟု မေးလိုက်၏။

လူငယ်က....

"ဟုတ်တယ်...."

အဘိုးအိုက....

"ဒါဖြင့် သူ့ကိုသတ်တဲ့လူက ဘာဖြစ်လို့ မင်း ဖြစ်နေရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော်လည်း မပြောတတ်ဘူး... ဒါပေမယ့် သူ သေသွားပြီ"

ဟု ပြောလိုက်၏။

အဘိုးအိုက လေပူတစ်ချက်မှုတ်ထုတ်လိုက်ကာ....

"ဒီကို သိုင်းသမားတွေလာနေတယ်"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

အဘိုးအိုက....

"ထိပ်တန်းသိုင်းသမားတွေလည်း ပါတယ်"

ဟု ထပ်၍ ပြောလိုက်၏။

လူငယ်က ဦးခေါင်းကိုညိတ်ကာ....

"ဟုတ်ကဲ့...."

အဘိုးအိုက....

"သူတို့က မင်းကိုလာရှာတာလား"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော့်ကိုလာရှာတာ မဟုတ်ရင်... ဒီလိုနေရာမျိုးကို သူတို့က ဘာဖြစ်လို့ လူစုလူဝေးနဲ့လာမှာလဲ"

ဟု ပြန်ပြောလိုက်၏။

အဘိုးအိုက....

"မင်းက သူတို့နဲ့ရန်ငြိုးရှိလို့လား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းကာ....

"မရှိဘူး"

ဟု ပြောလိုက်၏။

အဘိုးအိုက မျက်မှောင်ကြုတ်ကာ....

"ဒါဖြင့် သူတို့က မင်းကို ဘာဖြစ်လို့ လာရှာရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော့်ကြောင့် လူတွေသေကြတယ်... ဒါပေမယ့် သူတို့ကို ကျွန်တော်က သတ်တာမဟုတ်ဘူး"



အဘိုးအိုက....

"ဒါကို မင်းက ရှင်းမပြဘူးလား"

လူငယ်က....

"ရှင်းပြပါတယ်... ဘယ်သူမှ လက်မခံဘူး"

အဘိုးအိုက....

"မင်းက သေသေချာချာ ရှင်းမပြလို့ဖြစ်မယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"သေသေချာချာ ရှင်းပြပါတယ်... ဒါပေမယ့် သူတို့က မဖြစ်နိုင်ဘူးဆိုပြီး ရှင်းပြတာကို လက်မခံတာပါ"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"မင်း မသတ်ဘူးဆိုတာကို သေသေချာချာ ရှင်းပြပေါ့"

ဟု ပြောလိုက်၏။

လူငယ်က....

"သေသေချာချာ ရှင်းပြတာပဲ"

အဘိုးအိုက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"အင်း... ငါတောင် မင်းပြောတာ နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ကျွန်တော်လည်း ကျွန်တော့်ကိုယ် ကျွန်တော် နားမလည်တော့ဘူး"

ဟု ပြောလိုက်၏။

အဘိုးအိုက မျက်မှောင်ကြုတ်ကာ ကြမ်းပြင်ပေါ်မှ အလောင်းကိုညွှန်ပြရင်း....

"ဒီမိန်းကလေးက ဘယ်သူလဲဆိုတာ မင်းသိလား"

ဟု မေးလိုက်၏။

လူငယ်က ကြမ်းပြင်ပေါ်မှ မိန်းကလေးကို တစ်ချက်ကြည့်ရင်း....

"မသိဘူး... သူ့ကို တစ်ခါမှ မမြင်ဖူးဘူး"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"သူက ဓားနှစ်လက်ဂိုဏ်းက ဂိုဏ်းချုပ်ကြီးရဲ့သမီးပဲ"

ဟု ပြောလိုက်၏။

လူငယ်က အံ့သြဟန်ဖြင့်....

"ဟုတ်လား... သူက ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ဟု ပြန်မေးလိုက်၏။

လူငယ်၏စကားကြောင့် အဘိုးအိုသည် မျက်နှာရှုံ့သွားပြီး....

"မင်းက ငါ့ကို ဘာလို့ပြန်မေးတာလဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က မသိလို့မေးတာ"

အဘိုးအိုက....

"မင်းမှ မသိရင် ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ"



ဟု ပြောလိုက်၏။

လူငယ်က....

"ခင်ဗျားက သူ့ကိုသိနေလို့ မေးကြည့်တာပါ"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"ဒီမှာ သူငယ်... အခု မင်းကြောင့် သူက သေသွားပြီ... ဒီတော့ မင်းကို ဓားနှစ်လက်ဂိုဏ်းက လိုက်ရှာတော့မယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က သူ့ကိုသတ်တာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"ဒါပေမယ့် သူက မင်းကြောင့် သေသွားတာ မဟုတ်လား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

အဘိုးအိုက....

"ဒါဆို သူ့ကို မင်းက မသတ်ရဘူးဆိုတာ ယုံပါမလား"

ဟု မေးလိုက်၏။

အဘိုးအို၏စကားကြောင့် လူငယ်သည် တွေဝေ၍ သွား၏။

အဘိုးအိုက ပြုံးလိုက်ပြီး....

"အခု မင်း ဘာလုပ်မလဲ"

ဟု မေးလိုက်၏။

လူငယ်က ခေါင်းခါယမ်းကာ....

"မသိဘူး...."

အဘိုးအိုက....

"ဒါဆို ငါ့နောက်လိုက်ခဲ့... သူတို့မမြင်အောင် နောက်ဘက်လမ်းက ငါ ခေါ်သွားမယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"ထွက်ပြေးရမှာလား"

ဟု မေးလိုက်၏။

အဘိုးအိုက....

"ဒါပေါ့... မင်းက ထွက်မပြေးချင်ဘူးလား"

လူငယ်က....

"မပြေးချင်တော့ဘူး"

အဘိုးအိုက....

"ဘာဖြစ်လို့လဲ"

လူငယ်က....

"ထွက်ပြေးရလွန်းလို့ မောနေပြီ... ဒီတစ်ခါထွက်ပြေးပြီးရင် နောက်တစ်ခါလည်း ထွက်ပြေးရဦးမှာပဲ"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"ထွက်မပြေးလို့ မင်းရဲ့ပြဿနာကို မင်းကရှင်းနိုင်လို့လား"

ဟု မေးလိုက်၏။

လူငယ်က....



"ထွက်ပြေးလို့ကော ပြဿနာက ရှင်းသွားမှာလား"

ဟု ပြန်မေးလိုက်၏။ လူငယ်၏စကားကြောင့် အဘိုးအိုသည် မျက်လုံးပြူးကာ ....

"မင်း ကိုယ်တိုင် ဘာဖြစ်မှန်းမသိတဲ့ဟာ ဘယ်တော့မှ ပြဿနာကို ရှင်းလို့ရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ပြဿနာကို ရှင်းလို့ရတဲ့ နည်းတစ်နည်းတော့ရှိတယ်"

ဟု ပြောလိုက်၏။

အဘိုးအိုက မျက်ခုံးပင့်ကာ....

"ဘယ်နည်းလဲ"

ဟု မေးလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ကျွန်တော် သေသွားရင် ဒီပြဿနာက ဘာမှဆက်ဖြစ်မှာ မဟုတ်တော့ဘူး"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ

ချစ်ကူ

လူငယ်၏စကားကြောင့် အဘိုးအိုသည် မျက်လုံးပြူးသွားပြီး....

"မင်းက သေချင်နေလို့လား"

ဟု မေးလိုက်၏။

လူငယ်က....

"မသေချင်ပါဘူး... ဒါပေမယ့်...."

အဘိုးအိုက မျက်မှောင်ကြုတ်ကာ....

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ဒါပေမယ့် ပြဿနာက ရှင်းလို့ရမှာမှ မဟုတ်တာ"

ဟု ပြောလိုက်၏။

အဘိုးအိုက....

"ဒီမှာ လောကပေါ်မှာ အဖြေမရှိတဲ့ပုစ္ဆာမရှိဘူး... အဖြေရှာမတွေ့သေးခင်မှာ ခက်ခဲနေတာ"

ဟု ပြောလိုက်၏။

အဘိုးအို၏စကားကြောင့် လူငယ်သည် တွေဝေ၍သွား၏။

ပြီးမှ လူငယ်သည် သက်ပြင်းချကာ....

"ကောင်းပြီ... ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ"

ဟု မေးလိုက်၏။

အဘိုးအိုက....

"အဖြေရှာမတွေ့ခင် မင်းက လွတ်အောင်ထွက်ပြေးပြီး ပုန်းနေပေါ့"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချကာ....



"ကောင်းတယ်...ဒီအကြံကောင်းတယ်"

ဟု ပြောလိုက်၏။

သို့သော် သူသည် ထွက်မပြေးဖြစ်ပါ။

အကြောင်းမှာ အဆောက်အဦထဲသို့ လူ(၃)ယောက် ဝင်လာသောကြောင့်ဖြစ်သည် မဟုတ်ပါလား။

❀ ❀ ❀

လူ(၃)ယောက်....။

ယောကျ်ား(၂)ယောက်၊ မိန်းမတစ်ယောက်....။

မိန်းမက အသက်(၄၀)ကျော် အမျိုးသမီးဖြစ်၏။

ထိုအမျိုးသမီးကြီးကို လူငယ်က ကောင်းစွာသိ၏။

အကြောင်းမှာ ထိုအမျိုးသမီးကြီးသည် ယို့တင်၏မိခင်ပင် ဖြစ်သည် မဟုတ်ပါလား။

ယို့တင်၏မိခင်က လူငယ်ကို စူးစိုက်ကြည့်လိုက်ပြီး....

"မင်းက ငါ့ကို မှတ်မိလား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"မှတ်မိပါတယ်...."

ဟု ပြောလိုက်၏။

ပြီးမှ လူငယ်သည် ဦးခေါင်းငုံ့ကာ....

"ယို့တင်ကို ကျွန်တော် မသတ်ပါဘူး"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက....

"မင်းက မသတ်ရင် သူက ဘာဖြစ်လို့ သေရတာလဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ယို့တင်ကို ကျွန်တော်မသတ်တာ အမှန်ပါ... ယို့တင်ဟာ ကျွန်တော့်အပေါ် အလွန်ကောင်းတဲ့မိန်းကလေးပါ... သူ့ကို ကျွန်တော်က ဘာဖြစ်လို့ သတ်ရမှာလဲ"

ဟု မေးလိုက်၏။

အမျိုးသမီးကြီးက....

"မင်း ယောကျ်ားမဟုတ်ဘူးလား... လုပ်ရဲရင် ခံရဲရမှာပေါ့"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ကျွန်တော် သူ့ကိုမသတ်ရိုး အမှန်ပါ... သူဘာသာသူ သေသွားတာပါ"

ဟု ပြောလိုက်၏။

အမျိုးသမီးကြီးက....

"မင်းက မကောင်းဆိုးဝါးပဲ"

ဟု ပြောလိုက်၏။

ထိုစဉ် လူထွားကြီးတစ်ယောက်က....

"နေပါဦး... မင်းက ကျုပ်တို့ဂူတန်ဂိုဏ်းနဲ့ ဘာရန်ငြိုးရှိလို့လဲ"



ဟု မေးလိုက်၏။

လူငယ်က....

"ဘာရန်ငြိုးမှ မရှိပါဘူး"

ဟု ပြောလိုက်၏။

လူထွားကြီးက....

"ဒါဖြင့် လိမ်ကျူးကို ဘာဖြစ်လို့သတ်ရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်ကာ....

"လိမ်ကျူး... ဘယ်က လိမ်ကျူးလဲ... ကျွန်တော် မသိဘူး"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လူထွားကြီးသည် ဒေါသဖြစ်ကာ....

"မင်းက လူသတ်ရုံတင် မကဘူး... လိမ်လည်း လိမ်တတ်တယ်"

ဟု ပြောလိုက်၏။

လူငယ်က...

"ကျွန်တော် မသိမှ မသိတာ"

ဟု ပြောလိုက်၏။

လူထွားကြီးက....

"ရန်ကျူးမြို့မှာ မင်းသတ်လိုက်တဲ့လူကို မင်းက ဘာဖြစ်လို့မသိတာလဲ"

ဟု မေးလိုက်၏။

လူထွားကြီး၏စကားကြောင့် လူငယ်သည် တွေဝေ၍သွား

၏။

လူထွားကြီးက....

"ဒီမှာ မင်း ဘာမှလိမ်ညာပြောဖို့ စိတ်မကူးနဲ့ မင်းသတ်လိုက်တာလို့ မြင်တဲ့လူတွေ တစ်ပုံကြီးရှိတယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျုပ် မသတ်ဘူး"

ဟု အော်ဟစ်လိုက်၏။

ထိုစဉ် လူဝကြီးတစ်ယောက်က ရှေ့သို့ထွက်လာပြီး....

"ငါက ငိုမိဂိုဏ်းကပဲ... မင်းရဲ့သိုင်းပညာကို ကြည့်ရအောင်"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျုပ်... ကျုပ်က သိုင်းမှမတတ်တာ"

ဟု ပြောလိုက်၏။

လူဝကြီးက ရယ်မောလိုက်ပြီး....

"မင်းက ရယ်စရာပြောတာလား"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျုပ်က မှန်တာကိုပြောတာ.... ခင်ဗျားတို့က ဘာဖြစ်လို့မယုံရတာလဲ"

ဟု ပြောလိုက်၏။

လူဝကြီးက ရယ်မောရင်း....



"ဒီမှာ ကျူးရင်ဟာ ငါတို့ ငိုမိဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးပဲ... သူ့ရဲ့သိုင်းပညာဟာ ထိပ်တန်းအဆင့်ရှိတယ်... မင်းက သူ့ကိုသိုင်းကွက်တစ်ကွက်တည်းနဲ့ တိုက်ခိုက်လိုက်တာလို့ ကျုပ်ရဲ့လူတွေက ပြောတယ်"

ဟု ပြောလိုက်၏။

လူငယ်က စိတ်ရှုပ်ထွေးဟန်ဖြင့် ဦးခေါင်းခါယမ်းကာ....

"မဟုတ်ဘူး... ကျုပ် ဘယ်သူ့ကိုမှ မသတ်ဘူး"

ဟု အော်ဟစ်လိုက်၏။

လူဝကြီးက မဲပြုံးပြုံးလိုက်ပြီး ကြမ်းပေါ်မှမိန်းကလေးကိုညွှန်ပြကာ...

"သူ့ကိုရော မင်းက သတ်တာမဟုတ်ဘူးလို့ ငြင်းဦးမှာလား"

ဟု မေးလိုက်၏။

လူငယ်က ကြမ်းပြင်ပေါ်မှ မိန်းကလေးကိုကြည့်ကာ....

"သူ့ကိုလည်း ကျုပ် မသတ်ဘူး... ဘယ်သူ့ကိုမှလည်း ကျုပ် မသတ်ဘူး"

ဟု ပြောလိုက်၏။

လူထွားကြီးက....

"လူပူးလက်ကြပ်မိတာတောင် လိမ်ညာချင်သေးတယ်"

ဟု ပြောလိုက်၏။

လူဝကြီးက....

"သူ့ကိုမေးလို့ အပိုပဲ...."

ဟု ပြောလိုက်၏။

ယို့တင်၏အမေက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... သူက လိမ်ညာပြောနေမှာပဲ"

ဟု ဝင်၍ပြောလိုက်၏။

လူထွားကြီးက....

"နောက်ထပ်လူတွေ မသေရအောင် သူ့ကိုသတ်မှဖြစ်မယ်"

ဟု ပြောလိုက်၏။

လူဝကြီးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

ဟု ပြောလိုက်၏။

ထို့နောက် လူဝကြီးသည် လူငယ်၏ရှေ့၌ ရပ်တန့်လိုက်ပြီး....

"ကဲ... မင်းရဲ့သိုင်းကွက်ကို ထုတ်ပါ"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျုပ်က အမှန်အတိုင်းပြောတာ... ခင်ဗျားတို့မယုံလည်း မတတ်နိုင်ဘူး"

ဟု ပြောလိုက်၏။

လူဝကြီးက....

"အပိုစကားမပြောနဲ့... မင်းရဲ့သိုင်းကွက် ထုတ်ပါ"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ကောင်းပြီ... ခင်ဗျားတို့က ကျုပ်ကိုသတ်ချင်တယ်ဆိုလည်းသတ်... ကျုပ်ကလည်း သေချင်တယ်"



ဟု ပြောလိုက်၏။

လူဝကြီးက ရယ်မောလိုက်ပြီး....

"မင်းက အတော်ဟန်ဆောင်ကောင်းတယ်... စိတ်ချ... မင်းကို ငါကိုယ်တိုင် သတ်မယ်"

ဟု ပြောလိုက်၏။

ထို့နောက် လူဝကြီးသည် ရုတ်တရက် လက်ကိုဆန့်ထုတ်လိုက်ပြီး လူငယ်၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်လေတော့၏။

လူဝကြီးသည် ငိုမိဂိုဏ်းမှဖြစ်၏။

သူ့ကို သိုင်းလောကသားတိုင်းက 'သံမဏိလက်သီး' ဟုခေါ်ကြ၏။

အကြောင်းမှာ သူ၏လက်သီးသည် သံမဏိကဲ့သို့ မာကျောပြီး ကျွဲတစ်ကောင်ကို လက်သီးတစ်ချက်တည်းဖြင့် ဖင်ထိုင်ကျအောင် ထိုးနိုင်သူဖြစ်၏။

သူသည် လက်ကိုဆန့်တန်းပြီး လူငယ်၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်၏။ သူ၏လှုပ်ရှားမှုက အလွန်လျင်မြန်၏။

လူငယ်က ရှောင်တိမ်းခြင်းမပြုပါ။ လူငယ်သည် ငြိမ်သက်စွာ ရပ်နေ၏။

ထို့အပြင် လူငယ်သည် ခုခံကာကွယ်ခြင်းလည်း မရှိပါ။

သူသည် လူဝကြီးက သူ့ကိုလက်သီးဖြင့် ထိုးလိုက်သည်နှင့် မျက်လုံးကိုမှိတ်ထားလိုက်၏။

ထို့ကြောင့် လူဝကြီး၏လက်သီးက လူငယ်၏ရင်ဝကို တန်းတန်းမတ်မတ် ထိုးမိသွား၏။

'ဝုန်း'ဟူသော အသံပေါ်ထွက်လာပြီး နောက်သို့လွင့်စဉ်

သွား၏။

သို့သော် နောက်သို့လွင့်စဉ်သွားသူမှာ လူငယ်မဟုတ်ပါ။ လူဝကြီး ဖြစ်ပါသည်။

လူဝကြီးသည် လူငယ်၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် နောက်သို့လွင့်စဉ်သွားပြီး ကြမ်းပေါ်သို့ ခွေးကျ ဝက်ကျ ကျသွားလေတော့၏။

ထို့နောက် လူဝကြီးသည် ကြမ်းပေါ်မှ လူးလိမ့်ထလာပြီး လူငယ်ကို ထိတ်လန့်တကြားကြည့်လိုက်၏။

ထို့နောက် လူဝကြီးသည် 'အား' ဟု စူးရှစွာ အော်ဟစ်လိုက်ပြီး ကြမ်းပေါ်သို့လဲကျသေဆုံးသွားလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

တိတ်ဆိတ်ငြိမ်သက်နေ၏။

ပုရွက်ဆိတ်တစ်ကောင်၏ခြေသံကို ကြားရလောက်အောင်ပင် အခန်းထဲ၌ တိတ်ဆိတ်ငြိမ်သက်သွား၏။ လှုပ်ရှားမှုမရှိပါ။

အခန်းထဲမှ လူတိုင်းသည် ငြိမ်သက်စွာ ရပ်နေ၏။

သူတို့၏မျက်လုံးများက လူငယ်ကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေ၏။

လူငယ်သည် လဲကျသေဆုံးသွားသောလူဝကြီးကို အံ့ဩသော မျက်လုံးများဖြင့် ကြည့်နေ၏။



ပြီးမှ သူသည် မိမိကို မျက်လုံးပြူး၍ ကြည့်နေသောလူများကို ကြည့်ကာ....

"ကျုပ်... ကျုပ် သူ့ကိုသတ်တာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

အဖြူရောင်ဝတ်ဆင်ထားသောအဘိုးအိုက အခန်းထဲမှ လူများကို လက်နှစ်ဖက်ဆုပ်၍ ဦးညွတ်လိုက်ပြီး....

"ကျုပ်ရဲ့နာမည်က လျှံဖုန်းပါ"

ဟု ပြောလိုက်၏။

အဘိုးအို၏စကားကြောင့် အခန်းထဲမှ လူများသည် မှင်တက်မိနေရာမှ သတိပြန်ဝင်လာပြီး အဘိုးအိုကို လှမ်းကြည့်လိုက်၏။

ဂူတန်ဂိုဏ်းမှ လူထွားကြီးက အဘိုးအိုကို အံ့ဩဟန်ဖြင့် ကြည့်ကာ....

"ပထမဓား လျှံဖုန်းလား"

ဟု မေးလိုက်၏။

အဘိုးအိုက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

လူထွားကြီးက ကပျာကယာ လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုရင်း....

"ကျုပ်က ဂူတန်ဂိုဏ်းက လက်ဝဲရံ ထိုက်ပေ့ပါ.. ဆရာကြီးမှန်းမသိလို့ ဂါရဝပြုမိတာ ခွင့်လွှတ်ပါ"

ဟု ပြောလိုက်၏။

လျှံဖုန်းက လက်ကာပြကာ....

"ကိစ္စမရှိပါဘူး"

ဟု ပြောလိုက်၏။

လူထွားကြီးက....

"ဆရာကြီးက သူနဲ့ ဘယ်လိုပတ်သက်လို့လဲ"

ဟု မေးလိုက်၏။

လှုံဖုန်းက....

"ကျုပ်နဲ့ သူနဲ့ဘယ်လိုမှ မပတ်သက်ပါဘူး"

ဟု ပြောလိုက်၏။

လူထွားကြီးက ဦးခေါင်းကိုခါယမ်းလိုက်ပြီး....

"သူက ကျုပ်တို့ဂိုဏ်းကလူကို သတ်ခဲ့တယ်"

ဟု ပြောလိုက်၏။

လှုံဖုန်းက ပြုံးလိုက်ပြီး လူဝကြီးကို မေးငေါ့ပြကာ....

"သူက သံမဏိလက်သီးကို ဘယ်လိုသတ်လိုက်တာလဲ"

ဟု မေးလိုက်၏။

လှုံဖုန်း၏စကားကြောင့် လူထွားကြီး ထိုက်ပေ့သည် ကြောင်အမ်းအမ်း ဖြစ်ကာ....

"ခင်ဗျာ...."

ဟု ရေရွတ်လိုက်မိ၏။

လှုံဖုန်းက ပြုံး၍....

"လူငယ်က သံမဏိလက်သီးကို တိုက်ခိုက်လိုက်တာ မင်း မြင်လိုက်လား"

ဟု ထပ်၍မေးလိုက်၏။

လူထွားကြီးထိုက်ပေ့က ဦးခေါင်းခါယမ်းကာ....



"မမြင်လိုက်ဘူး"

ဟု ပြောလိုက်၏။

လှုံဖုန်းက....

"ဒါဆို သူက သတ်လိုက်တာ ဖြစ်နိုင်ပါ့မလား"

ဟု မေးလိုက်၏။

လူထွားကြီးထိုက်ပေ့က....

"ဒါပေမယ့် သံမဏိလက်သီးက သေသွားပြီ"

ဟု ပြောလိုက်၏။

လှုံဖုန်းက....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

လှုံဖုန်း၏စကားကို ထိုက်ပေ့က အဖြေမပေးနိုင်ပါ။ ထို့ကြောင့် သူသည် ပါးစပ်ကိုပိတ်ထားလိုက်၏။

လှုံဖုန်းက ပြုံးလိုက်ပြီး....

"သူပြောတာ မှန်တယ်... သူက သတ်တာ မဟုတ်ဘူး... ဒါပေမယ့် လူတွေသေခဲ့ရတယ်... ဘာဖြစ်လို့လဲ"

ဟု ပြောလိုက်၏။

အခန်းထဲမှလူများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

လှုံဖုန်းက ပြုံး၍....

"အခု မင်းတို့အမြင်ပဲ... သံမဏိလက်သီးက သူ့ကိုတိုက် ခိုက်လိုက်တယ်... သူက ဘာမှပြန်မလုပ်လိုက်ဘူး... ဒါပေမယ့် သံမ ဏိလက်သီး သေသွားတယ်... ဒါဟာ အကြောင်းတစ်ခုခု ရှိရမယ်"

ဟု ပြောလိုက်၏။

ထိုက်ပေ့က....

"ဘယ်လိုအကြောင်းလဲ"

ဟု မေးလိုက်၏။

လှျံဖုန်းက....

"ဒါတော့ ကျုပ် မသိဘူး"

ဟု ပြောလိုက်၏။

ထိုက်ပေ့က လူငယ်ကိုညွှန်ပြကာ....

"သူက သိရမှာပေါ့"

ဟု ပြောလိုက်၏။

လှျံဖုန်းက ပြုံး၍....

"သူက ဘာမှသိမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ထိုက်ပေ့က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ သူ့ကို သွေးကြွေးပြန်ဆပ်ရမှာပဲ"

ဟု ပြောလိုက်၏။

လှျံဖုန်းက....

"ဒါဆို မင်းက ဘာမှန်းမသိလိုက်ဘဲ သေသွားမှာပေါ့"

ဟု ပြောလိုက်၏။

ထိုက်ပေ့က....

"သေကာမှ သေရောပဲ... ကျုပ်က သေသွားတဲ့လူတွေအတွက် လက်တုန့်ပြန်မပေးရင် သေသွားတဲ့လူရဲ့ဝိဉာဉ်က ကျုပ်ကို



စိတ်ဆိုးမှာပေါ့"

ဟု ပြောလိုက်၏။

လှျံဖုန်းက ပြုံး၍....

"သေသွားတဲ့လူရဲ့ ဝိဉာဉ်ကို ကျုပ်ကတောင်းပန်ပေးပါ့မယ်... အခုတော့ ကျုပ်ကိုအခွင့်အရေးတစ်ခု ပေးပါ"

ဟု ပြောလိုက်၏။

လှျံဖုန်း၏စကားကြောင့် ထိုက်ပေ့သည် မျက်မှောင်ကြုတ်သွားပြီး....

"ဘယ်လိုအခွင့်အရေးလဲ"

ဟု မေးလိုက်၏။

လှျံဖုန်းက ပြုံးလိုက်ပြီး....

"သူ့ကိစ္စကို ကျုပ်က တာဝန်ယူပြီး ဖြစ်ရပ်မှန်ကို စုံစမ်းပါ့မယ်... သူ့ကို ကျုပ်ဆီမှာ ထားခဲ့ပါ"

ဟု ပြောလိုက်၏။

လှျံဖုန်း၏စကားကြောင့် အခန်းထဲမှလူများသည် တွေဝေ၍သွား၏။

အတန်ကြာမှ လူထွားကြီးထိုက်ပေ့က....

"ကောင်းပါပြီ... သူနဲ့ပတ်သက်ပြီး ဆရာကြီးက တာဝန်ယူစုံစမ်းပေးမယ်ဆိုရင် ကျုပ်တို့ကန့်ကွက်ဖို့ မရှိပါဘူး"

ဟု ပြောလိုက်၏။

လှျံဖုန်းက ပြုံး၍....

"ကျုပ်ကို အခုလို အခွင့်အရေးပေးတာ ကျေးဇူးတင်ပါတယ်... ခင်ဗျားတို့လည်း ပင်ပန်းနေပါပြီ... ပြန်ပြီး အနားယူကြပါ

တော့"

ဟု ပြောလိုက်၏။

လှုံဖုန်း၏စကားအဆုံးတွင် အခန်းထဲမှလူများသည် လှုံဖုန်းကို ဂါရဝပြုနှုတ်ဆက်ပြီး အသီးသီးပြန်သွားကြလေတော့၏။

ယခု အခန်းထဲ၌ လူ(၄)ယောက်သာ ကျန်ခဲ့၏။

လူနှစ်ယောက်က မတ်တတ်ရပ်နေ၏။ လူနှစ်ယောက်က ကြမ်းပေါ်၌ လဲကျနေ၏။

မတ်တတ်ရပ်နေသောလူနှစ်ယောက်သည် လှုံဖုန်းနှင့်လူငယ်ဖြစ်၏။

လှုံဖုန်းက ကြမ်းပေါ်မှ မိန်းကလေးနှင့် သံမဏိလက်သီးတို့ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"ကိုင်း... သူငယ်... ဒီအလောင်းတွေကို မင်းနဲ့ငါကပဲ သင်္ဂြိုလ်ရလိမ့်မယ် ထင်တယ်"

ဟု ပြောလိုက်လေတော့သည်မဟုတ်ပါလား။

☫ ☫ ☫

မိန်းကလေးနှင့် သံမဏိလက်သီးတို့ကို မြေမြှုပ်သင်္ဂြိုလ်ပြီးချိန်၌ အာရုဏ်ဦး၏ ရောင်ခြည်ပေါ်ထွက်လာပြီ ဖြစ်၏။

လှုံဖုန်းသည် အရှေ့ဘက်မှ ထွက်ပြူစ နေဝန်းကိုကြည့်ရင်း....



"မင်းရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်၏။

လှုံဖုန်း၏အမေးကြောင့် လူငယ်၏မျက်နှာသည် ဝမ်းနည်းကြေကွဲဟန် ဖြစ်ပေါ်လာပြီး....

"ကျွန်... ကျွန်တော်မှာ နာမည်မရှိပါဘူး"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လှုံဖုန်းသည် အံ့သြသွားပြီး....

"မင်းမှာ နာမည်မရှိဘူး ဟုတ်လား"

ဟု သေချာစေရန် ထပ်၍ မေးလိုက်၏။

လူငယ်က....

"ဟုတ်ပါတယ်...."

ဟု ဖြေလိုက်၏။

လှုံဖုန်းက....

"ကောင်းပြီ... မင်းအမေက မင်းကို ဘယ်လိုခေါ်လဲ"

"ကောင်လေးလို့ ခေါ်ပါတယ်... ဒေါသဖြစ်တဲ့အခါ ခွေးကောင်လို့ခေါ်ပါတယ်"

ဟု ပြောလိုက်၏။

လှုံဖုန်းက....

"ဒါဆို... မင်းကို မင်းရဲ့ သူငယ်ချင်းတွေက ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"အရူးလို့ ခေါ်တယ်... တစ်ခါတစ်ခါ ဂျပိုးလို့ခေါ်ပါတယ်"

ဟု ပြောလိုက်၏။

လှိုဖုန်းက သက်ပြင်းချလိုက်ပြီး....

"မင်းက ဘယ်မှာနေတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"မေတ္တာတောင်ကြားမှာ နေပါတယ်"

ဟု ပြောလိုက်၏။ လူငယ်၏စကားကြောင့် လှိုဖုန်းသည် မျက်မှောင်ကြုတ်သွား၏။

တစ်ဆက်တည်းမှာပင် ထိုလူငယ်ကို ရင်းနှီးနေသကဲ့သို့ ခံစားလိုက်ရ၏။

လှိုဖုန်းသည် လူငယ်ကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး....

"မင်းရဲ့အမေက ဘယ်သူလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ခင်ဗျာ...."

ဟု အံ့ဩဟန်ဖြင့် လှိုဖုန်းကိုကြည့်လိုက်၏။

လှိုဖုန်းက....

"မင်းအမေရဲ့နာမည်က ဘယ်လိုခေါ်လဲ"

ဟု ထပ်၍ မေးလိုက်၏။

လူငယ်က....

"မသိဘူး...."

ဟု ပြောလိုက်၏။



လူငယ်၏စကားကြောင့် လှိုဖုန်းသည် အံ့ဩသွားပြီး....

"ဟေ.... မင်းက ဘာဖြစ်လို့ ကိုယ့်အမေနာမည်ကိုတောင် မသိရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က သက်ပြင်းချကာ....

"ကျွန်တော်က သူ့ကို အမေလို့ပဲ ခေါ်ပါတယ်"

ဟု ပြောလိုက်၏။

လှိုဖုန်းက လက်ကာပြရင်း....

"ကောင်းပြီ.... ထားပါတော့ ဒါနဲ့ မင်းအမေကို တစ်ခြားလူတွေက ဘယ်လိုခေါ်ကြလဲ"

"တချို့က သခင်မလေးလို့ခေါ်တယ်... တချို့က အစ်မကြီးလို့ခေါ်တယ်... တချို့က အမေရှေ့မှာတော့ မခေါ်ဘူး... အမေ့နောက်ကွယ်မှာ ရုပ်ဆိုးမလို့ ပြောကြတယ်"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လှိုဖုန်း၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားပြီး....

"ဘာ... ရုပ်ဆိုးမလို့ ခေါ်တယ်ဟုတ်လား"

ဟု မေးလိုက်၏။

လူငယ်က....

"ဟုတ်ပါတယ်... ဒါပေမယ့် ဘယ်သူမှ မေမေ့ရဲ့ရှေ့မှာ အဲဒီလိုမခေါ်ဘူး... မေမေ့ရဲ့ကွယ်ရာမှာသာ ခေါ်တာပါ"

ဟု ပြောလိုက်၏။

လှိုဖုန်းက မျက်မှောင်ကြုတ်ကာ....

"ဒါဆို မင်းရဲ့အမေက အရုပ်ဆိုးလို့လား"
ဟု မေးလိုက်၏။
လူငယ်က ဦးခေါင်းညိတ်ကာ.....
"ဟုတ်ပါတယ်...."
လှုံဖုန်းက ပြုံးလိုက်ပြီး....
"ဒါပေမယ့် မင်းက အရုပ်မဆိုးဘူး"
ဟု ပြောလိုက်၏။ လူငယ်က ဘာမှပြန်မပြောပါ။
လှုံဖုန်းက....
"ဒါနဲ့ မင်းရဲ့အဖေက ဘယ်သူလဲ"
ဟု မေးလိုက်၏။
လူငယ်က ဦးခေါင်းခါယမ်းကာ...
"မသိဘူး...."
ဟု ပြောလိုက်၏။
လူငယ်၏စကားကြောင့် လှုံဖုန်းသည် မျက်မှောင်ကြုတ်သွားပြီး....
"ဘာဖြစ်လို့လဲ"
"ကျွန်တော့်မှာ အမေပဲရှိတယ်... အဖေမရှိဘူး"
ဟု ပြောလိုက်၏။
လှုံဖုန်းက မျက်မှောင်ကြုတ်ကာ....
"အဖေရှိရမှာပေါ့... သေသွားလို့လား"
ဟု မေးလိုက်၏။
လူငယ်က ဦးခေါင်းခါယမ်းကာ....
"မသိဘူး...."



လှုံဖုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး....
"မင်းအမေက မင်းရဲ့အဖေအကြောင်းကို ပြောမပြဘူးလား"
ဟု မေးလိုက်၏။
လူငယ်က ဦးခေါင်းခါယမ်းကာ...
"မပြောပြဘူး...."
လှုံဖုန်းက မျက်မှောင်ကြုတ်ရင်း....
"မင်းကရော မေးမကြည့်ဘူးလား"
"မေးကြည့်ပါတယ်"
လှုံဖုန်းက....
"ဒါဖြင့် မင်းက ဘာဖြစ်လို့ မသိရတာလဲ"
ဟု မေးလိုက်၏။
လူငယ်က....
"အမေက ပြောမှမပြတာ..."
ဟု ပြန်ပြောလိုက်၏။
လှုံဖုန်းက သက်ပြင်းချလိုက်ပြီး....
"မင်းအမေရဲ့ ယာဘက်နဖူးမှာ ပဲစေ့လောက်ရှိတဲ့ မှဲ့နီတစ်လုံးရှိလား"
ဟု မေးလိုက်၏။ လှုံဖုန်း၏စကားကြောင့် လူငယ်သည် လှုံဖုန်းကို အံ့သြသောမျက်လုံးများဖြင့် ကြည့်လိုက်မိ၏။
အတန်ကြာမှ လှုံဖုန်းသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....
"အဘိုးက အမေ့ကို သိလို့လား"

ချစ်သူ

ဟု မေးလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

လျှံဖုန်းသည် အဝေးသို့ငေး၍ ကြည့်နေ၏။

လျှံဖုန်း၏မျက်နှာပေါ်၌ အမည်မဖော်ပြနိုင်သောခံစားမှု အရိပ်အရောင်များ ဖြစ်ပေါ်နေ၏။

လူငယ်သည် အဝေးသို့ငေး၍ ကြည့်နေသောလျှံဖုန်းကို နား မလည်နိုင်အောင် အံ့သြသောမျက်လုံးများဖြင့် ကြည့်နေ၏။

သူတို့နှစ်ယောက်၏ကြား၌ တိတ်ဆိတ်မှုသည် ကြီးစိုးနေ၏။

အတန်ကြာမှ လျှံဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး လူငယ်ကို လှည့်ကြည့်လိုက်၏။

ပြီးမှ....

"မင်းရဲ့အမေကို ကျုပ် ကောင်းကောင်းသိပါတယ်"

ဟု ပြောလိုက်၏။ လျှံဖုန်း၏စကားကြောင့် လူငယ်သည် လျှံဖုန်းကို အလွန်အံ့ သြသော မျက်လုံးများဖြင့် ငေး၍ ကြည့်နေမိ၏။

လျှံဖုန်းက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီးမှ...

"မင်း အမေရဲ့နာမည်က ယုံဟွားမေလို့ခေါ်တယ်... သူဟာ လိပ်ပြာတောင်ကြားရဲ့သခင်မပဲ... သူ့ရဲ့သိုင်းပညာဟာ အလွန်ထက်



မြက်တယ်... သူ့ကိုသိုင်းလောကသားတွေက ရုပ်ဆိုးမလို့ ခေါ်ကြ တယ်"

ဟု ပြောလိုက်၏။

လူငယ်က အံ့သြဟန်ဖြင့်....

"အမေက သိုင်းသမားဟုတ်လား"

ဟု မေးလိုက်၏။

လျှံဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လူငယ်က သက်ပြင်းချလိုက်ပြီး....

"အမေက တစ်ခါမှ မပြောပြခဲ့ဘူး"

ဟု ပြောလိုက်၏။

လျှံဖုန်းက သက်ပြင်းချလိုက်ပြီး....

"အင်း... မင်းရဲ့အမေက အရုပ်ဆိုးပေမယ့် မင်းရဲ့အဖေက အလွန်ခန့်ညားပြီး ချောမောလှပတဲ့ လူတစ်ယောက်ပဲ... သိုင်းလော ကသားတွေက မင်းအဖေကို ဒုတိယယောကျ်ားချော ကျန်းဖုန်းလို့ ခေါ်ကြတယ်"

ဟု ပြောလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်ကာ....

"အဘိုးက ကျွန်တော့် အဖေကိုလည်း သိတယ် ဟုတ်လား"

တအံ့တသြဖြင့် မေးလိုက်၏။

လျှံဖုန်းက ဦးခေါင်းညိတ်ကာ...

"သိတယ်... ကျုပ်က သူတို့နှစ်ယောက်လုံးကို သိတယ်"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ဒါဆို ကျွန်တော့်ကို ပြောပြပါလား"

ဟု ပြောလိုက်၏။

လှျံဖုန်းက....

"ငါက ဘာကိုပြောပြရမှာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော့်အဖေနဲ့ ကျွန်တော့်ရဲ့အမေကြောင်းပေါ့"

ဟု ပြောလိုက်၏။

လှျံဖုန်းက သက်ပြင်းချလိုက်ပြီး....

"မင်း အဖေရဲ့နာမည်က လုံကျန်းလို့ခေါ်တယ်၊ သိုင်းလောကမှာ ပထမဓားဘွဲ့ရလိမ့်လို့ လူတိုင်းက ထင်ကြေးပေးထားတဲ့ သိုင်းသမားတစ်ယောက်ပဲ... ပြီးတော့ သူ့ရဲ့ရုပ်ရည်က ပြိုင်ဘက်ကင်းတဲ့ ခန့်ညားပြီး ချောမောတယ်... ဒါကြောင့် သူ့ကို ဒုတိယယောကျ်ားချောကျန်းဖုန်းလို့ သိုင်းလောကသားတွေ ခေါ်ကြတယ်"

ဟု ပြောလိုက်၏။

လူငယ်က ဘာမှဝင်မပြောပါ။ သူသည် စိတ်ဝင်စားစွာ နားထောင်နေ၏။

လှျံဖုန်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"မင်း အဖေလုံကျန်းဟာ ရုပ်ရည်လည်း ချောတယ်... ဥစ္စာလည်း ပေါတယ်... ပြီးတော့ သိုင်းလောသားတိုင်းက သူ့ကို ပထမဓားဘွဲ့ရမယ်လို့ ထင်မှတ်ထားကြတယ်... ဒါကြောင့် မိန်းကလေးတွေရဲ့ကြားမှာ မင်းအဖေဟာ အတော်ပဲ စန်းပွင့်ခဲ့တယ်"



ဟု ပြောလိုက်၏။လူငယ်က ငြိမ်သက်စွာ နားထောင်နေ၏။

လှျံဖုန်းက....

"အထူးသဖြင့် လိပ်ပြာတောင်ကြားက ညီအစ်မ(၃)ဖော်ဟာ မင်းအဖေကို အလွန်ပဲ သဘောကျခဲ့တယ်၊ အဲဒီလိပ်ပြာတောင်ကြားက ညီအစ်မ(၃)ဖော်ထဲမှာ မင်းအမေက အတော်အရုပ်ဆိုးတယ်... ဒါပေမယ့် ဖူးစာပဲဆိုပါတော့... မင်းအဖေဟာ မင်းအမေကို နှစ်သက်ခဲ့တယ်"

"တစ်နေ့တော့ လိပ်ပြာတောင်ကြားက ပထမသခင်မလေးဟာ မင်းအဖေနဲ့မင်းအမေ မေတ္တာမျှနေတယ်ဆိုတာကိုသိတော့ အကြီးအကျယ်ဒေါပွခဲ့တယ်... ပြီးတော့ သူဟာ အငြိုးထားပြီး မင်းအဖေကို လုပ်ကြံလိုက်တယ်... တစ်ချိန်တည်းမှာပဲ ဒုတိယသခင်မလေးဖြစ်တဲ့ မင်းအမေဟာ ရုတ်တရက် ပျောက်ကွယ်သွားခဲ့တယ်"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ဒီကိစ္စတွေကို အဘိုးက ဘယ်လိုသိတာလဲ"

ဟု မေးလိုက်၏။

လှျံဖုန်းက ပြုံးလိုက်ပြီး....

"အမှန်ပြောရရင်... လိပ်ပြာတောင်ကြားက ပထမသခင်မလေးဟာ မင်းအမေကို ဖမ်းချုပ်ထားခဲ့တယ်... ဒါပေမယ့် မင်းအမေက တိုက်ခိုက်ပြီး လိပ်ပြာတောင်ကြားက ထွက်ပြေးလာခဲ့တယ်... သူကိုယ်ပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်မနည်းဘူး"

ဟု ပြောလိုက်၏။ လူငယ်က သက်ပြင်းချလိုက်၏။

လှျံဖုန်းက....

"ပထမသခင်မကလည်း မင်း အမေကိုသတ်ဖို့ သူ့ရဲ့လူတွေကို လွှတ်လိုက်တယ်"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းလိုက်ပြီး....

"ညီအစ်မ အရင်းတွေပဲ... ဘာဖြစ်လို့ ဒီလောက်တောင် အငြိုးကြီးရတာလဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံးလိုက်ပြီး....

"မိန်းမတွေရဲ့စိတ်ဟာ ခန့်မှန်းရအခက်သားပဲ... အဲ... အချစ်နဲ့ ပတ်သက်လာရင် ပိုပြီးတော့တောင် ခန့်မှန်းရခက်သေးတယ်"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချကာ....

"သူ့ဖူးစာပါလို့ ဖြစ်တာပဲ... ဒီလောက် အငြိုးအတေးထားဖို့ မသင့်ပါဘူး"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"မိန်းမတွေဟာ ချစ်ပြီဆိုရင်လည်း အရူးအမူးပဲ... မုန်းပြီဆိုရင်လည်း မလွယ်တော့ဘူး"

ဟု ပြောလိုက်၏။

လူငယ်က....

"ထားပါတော့... ဆက်ပြောပါဦး"

ဟုပြောလိုက်၏။

လျှံဖုန်းက....



"မင်းအမေဟာ ထွက်ပြေးလာရင်းနဲ့ လမ်းမှာ ငါနဲ့တွေ့တာပဲ... အဲဒီအချိန်မှာ မင်းအမေရဲ့ဒဏ်ရာက သွေးထွက်လွန်ပြီး မေ့မျောလုနီးပါးဖြစ်နေပြီ... ဒါနဲ့ငါကလည်း ငါနေတဲ့ လိုဏ်ဂူထဲခေါ်သွားပြီး ကုသပေးခဲ့ရတယ်"

ဟု ပြောလိုက်၏။

လူငယ်သည် ယခုမှ ဇာတ်ရည်လည်သွားဟန်ဖြင့်....

"သြော်... ဒါကြောင့် အဘိုးက အမေ့အကြောင်းကို သိနေတာကို"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဒါပေါ့ကွာ... မင်းအမေက နေကောင်းလာတော့ သူ့ရဲ့အဖြစ်အပျက်ကို ပြောပြခဲ့တာ... ဒါနဲ့နောက်ဆုံးတော့ မင်းအမေဟာ ဘယ်သူမှ မသိနိုင်တဲ့မေတ္တာတောင်ကြားကို ထွက်သွားခဲ့တယ်... အင်း... မင်းကို အဲဒီမှာမွေးတာပဲ ဖြစ်မယ်"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်လိုက်ပြီး....

"အင်း... အမေက အတော်ပင်ပန်းခဲ့မှာပဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဒါပေါ့...."

လူငယ်က....

"ဒါပေမယ့် အမေက ကျွန်တော့်ကို မချစ်ဘူး"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လျှံဖုန်းသည် မျက်မှောင်ကြုတ်ကာ....

"မင်း အမေက မင်းကိုမချစ်ဘူး ဟုတ်လား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... အမေက ကျွန်တော့်ကို သူ့အနား အကပ်မခံဘူး... ပြီးတော့ ကျွန်တော့်ကို အမြဲတမ်းကြိမ်းမောင်းတယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက မျက်ခုံးပင့်ကာ....

"ကိုယ့်သားသမီးကိုမချစ်တဲ့ မိခင်ရှိပါ့မလား"

ဟု ပြောလိုက်၏။ လူငယ်က ဘာမျှပြန်မပြောပါ။

သူသည် သက်ပြင်းချလိုက်ပြီး....

"အမေက ကျွန်တော့်ကိုချစ်ရင် သားလေးလို့ခေါ်မယ်... ဒါမှမဟုတ် နာမည်ခေါ်မယ်... အခုတော့ ကျွန်တော့်ကို ကောင်လေးလို့ ခေါ်တယ်... ခွေးကောင်လို့ခေါ်တယ်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ᅟ ᅟ ᅟ

မိုးစင်စင် လင်းနေပြီဖြစ်၏။

အဘိုးအိုသည် နံနက်စာကို ချက်ပြုတ်ရင်း....



"သူငယ်... မင်းအမေက မင်းကိုမချစ်ဘူးလို့ မင်းက ထင်နေလား"

ဟု မေးလိုက်၏။

လူငယ်က အပြင်သို့ငေးမောကြည့်ရင်း....

"အမေက ကျွန်တော့်ကို မချစ်ပါဘူး"

ဟု ပြောလိုက်၏။

အဘိုးအိုလျှံဖုန်းက ပြုံးလိုက်ပြီး....

"ကျုပ်က ဗေဒင်နက္ခတ်ပညာကို တော်တော်လေး လေ့လာ လိုက်စားခဲ့တယ်... လူတစ်ယောက် ရဲ့အင်္ဂါရုပ်ကိုကြည့်လိုက်တာနဲ့ ရှေ့ဘာဖြစ်မယ်ဆိုတာကို ပြောနိုင်တယ်"

ဟု ပြောလိုက်၏။ လူငယ်က ဘာမျှပြန်မပြောပါ။ သူသည် အဝေးသို့သာ ငေးကြည့်နေ၏။

လျှံဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မေတ္တာတောင်ကြားကို ငါ တစ်ခေါက်ရောက်ခဲ့တယ်... မင်း(၅)နှစ်သား အရွယ်ဖြစ်မယ်... မင်းအမေက မင်းကိုသိပ်ပြီး ချစ်တယ်... မင်းက မင်းအဖေနဲ့ အတော်တူတယ်လို့ မင်းအမေက ပြောတယ်... ဒါနဲ့ ငါက မင်းရဲ့မွေးတဲ့ရက် မွေးတဲ့အချိန်ကိုမေးပြီး ဗေဒင်တွက်ကြည့်ခဲ့တယ်"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး လျှံဖုန်းကိုကြည့်လိုက်၏။

လျှံဖုန်းက နံနက်စာကို ခွက်ထဲထည့်ပြီး လူငယ်ကိုတစ်ခွက် လှမ်းပေးလိုက်၏။

သူကိုယ်တိုင်လည်း တစ်ခွက်ခပ်ထည့်လိုက်၏။ ပြီးမှ....

ချစ်သူ

"အဲဒီလို ဗေဒင်တွက်ကြည့်လိုက်တော့ မင်းအမေဟာ မင်းရဲ့လက်ချက်နဲ့ သေလိမ့်မယ်ဆိုတာ တွေ့ရတယ်... ဒါကြောင့် (၇) နှစ်အရွယ်ကစပြီး (၁၀)နှစ်အရွယ်အတွင်း မင်းနဲ့ ခပ်ဝေးဝေးနေဖို့ အကြံပေးခဲ့တယ်"

ဟု ပြောလိုက်၏။ လူငယ်က မျက်မှောင်ကြုတ်ကာ လှုံ့ဖုန်းကို ကြည့်လိုက်၏။

လှုံ့ဖုန်းက သက်ပြင်းချလိုက်ပြီး....

"ဗေဒင်ကိန်းခန်းအရ ဒီ(၃)နှစ်အတွင်း မင်းနဲ့ခပ်ဝေးဝေးနေရင် မင်းအမေ အသက်ရှင်နိုင်မယ်ဆိုပြီ ငါက အကြံပေးခဲ့တာ... ဒါကြောင့် မင်းအမေက မင်းကို မချစ်ဟန်ဆောင်ပြီး သူ့အနားမကပ်အောင် မောင်းထုတ်ခဲ့တာပါ"

ဟု ပြောလိုက်၏။ လူငယ်က ဘာမျှပြန်မပြောပါ။

လှုံ့ဖုန်းက သက်ပြင်းချကာ....

"မင်းအမေက မင်းကိုချစ်သလား မချစ်ဘူးလားဆိုတာ မင်းပြန်စဉ်းစားကြည့်ပါ... အဖြေပေါ်လာလိမ့်မယ်"

ဟု ပြောလိုက်၏။ လှုံ့ဖုန်း၏စကားကြောင့် လူငယ်သည် တွေဝေ၍သွား၏။

အတန်ကြာမှ သူသည် သက်ပြင်းချကာ....

"ဟုတ်တယ်... ကျွန်တော်(၈)နှစ်သားအရွယ်မှာ အမေဟာ ကျွန်တော့်ကို အကပ်မခံတော့ဘူး... ဒါကြောင့် ကျွန်တော်ဟာ တောထဲကိုသွားပြီး ငိုရတဲ့အကြိမ်ပေါင်း မနည်းတော့ဘူး"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....



"မင်း အမေက မင်းကိုမချစ်လို့ မဟုတ်ပါဘူး... အကြောင်းရှိလို့ပါ"

ဟု ပြောလိုက်၏။

လူငယ်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဘာပဲဖြစ်ဖြစ် အခု အမေသေသွားပြီပဲ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"သူက ကျုပ်ပြောသလိုမှ မနေနိုင်တာ... အဲဒါဘာဖြစ်လို့လဲ သိလား... မင်းကိုချစ်လို့ပေါ့"

ဟု ပြောလိုက်၏။

လူငယ်က နှုတ်ခမ်းကိုကိုက်ပြီးမှ....

"ဒီအကြောင်းကို အမေက ကျွန်တော့်ကိုပြောထားရင် အခုလိုဖြစ်မှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက ပြုံးလိုက်ပြီး....

"မင်းက နားလည်မှာလား"

ဟု မေးလိုက်၏။

လူငယ်က တစ်ချက်တွေဝေသွားပြီး....

"ဟုတ်ပါတယ်... ကျွန်တော့်ကိုပြောပြလည်း ကျွန်တော်က ဘာသိမှာလဲ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"သြော်... ဒါနဲ့စကားမစပ် မင်းအမေက မင်းကို သိုင်းသင်

ပေးထားလား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းကာ....

"ဟင့်အင်း...."

လျှံဖုန်းက....

"ဒါဖြင့် မင်းကိုဘယ်သူက သိုင်းသင်ပေးလဲ"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းကာ....

"ဘယ်သူမှ ကျွန်တော့်ကို သိုင်းမသင်ပေးပါဘူး"

ဟု ပြောလိုက်၏။

လျှံဖုန်းက မျက်မှောင်ကြုတ်ကာ....

"ဟုတ်ရဲ့လားကွ"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ငါ့ကို မညာနဲ့...."

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က ဘာဖြစ်လို့ ညာရမှာလဲ"

ဟု ပြန်ပြောလိုက်၏။

လျှံဖုန်းက....



"ဒါဖြင့် သူတို့က ဘာဖြစ်လို့သေသွားရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော် မသိဘူး... ကျွန်တော်ကတော့ ဘာမှမလုပ်ဘူး"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ထူးဆန်းတယ်... ဒါနဲ့ မင်းမေတ္တာတောင်ကြားက ထွက်လာတာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်၏။

လူငယ်က တစ်ချက်စဉ်းစားလိုက်ပြီး....

"နှစ်နှစ်... ဟုတ်တယ်... (၂)နှစ်လောက် ရှိပြီ"

ဟု ပြောလိုက်၏။

လျှံဖုန်းက မျက်မှောင်ကြုတ်ကာ....

"ဒီ (၂)နှစ်အတွင်း မင်းကြောင့် လူဘယ်နှစ်ယောက်လောက် သေသွားပြီလဲ"

ဟု မေးလိုက်၏။

လူငယ်က စဉ်းစားကာ....

"သေသေချာချာတော့ ကျွန်တော့်လည်း မမှတ်မိဘူး"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ခန့်မှန်းပြီး ပြောပေါ့ကွာ"

လူငယ်က....

ချစ်သူ

"အင်း... (၈)ယောက် (၉)ယောက်လောက် ရှိမယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"မင်း အမေ အပါအဝင်လား"

လူငယ်က....

"မဟုတ်ဘူး... မေတ္တာတောင်ကြားက ထွက်လာပြီးမှ...."

လှုံ့ဖုန်းက....

"ဒါဆို မေတ္တာတောင်ကြားမှာရော လူဘယ်နှစ်ယောက် သေခဲ့လဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော့်အမေရယ်... ယို့တင်ရယ် ပြီးတော့ ယို့တင်ရဲ့ ဦးလေးရယ်...."

လှုံ့ဖုန်းက....

"ဒါဆို(၃)ယောက်ပေါ့ ဟုတ်လား"

လူငယ်က....

"ဟုတ်ပါတယ်...."

လှုံ့ဖုန်းက သက်ပြင်းချလိုက်ပြီး....

"ညက လာတဲ့လူတွေထဲက မိန်းမကြီးတစ်ယောက်ကို မင်း သိလား"

ဟု မေးလိုက်၏။

လူငယ်က....

"ယို့တင်ရဲ့အမေကို ပြောတာလား"



ဟု ပြန်မေးလိုက်၏။

လှုံ့ဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ယို့တင်ဟာ ကျွန်တော့်အပေါ်မှာ အလွန်သဘောကောင်းတယ်... သူသေသွားတော့ ကျွန်တော်စိတ်မကောင်းဘူး"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"ယို့တင်ရဲ့အမေဟာ ဘယ်သူဆိုတာ မင်း သိလား"

ဟု မေးလိုက်၏။

လူငယ်က....

"မသိဘူး...."

လှုံ့ဖုန်းက....

"ယို့တင်ရဲ့အမေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)က သိုင်းလောကမှာ နာမည်ကျော်ကြားခဲ့တဲ့ ယို့သခင်မလေးပဲ... သူ့ရဲ့သြဇာအာဏာဟာ အခုအထိ သိုင်းလောကကို လွှမ်းမိုးနေဆဲပဲ"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချကာ....

"အဘိုးက ဘာကိုပြောချင်တာလဲ"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"တကယ်လို့ သူက မင်းကိုသတ်ဖို့ သိုင်းလောကကို ပြောလိုက်ရင် တစ်ခွန်းပဲ"

ဟု ပြောလိုက်၏။

လူငယ်က ပခုံးတစ်ချက်တွန့်ကာ....

"ဘာတတ်နိုင်မှာလည်း ကျွန်တော်လည်း အခုလို လူတကာက လူသတ်သမားလို့ စွပ်စွဲတာကို မခံနိုင်တော့ဘူး... သေသွားရင် အေးတာပဲ"

ဟု ပြောလိုက်၏။

လှျံဖုန်းက ဦးခေါင်းခါယမ်းလိုက်ပြီး မေးလိုက်၏။

"ညက သေသွားတဲ့မိန်းကလေးကို မှတ်မိတယ် မဟုတ်လား"

လူငယ်က....

"ဓားနှစ်လက်ဂိုဏ်းက မိန်းကလေးကိုပြောတာလား"

"ဟုတ်တယ်...."

"သူ့ကို တစ်ခါမှ မမြင်ဖူးဘူး... ဓားနှစ်လက်ဂိုဏ်းကဆိုတာတောင် အဘိုးပြောမှ သိတာ"

ဟု ပြောလိုက်၏။

လှျံဖုန်းက....

"ဒါဆို ဓားနှစ်လက်ဂိုဏ်းကိုရော သိလား"

ဟု မေးလိုက်၏။

လူငယ်က....

"မသိဘူး...."

လှျံဖုန်းက....

"ဓားနှစ်လက်ဂိုဏ်းဟာ ဒီနှစ်နှစ် သုံးနှစ်အတွင်း သိုင်းလောကမှာ နာမည်ကြီးလာတဲ့ဂိုဏ်းပဲ... အင်အားကလည်း အတော်



တောင့်တင်းတယ်... ပြီးတော့ ဂိုဏ်းချုပ်ကြီးဟာ အတော်မာနကြီးတယ်... မင်းက သူရဲ့သမီးကိုသတ်လိုက်တာကို သူက ကျေနပ်မှာမဟုတ်ဘူး... မင်းက ဘယ်လိုဖြေရှင်းမလဲ"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းကိုခါယမ်းကာ....

"ကျွန်တော်က ဘယ်လိုဖြေရှင်းရမှာလဲ... ကျွန်တော်ပြောတာကို ဘယ်သူက ယုံမှာလဲ"

ဟု ပြန်ပြောလိုက်၏။

လှျံဖုန်းက သက်ပြင်းချလိုက်ပြီး....

"မင်းရဲ့အမေက မင်းကိုသိုင်းပညာ သင်မပေးခဲ့ဘူးဆိုတာ အမှန်ပဲလား"

ဟု ထပ်၍မေးလိုက်၏။

လူငယ်က....

"အမှန်ပဲ... ကျွန်တော် လိမ်မပြောဘူး"

ဟု ပြောလိုက်၏။

လှျံဖုန်းက....

"ကောင်းပြီ... မေတ္တာတောင်ကြားက ထွက်လာပြီးတော့ လမ်းမှာ ဘယ်သူနဲ့တွေ့လဲ"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းကာ....

"ကျွန်တော်က ဘယ်သူနဲ့တွေ့ရမှာလဲ"

ဟု ပြန်မေးလိုက်၏။

လှျံစန်းက....

"ထူးထူးဆန်းဆန်းပုဂ္ဂိုလ်နဲ့ပေါ့"

ဟု ပြောလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်၍ စဉ်းစားရင်း....

"မတွေ့မိဘူး ထင်တာပဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံး၍....

"ငါပြောတာက မင်းနဲ့လမ်းမှာ တွေ့ပြီး မင်းကို သိုင်းပညာ သင်ပေးတဲ့လူကို ပြောတာ"

ဟု ပြောလိုက်၏။

လျှံဖုန်း၏စကားကြောင့် လူငယ်သည် **ဦးခေါင်းခါယမ်း** လိုက်ပြီး....

"အဘိုးက ကျွန်တော်သိုင်းပညာမတတ်ဘူးဆိုတာကို မယုံဘူးထင်တယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံးလိုက်ပြီး....

"မင်းကိုသိုင်းပညာမတတ်ဘူးလို့ ဘယ်သူက ယုံမှာလဲ"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချကာ....

"ဘာဖြစ်လို့လဲ"

လျှံဖုန်းက....

"မင်းကို လာတိုက်ခိုက်တဲ့လူတိုင်း သေသွားခဲ့တာကို"

ဟု ပြောလိုက်၏။

လူငယ်က....



"မှန်ပါတယ်... ဒါပေမယ့် ကျွန်တော်က သူတို့ကို ဘာမှ ပြန်မလုပ်ခဲ့ပါဘူး"

လျှံဖုန်းက သက်ပြင်းချကာ....

"မင်းပြောတာကို ငါယုံတယ်... မင်းကိုကြည့်ရတာ ရိုးသားတဲ့ သူငယ်တစ်ယောက်ပဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"အဘိုးက ကျွန်တော်ပြောတာကိုယုံတဲ့အတွက် ကျေးဇူး တင်ပါတယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"မင်း ပြောတာကို ကျုပ်က ယုံပေမယ့် တခြားလူတွေက ယုံမှာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။

လူငယ်က....

"မယုံလည်း ဘာတတ်နိုင်မှာလဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံးလိုက်ပြီး....

"မဟုတ်သေးဘူးလေ... ဘာကြောင့်ဆိုတာကို မင်းက ရှင်း ပြနိုင်အောင် ကြိုးစားရမှာပေါ့"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်ကိုယ်တိုင်က ဘာဖြစ်လို့ဖြစ်မှန်း မသိတာ

ဘယ်လိုလုပ်ပြီး ရှင်းပြနိုင်မှာလဲ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက ပြုံး၍....

"မဟုတ်သေးဘူး... မင်းအနေနဲ့ စဉ်းစားသင့်တယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က ဘာကိုစဉ်းစားရမှာလဲ"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက ပြုံးလိုက်ပြီး....

"ဒီလိုလေ... မင်းကြောင့် ပထမဆုံး မင်းအမေသေသွားရတယ် မဟုတ်လား"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လှုံ့ဖုန်းက....

"ကောင်းပြီ... အဲဒီမတိုင်ခင်မှာ ထူးခြားတဲ့ကိစ္စရှိ မရှိ မင်းက ပြန်ပြီး စဉ်းစားသင့်တယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"ဘယ်လိုထူးခြားတာလဲ"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"အဲဒီမတိုင်မီ မင်းက လူထူးလူဆန်းတစ်ယောက်နဲ့ တွေ့ပြီး



သူက မင်းကို သိုင်းပညာသင်ပေးတာမျိုးပေါ့"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းကာ....

"ဒါတော့ သေချာတယ် မရှိဘူး"

လှုံ့ဖုန်းက.....

"ကောင်းပြီ... ဒါဆိုရင် တစ်ခုခုကြောင့် ထူးထူးခြားခြားဖြစ်သွားတာမျိုးရောရှိလား"

ဟု မေးလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်ပြီး....

"မရှိဘူး...."

ဟု ပြောလိုက်၏။

ပြီးမှ သူသည် တစ်စုံတစ်ရာသတိရဟန်ဖြင့်....

"နေဦး... ကျွန်တော်... အတော်ကြာကြာ သတိမေ့သွားဖူးတယ်"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လှုံ့ဖုန်း၏မျက်လုံးများသည် ဝင်းလက်သွားပြီ....

"ဟုတ်ပြီ... ဘယ်လောက်ကြာကြာ သတိမေ့သွားတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"မမှတ်မိဘူး... တော်တော်ကြာလိမ့်မယ်"

လှုံ့ဖုန်းက....

"တစ်ရက်လား နှစ်ရက်လား တစ်ပတ်လား"

ဟု မေးလိုက်၏။

လူငယ်က...၊

"မသိဘူး... သတိရလာတော့ မိုးလင်းနေပြီ"

လျှံဖုန်းက.. .

"ဘယ်အချိန်လောက်မှာ သတိမေ့သွားတာလဲ"

လူငယ်က မျက်မှောင်ကြုတ်ရင်း....

"နေ့ခင်းဘက်လောက် ဖြစ်မယ်... ဟုတ်ပြီ အသီးစားတယ်.... ပြီးတော့ ရေသောက်တယ်... ပြီးတော့ မေ့သွားတယ်.. ဟုတ်တယ်... ဟုတ်တယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဟုတ်ပြီ... ငါ့ကိုဖြစ်ပျက်ပုံ ပြောပြစမ်းပါ"

ဟု ပြောလိုက်၏။

လူငယ်က စဉ်းစားလိုက်ပြီး....

"ဒီလိုပါ အမေက ကျွန်တော့်ကို မချစ်ဘူး... ပြီးတော့ သူ့အနားကို အကပ်မခံဘဲ မောင်းမောင်းထုတ်တယ်... ကြာတော့ ကျွန်တော်ဝမ်းနည်းလာတယ်... ဒါကြောင့် ကျွန်တော်ဟာ တောထဲတောင်ထဲ သွားသွားပြီး ငိုခဲ့ရတယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပြီ... ဆက်ပြောပါဦး"

လူငယ်က နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သပ်လိုက်ပြီး...

"တစ်နေ့တော့ ကျွန်တော်ဟာ အိမ်ကိုမပြန်တော့ဘူးဆိုပြီး



တောထဲမှာပဲ နေတယ်... ပြီးတော့ ဗိုက်ဆာတဲ့အခါ တောထဲက အသီးတွေခူးပြီး စားတယ်... ရေဆာရင် တောင်ကျစမ်းက ရေကို သောက်တယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပြီ... ဆက်ပြောပါဦး"

ဟု တိုက်တွန်းလိုက်၏။

လူငယ်က....

"တစ်နေ့မှာ ကျွန်တော်ဟာ ဗိုက်ဆာတာနဲ့ တောင်နံရံပေါ်မှာ ပေါက်နေတဲ့အပင်က အသီးတစ်လုံးကို ခူးစားလိုက်တယ်... စားလို့သိပ်ကောင်းတာပဲ... ဒါပေမယ့် တစ်အောင့်လောက်လဲနေရော တစ်ကိုယ်လုံးချွေးတွေ ထွက်လာတယ်... ရင်ထဲမှာ ပူလောင်လာတယ်... ဒါနဲ့ ကျွန်တော်လည်း မနေနိုင်တော့ဘဲ ခြေဦးတည့်ရာထွက်ပြေးခဲ့တယ်... နောက်ဆုံး ရေကန်တစ်ကန်ကိုရောက်တယ်... ကျွန်တော်လည်း ရေကန်ထဲခုန်ချပြီး ရေကိုအငမ်းမရသောက်လိုက်တယ်... ပြီးတော့ ကျွန်တော်သတိလစ်သွားတော့တာပဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက သက်ပြင်းချလိုက်ပြီး....

"မင်းစားတဲ့အသီးက ဘာအသီးလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"မသိဘူး...."

လျှံဖုန်းက....

"မသိဘဲ လျှောက်စားရသလား"

ဟု ပြောလိုက်၏။

လူငယ်က....

"ပထမတော့ ကျွန်တော်က ကျွန်တော်စားဖူးတဲ့အသီးတွေပဲ ခူးစားနေတာပါ... ဒါပေမယ့် ရက်ကြာလာတော့ ခူးစားဖို့အသီးမရှိတော့ဘူး... ဒါကြောင့် လိုက်ရှာရင်း အဲဒီအသီးကိုတွေ့တာနဲ့ ခူးစားလိုက်တာပါ"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ထားပါတော့... အဲဒီအသီးရဲ့ပုံသဏ္ဍာန်ကို မှတ်မိလား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"မှတ်မိပါတယ်...."

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဟုတ်ပြီ... ငါ့ကိုပြောပြစမ်းပါ"

ဟု ပြောလိုက်၏။

လူငယ်က....

"အသီးက ပန်းသီးနဲ့ခပ်ဆင်ဆင်တူတယ်.... တစ်ခြမ်းက နီပြီးတော့ တစ်ခြမ်းက စိမ်းနေတယ်"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လျှံဖုန်းသည် မျက်မှောင်ကြုတ်သွားပြီး....



"အဲဒီအပင်ရဲ့အရွက်က လက်ဝါးပုံမဟုတ်လား... ပြီးတော့ အရွက်မှာ အနီရောင်အစက် သုံးစက် ဖိုခနောင်ဆိုင်ပါတယ် မဟုတ်လား"

ဟု မေးလိုက်၏။

လျှံဖုန်း၏စကားကြောင့် လူငယ်သည် အံ့သြသွားပြီး....

"ဟုတ်တယ်... ဟုတ်တယ်... အဘိုးပြောတဲ့အတိုင်းပဲ"

ဟု ပြောလိုက်၏။ လျှံဖုန်းက ဘာမှမပြောတော့ပါ။ သာသည် သက်ပြင်းချလိုက်၏။

လူငယ်က....

"ဒီအသီးကို အဘိုးက သိလား"

ဟု မေးလိုက်၏။

လျှံဖုန်းက....

"သိတယ်...."

လူငယ်က....

"ဘာအသီးလဲ"

ဟု မေးလိုက်၏။

လျှံဖုန်းက သက်ပြင်းချရင်း....

"အပူအအေး အဆိပ်သီးလို့ခေါ်တယ်"

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ꩤ ꩤ ꩤ

လူငယ်သည် အံ့သြသောမျက်လုံးများဖြင့် လျှံဖုန်းကို ကြည့်နေ၏။

လျှံဖုန်းက လူငယ်၏အကြည့်ထက်ပင် အံ့သြသောမျက်လုံးများဖြင့် လူငယ်ကိုကြည့်နေ၏။

လျှံဖုန်း၏အကြည့်က လူငယ်ကို လူထူးလူဆန်းသဖွယ် ကြည့်နေခြင်းဖြစ်၏။

လူငယ်က....

"အပူအအေးအဆိပ်သီး ဟုတ်လား"

ဟု မေးလိုက်၏။

လျှံဖုန်းက....

"ဟုတ်တယ်... ဒါပေမယ့် မင်းက ဘာဖြစ်လို့မသေတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....



"မသိဘူး... "

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ထူးဆန်းတယ်...."

ဟု ပြောလိုက်၏။

ပြီးမှ လျှံဖုန်းသည် ဦးခေါင်းကိုခါယမ်းလိုက်ပြီး....

"အပူအအေးအဆိပ်သီးကို စားမိတဲ့လူဟာ ခြေလှမ်းတစ်ရာအတွင်း သေဆုံးသွားနိုင်တယ်လို့ အဆိပ်ကျမ်းစာအုပ်မှာ ရေးထားတယ်... ဒါပေမယ့် မင်းက ဘာဖြစ်လို့ မသေတာလဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က ဘယ်လိုလုပ်သိမှာလဲ"

ဟု ပြန်ပြောလိုက်၏။

လျှံဖုန်းက....

"ထားပါတော့... မင်း သတိရတဲ့အခါတိုင်း ဘာတွေဆက်ဖြစ်လဲ... ဥပမာ မင်းရင်ထဲမှာ ပူလောင်နေတာမျိုးပေါ့"

ဟု ပြောလိုက်၏။

လူငယ်က....

"မဖြစ်ဘူး... လန်းလန်းဆန်းဆန်းပဲ"

လျှံဖုန်းက မျက်မှောင်ကြုတ်ကာ....

"ထူးတော့ ထူးဆန်းနေပြီ"

ဟု ပြောလိုက်၏။

လူငယ်က....

ချစ်သူ

"အသီးစားပြီးတုန်းကတော့ ဗိုက်နာသလိုလို ဖြစ်လာတယ်... ပြီးတော့ ရင်ထဲက မနေနိုင်အောင်ပူလာတယ်... ရင်ထဲမှာ မီးတောက်နေသလိုပဲ... ဒါပေမယ့် ကန်ထဲက ရေကိုလည်း သောက်ပြီးရော ချက်ချင်းသက်သာသွားတယ်... ပြီးမှ သတိမေ့သွားတာ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ငါ သိသလောက်တော့ အဲဒီအသီးစားပြီးလို့ အဆိပ်သင့်တဲ့ လူဟာ ရေသောက်လိုက်တာနဲ့ ခြေလှမ်းတစ်ရာတောင် မခံဘူး... ခေါက်ခနဲသေသွားတာပဲ"

ဟု ပြောလိုက်၏။

ပြီးမှ လှုံ့ဖုန်းက....

"ကဲ... ထားပါတော့... မင်းသတိရတဲ့အခါ ဘာတွေဆက်ဖြစ်သေးလဲ... ပြောစမ်းပါဦး"

ဟု မေးလိုက်၏။

လူငယ်က....

"ကျွန်တော်သတိရလာတော့ ရေကန်ထဲမှာ ရောက်နေတယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"ရေကန်က မနက်ဘူးလား"

ဟု မေးလိုက်၏။

လူငယ်က....

"ရေကန်အစပ်မှာပါ... တစ်ကိုယ်လုံး ရေတွေစိုရွှဲနေတာပဲ...



ပြီးတော့ ရေကန်က သိပ်မဟုတ်ဘူး... ရေကန်ထဲက ရေက ကြည်နေ တာပဲ... ဒါပေမယ့် ရေကန်ထဲမှာ လူအရိုးနဲ့ တိရစ္ဆာန်အရိုးတွေကို တွေ့ရတယ်"

လှုံ့ဖုန်းက မျက်လုံးပြူးကာ....

"လူအရိုးနဲ့ တိရစ္ဆာန်အရိုးတွေ ဟုတ်လား"

ဟု မေးလိုက်၏။

လူငယ်က....

"ဟုတ်တယ်... ကျွန်တော်လည်း ထိတ်လန့်ပြီး ရေကန်ထဲက ပြေးတက်ခဲ့တယ်... အဲဒီအချိန်မှာ အမေ့ရဲ့အသံကို ကြားလိုက်ရတယ်"

ဟု ပြောလိုက်၏။

လူငယ်၏စကားကြောင့် လှုံ့ဖုန်းသည် မျက်မှောင်ကြုတ်ကာ....

"မင်းအမေရဲ့ ခေါ်သံ ဟုတ်လား"

ဟု မေးလိုက်၏။

လူငယ်က....

"ဟုတ်တယ်... ဒီတစ်ခါ အမေ့ရဲ့အသံက အရင်လိုမဟုတ်ဘူး... ကျွန်တော့်ကိုစိတ်ပူပြီး ခေါ်နေတဲ့အသံမျိုး... ဒါကြောင့် ကျွန်တော်လည်း အမေ့အသံကြားတဲ့ဘက်ကို ပြေးသွားခဲ့တယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"တွေ့လား...."

လူငယ်က....

ချစ်သူ

"တွေ့တယ်... အမေက ကျွန်တော်ပြန်မလာလို့ စိတ်ပူပြီး လိုက်ရှာနေတာ... အမေက ကျွန်တော့်ကိုတွေ့တော့ ငိုပြီး ကျွန်တော့်ကို ပြေးဖက်တယ်... ကျွန်တော်ကလည်း အမေက ကျွန်တော့်ကို လိုက်ရှာတာမှန်းသိတော့ ဝမ်းသာသွားတယ်... ဒါနဲ့ကျွန်တော်ကလည်း အမေ့ကိုပြေးပြီး ပွေ့ဖက်လိုက်တယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"အဲဒီတော့...."

လူငယ်က....

"အမေက ထိတ်လန့်တကြားနဲ့ ကျွန်တော့်ကို တွန်းထုတ်လိုက်တယ်... ပြီးတော့ ရူးရူးဝါးဝါး အော်ဟစ်လိုက်ပြီး လဲကျသေဆုံးသွားတယ်"

လှုံ့ဖုန်းက မျက်မှောင်ကြုတ်ကာ....

"မင်းက ဘာလုပ်လိုက်လဲ"

လူငယ်က....

"ကျွန်တော်က ဘာမှမလုပ်ဘူး... အမေလဲကျသွားတော့ ကျွန်တော်လည်း အတော်အံ့သြသွားတယ်... ပြီးတော့ ကျွန်တော့်အမေကို ပွေ့ထူလိုက်တယ်... ဒါပေမယ့် အမေက အသက်မရှိတော့ဘူး"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက သက်ပြင်းချလိုက်ပြီး....

"အင်း... အဆိပ်ကို အဆိပ်နဲ့ဖြေတာပဲ"

ဟု ပြောလိုက်၏။



လှုံ့ဖုန်း၏စကားကြောင့် လူငယ်သည် မျက်မှောင်ကြုတ်ကာ....

"အဆိပ်ကို အဆိပ်နဲ့ဖြေတယ်... ဟုတ်လား"

ဟု နားမလည်ဟန်ဖြင့် မေးလိုက်၏။

လှုံ့ဖုန်းက....

"ဒီလိုကွ... မင်းက အပူအအေးအဆိပ်သီးကို စားခဲ့တယ်... ဒါကြောင့် အဆိပ်သင့်ပြီး ရင်ထဲမှာ ပူလောင်လာတယ်... အဲဒီအခါမှာ မင်းက အဆိပ်ရှိတဲ့ရေကို သောက်လိုက်တယ်... ဒါကြောင့် အဆိပ်ကို အဆိပ်နဲ့ဖြေလိုက်သလို ဖြစ်ပြီး မင်းက အသက်မသေတာပဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ဒါဖြင့် တခြားလူတွေက ကျွန်တော်ကြောင့် ဘာဖြစ်လို့သေရတာလဲ"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"ငါ့စိတ်ထဲထင်တာတော့ မင်းက အဆိပ်ရှိတဲ့ရေကန်ထဲကို သတိမေ့ပြီး လဲကျခဲ့တယ်... ပြောရရင် အဆိပ်ရေထဲမှာ အချိန်အတော်ကြာကြာ စိမ်ခဲ့သလိုဖြစ်သွားတာပေါ့... ဒါကြောင့် မင်းကိုယ်ထဲက အဆိပ်တွေဟာ မင်းရဲ့အရေပြားမှာလာပြီး စုနေတာ ဖြစ်မယ်"

ဟု ပြောလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်ကာ....

"အဆိပ်တွေက ကျွန်တော့်ရဲ့အရေပြားမှာလာပြီး စုနေတယ် ဟုတ်လား"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"ဟုတ်တယ်... ဒါကြောင့် မင်းကိုထိတဲ့လူတိုင်းဟာ အဆိပ်သင့်ပြီး သေသွားတာပေါ့"

ဟု ပြောလိုက်၏။

လူငယ်က မျက်မှောင်ကြုတ်ကာ....

"ဒါဆို ကျွန်တော့်အမေသေတာ အဆိပ်သင့်ပြီး သေတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"မင်း အမေတင်မကဘူး... အခု မင်းကြောင့် သေသွားတဲ့ လူတွေက မင်းရဲ့အရေပြားပေါ်က အဆိပ်ကိုမိပြီး သေသွားကြတာပဲ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်း၏စကားကြောင့် လူငယ်သည် ထိတ်ထိတ်ပျာပျာ ဖြစ်ကာ....

"ဒါ... ဒါဆို ကျွန်တော့်တစ်ကိုယ်လုံးမှာ အဆိပ်တွေရှိ တာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လှုံ့ဖုန်း၏စကားကြောင့် လူငယ်သည် အလွန်စိတ်ခတ် ဆင်းသွားဟန်ဖြင့် ကြမ်းပေါ်သို့ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း



"ဒါဆို ကျွန်တော့်ကို ထိတွေ့တဲ့လူတိုင်း သေတော့မှာပေါ့... ဘယ်လိုလုပ်ရမလဲ... လူတွေ မရှိတဲ့နေရာမှာ သွားနေရတော့မှာ လား"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"ဒါနဲ့ စကားမစပ် မင်း အဲဒီအသီးစားပြီးတာ ဘယ်လောက် ကြာပြီလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ဘယ်မှတ်မိမလဲ(၈)နှစ် (၉)နှစ်လောက် ရှိပြီ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"တိတိကျကျ ပြောစမ်းပါ... (၈)နှစ် (၉)နှစ်လား"

လူငယ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ....

"(၉)နှစ်...."

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက မျက်လုံးပြူးပြီး....

"(၉)နှစ် ဟုတ်လား"

ဟု သေချာစေရန် ထပ်မေးလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... (၉)နှစ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက ဦးခေါင်းခါယမ်းကာ....

ချစ်သူ

"ဒါဆို မင်းဟာ နောက်တစ်နှစ်ပဲ အသက်ရှင်တော့မယ်"

ဟု ပြောလိုက်၏။

လျှံဖုန်း၏စကားကြောင့် လူငယ်သည် ထိတ်လန့်တုန်လှုပ်သွားပြီး ထိုင်ရာမှ 'ဝုန်း'ခနဲ ထရပ်လိုက်၏။

ပြီးမှ သူသည် လျှံဖုန်းကို မျက်လုံးပြူး၍ကြည့်ကာ....

"ဗျာ... နောက်တစ်နှစ်ပဲ အသက်ရှင်တော့မယ် ဟုတ်လား"

ဟု မေးလိုက်၏။

လျှံဖုန်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လူငယ်က ဘာမျှပြန်မပြောတော့ပါ။

လျှံဖုန်းက....

"တကယ်လို့ မင်းက အဆိပ်ရေကိုသောက်လိုက်ပြီး အဆိပ်ရေထဲမှာ ရေစိမ်မနေခဲ့ရင် မင်းကိုယ်ထဲက အဆိပ်ဟာ အပြင်ကို ချွေး အဖြစ် ထွက်သွားနိုင်တယ်... အခုတော့ မင်းက အဆိပ်ရေထဲမှာ ပြန်ပြီး အဆိပ်ရေနဲ့စိမ်ခဲ့သလိုဖြစ်သွားတော့ အဆိပ်တွေဟာ အရေပြားပေါ်မှာစုပြီး ကျန်ခဲ့တယ်... ဒီအဆိပ်တွေဟာ အရေပြားပေါ်မှာ (၁၀)နှစ်ပဲ ခံမယ်... (၁၀)နှစ်ကျော်တာနဲ့ အရေပြားပေါ်က အဆိပ်တွေဟာ မင်းရဲ့ခန္ဓာကိုယ်ထဲကို ပြန်ရောက်သွားလိမ့်မယ်"

ဟု ပြောလိုက်၏။

လူငယ်က လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"ဒီအဆိပ်တွေပြယ်အောင် နည်းလမ်းမရှိတော့ဘူးလား"

ဟု ပြောလိုက်၏။



လျှံဖုန်းက....

"အမှန်ပြောရရင် နတ်ဆေးသမားတော်ကလွဲပြီး မင်းကို ဘယ်သူမှမကယ်နိုင်တော့ဘူး... ဒါပေမယ့် နတ်ဆေးသမားတော်က လည်း သေပြီ"

ဟု ပြောလိုက်၏။

လူငယ်က စိတ်ဓာတ်ကျသောလေသံဖြင့်....

"ကောင်းပါတယ်... လာမယ့်တစ်နှစ်လုံးလုံး လူတွေနဲ့ မတွေ့အောင် ပုန်းနေရမှာပေါ့"

ဟု ပြောလိုက်၏။

ထို့နောက် လူငယ်သည် အဆောက်အဦထဲမှထွက်သွားရန် ဟန်ပြင်လိုက်ပြီး မိမိ၏ပဝါထုပ်ကို ကောက်ယူလိုက်၏။

ထိုသို့ ကောက်ယူလိုက်ချိန်၌ ပဝါထုပ်ထဲမှ သံဗူးကလေး တစ်ခု ထွက်ကျလာ၏။ လူငယ်က ထိုသံဗူးကိုကောက်ယူလိုက်၏။

လျှံဖုန်းက သံဗူးကို တစ်ချက်လှမ်းကြည့်ပြီး....

"ဘာဗူးလဲ"

ဟု မေးလိုက်၏။

လူငယ်က လက်ထဲမှ သံဗူးကိုတစ်ချက်ကြည့်လိုက်ပြီး ပခုံးတွန့်ကာ...

"မသိဘူး... ရေကန်ထဲက တွေ့လို့ ကောက်လာတာ"

ဟု ပြောလိုက်၏။

လျှံဖုန်းက မျက်မှောင်ကြုတ်ကာ....

"ရေကန် ဟုတ်လား... ဘယ်ရေကန်လဲ

ဟု မေးလိုက်၏။

လူငယ်က....

"အဆိပ်ရှိတဲ့ရေကန်ထဲက လူအရိုးရဲ့လက်ထဲမှာ တွေ့လို့ ကောက်ယူခဲ့တာ"

ဟု ပြောလိုက်၏။

လှိုံဖုန်းက....

"အထဲမှာက ဘာပါသလဲ"

ဟု မေးလို ်၏။

လူငယ်က....

"တစ်ခါမှ ဖွင့်မကြည့်မိဘူး"

ဟု ပြောလိုက်၏။

လှိုံဖုန်းက မျက်မှောင်ကြုတ်ကာ....

"ဖွင့်ကြည့်လို့ ရမလား"

ဟု မေးလိုက်၏။

လူငယ်က....

"ရပါတယ်... ရော့...."

ဟု လှမ်းပေးလိုက်၏။

လှိုံဖုန်းက မျက်လုံးပြူးကာ....

"ဒီဗူးမှာ အဆိပ်ရှိချင် ရှိနေမယ်... မင်းဘာသာ မင်းဖွင့်ပါကွာ"

ဟု ပြောလိုက်၏။

လူငယ်က ဘာမှမပြောတော့ဘဲ သံဗူးကိုဖွင့်လိုက်၏။ သံဗူးထဲ၌ ရွှေပြားတစ်ပြားရှိ၏။

ထိုရွှေပြားပေါ်၌ ရုပ်ပုံတစ်ပုံရေးဆွဲထားး၏။ ရွှေပြားကို အ



နီရောင်ကြိုးဖြင့် ရစ်ပတ်ထား၏။

လှိုံဖုန်းသည် ထိုရွှေပြားကိုမြင်တွေ့လိုက်သည်နှင့် မျက်စိမျက်နှာပျက်ကာ တုန်လှုပ်သွားလေတော့၏။

အကြောင်းမှာ ထိုရွှေတံဆိပ်ပြားသည် နဂါးစိမ်းဂိုဏ်း၏ရွှေပြားအမိန့်တော်ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

နဂါးစိမ်းရွှေပြားအမိန့်တော်....

ထိုအမိန့်တော်ကို ပိုင်ဆိုင်ထားသောလူသည် သိုင်းလောက၏ဂိုဏ်းကြီး(၆)ဂိုဏ်းကို ဩဇာလွှမ်းမိုးချုပ်ကိုင်နိုင်၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာက သိုင်းလောက၌ နဂါးစိမ်းဂိုဏ်းဟူသောအမည်သည် အလွန်ကျော်ကြားခဲ့၏။

နဂါးစိမ်းဂိုဏ်း၏ သတ္တမမြောက် ဂိုဏ်းချုပ်ကြီး၏လက်ထက်၌ ဂိုဏ်းအတွင်းသွေးခွဲမှုများ ဖြစ်ပေါ်လာပြီး နဂါးစိမ်းဂိုဏ်းသည် ပြိုကွဲသွားခဲ့၏။

ထိုအချိန်မှစ၍ နဂါးစိမ်းဂိုဏ်း၏ ရွှေပြားအမိန့်တော်လည်း ပျောက်ဆုံးခဲ့၏။

ထိုရွှေပြားအမိန့်တော်ကို နဂါးစိမ်းဂိုဏ်းမှ ပုဂ္ဂိုလ်များသာမက အခြားဂိုဏ်းမှ ပုဂ္ဂိုလ်များကပါ ရှာဖွေခဲ့၏။

အကယ်၍သာ ထိုရွှေပြားအမိန့်ကိုရရှိပါက သူတို့သည်

သိုင်းလောကကို ချုပ်ကိုင်နိုင်မည်ဖြစ်၏။

လျှံဖုန်းက....

"ဒီပစ္စည်းကို မင်းသိလား"

ဟု လူငယ်ကို မေးလိုက်၏။

လူငယ်က....

"မသိဘူး...."

လျှံဖုန်းက....

"နဂါးစိမ်းဂိုဏ်းရဲ့ ရွှေပြား အမိန့်တော်ပဲ"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ပြလိုက်၏။

လျှံဖုန်းက....

"နဂါးစိမ်းဂိုဏ်းကိုရော ကြားဖူးလား"

ဟု မေးလိုက်၏။

လူငယ်က ဦးခေါင်းခါယမ်းပြလိုက်၏။

လျှံဖုနးက....

"နဂါးစိမ်းဂိုဏ်းဆိုတာ တစ်ချိန်တုန်းက သိုင်းလောကမှာ နာမည်ကြီးခဲ့တဲ့ဂိုဏ်းတစ်ခုပဲ"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်လိုက်၏။

လျှံဖုန်းက....

"အခု အဲဒီဂိုဏ်း မရှိတော့ဘူး... ပြိုကွဲသွားပြီ... ဒီအမိန့် ရွှေပြားလည်း ပျောက်သွားခဲ့တယ်"

ဟု ပြောလိုက်၏။



လူငယ်က....

"ဒါကြောင့် ဒီပစ္စည်းကိုလွှင့်ပစ်လိုက်တာ ဖြစ်မှာပေါ့"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံးလိုက်ပြီး....

"လွှင့်ပစ်တာ မဟုတ်ဘူး... ပျောက်သွားတာ"

လူငယ်က....

"ထားပါတော့... နဂါးစိမ်းဂိုဏ်းမှ မရှိတော့တာ... ဒီပစ္စည်းက ဘာအသုံးဝင်တော့မှာလဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဒီပစ္စည်းကို အခုအထိ လိုက်ရှာနေတဲ့လူတွေ အများကြီးပဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ဘာလုပ်ဖို့လဲ... ရောင်းစားရင် ဘယ်လောက်ရမှာမို့လို့လဲ"

ဟု ပြောလိုက်၏။

လျှံဖုန်းက ပြုံးလိုက်ပြီး....

"ဒီမှာ သူငယ် ဒီပစ္စည်း အခု မင်းရဲ့လက်ထဲမှာ ရှိနေပြီ... မင်း ဒီပစ္စည်းကိုပြပြီး သိုင်းလောကရဲ့ထိပ်သီးသိုင်းဂိုဏ်းကြီး(၆)ခုကို မင်းက အမိန့်ပေးပြီး ခိုင်းနိုင်တယ်ကွ... နားလည်ရဲ့လား"

ဟု ပြောလိုက်၏။

လျှံဖုန်း၏စကားကြောင့် လူငယ်သည် အံ့သြသွားပြီး ရွှေပြားအမိန့်တော်ကို ငုံ့ကြည့်လိုက်၏။

ပြီးမှ....

"တကယ်ပြောတာလား"

ဟု မေးလိုက်၏။

လှုံ့ဖုန်းက....

"ငါက လိမ်ပြောရမလား"

ဟု ပြန်ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး....

"ဒါဆို... ဒါကို ခင်ဗျားယူသွားပါလား"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက လက်ကာပြလိုက်ပြီး....

"နေပါစေကွာ... ငါ လက်ခံလို့မဖြစ်ဘူး... မင်းပဲ သိမ်းထားပါ"

ဟု ပြောလိုက်၏။

လူငယ်က....

"ကျွန်တော်က တစ်နှစ်ပဲ အသက်ရှင်တော့မှာ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"မင်း သေသွားရင် ဒါကို လူတွေရှာမတွေ့နိုင်မယ့် နေရာမှာ မြှုပ်ခဲ့ပေါ့"

ဟု ပြောလိုက်၏။

လူငယ်က သက်ပြင်းချလိုက်ပြီး သံဗူးကိုပြန်ပိတ်လိုက်၏။

ထို့နောက် ပဝါထုက်ကိုကြည့်ကာ သံဗူးကို ပဝါထုပ်ထဲသို့ ထည့်လိုက်၏။



ထိုစဉ် လှုံ့ဖုန်းက တစ်စုံတစ်ရာကို ညွှန်ပြရင်း....

"အဲဒါ မင်းအမေရဲ့ပစ္စည်းလား"

ဟု မေးလိုက်၏။

လူငယ်က....

"ဘယ်ဟာလဲ"

ဟု မေးလိုက်၏။

ချစ်သူ

လှုံ့ဖုန်းက....

"အဲဒီတြိဂံအလံကို ပြောတာ"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

လှုံ့ဖုန်းက သက်ပြင်းချလိုက်ပြီး....

"အဲဒါလိပ်ပြာတောင်ကြားရဲ့ အလံပဲ"

ဟု ပြောလိုက်၏။

လူငယ်က....

"ဟုတ်လား... အမေ့ပစ္စည်းတွေထဲက ရတာ"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"ဒီအလံဟာ လိပ်ပြာတောင်ကြားရဲ့ ဂိုဏ်းချုပ်အလံပဲ... မင်း အမေက ထွက်ပြေးတဲ့အခါ ဒီအလံကိုရအောင် ယူလာခဲ့တာဖြစ်မယ်... ဒါကြောင့် လိပ်ပြာတောင်ကြားက မင်း အမေထွက်လာပြီးနောက် (၂)နှစ် (၃)နှစ်အတွင်း လိပ်ပြာတောင်ကြားဟာ သိုင်းလောကမှာ ငုတ်လျှိုးသွားခဲ့ရတာကို"

ဟု ပြောလိုက်၏။

ပြီးမှ လျှံဖုန်းသည် တစ်ချက်စဉ်းစားလိုက်ပြီး....

"ဒီလိုလုပ် မင်း လိပ်ပြာတောင်ကြားကိုသွားပြီး... သိုင်းပညာလည်း တော်မယ်... သိက္ခာလည်းရှိတဲ့မိန်းကလေးတစ်ယောက်ကိုရွေးပြီး ဒီအလံကို ပြန်ပေးခဲ့... ဒါဆို လိပ်ပြာတောင်ကြားဟာ သိုင်းလောကမှာပြန်ပြီး နာမည်ရှိလာမယ်"

ဟု ပြောလိုက်၏။

လူငယ်က.....

"ကောင်းပါပြီ... ကျွန်တော်ဆောင်ရွက်ပါ့မယ်"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် တစ်စုံတစ်ရာကိုသတိရဟန်ဖြင့်....

"သြော်... အဘိုးကို တစ်ခုပြရဦးမယ်"

ဟုပြောကာ ပဝါထုပ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်ယူလိုက်၏။

ထိုပစ္စည်းသည် အစိမ်းရောင်ကတ္တီပါဖြင့် ထုပ်ထားသောအထုပ်ဖြစ်၏။

လူငယ်က ထိုအထုပ်ကိုဖြည်လိုက်ရာ အလံတစ်ခုထွက်လာ၏။

လျှံဖုန်းသည် ထိုအလံကိုတွေ့သောအခါ လူငယ်ကို မျက်လုံးပြူး၍ ကြည့်ရင်း....

"ဒါမိုးကြိုးဂိုဏ်းရဲ့ အလံပဲ"

ဟု ပြောလိုက်၏။

လူငယ်က....



"လွန်ခဲ့တဲ့နှစ်နှစ်လောက်က လမ်းမှာ လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်... အဲဒီလူက ပေးခဲ့တာ"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"ဒါဟာ မိုးကြိုးဂိုဏ်းချုပ်ရဲ့အလံပဲ... သူက ဘာဖြစ်လို့ မင်းကိုပေးရတာလဲ"

ဟု မေးလိုက်၏။

လူငယ်က....

"ဒါတော့ ကျွန်တော် မသိဘူး... ကျွန်တော်နဲ့တွေ့တဲ့အချိန်မှာ သူဟာ သေတော့မယ်... သူတစ်ကိုယ်လုံး ဒဏ်ရာတွေပရပွရထား တယ်... သူက ဒီဟာကို မင်းသိမ်းထား... တစ်လအတွင်း ငါလာယူမယ်... တစ်လပြည့်လို့မှ ငါလာမယူရင် မင်း အပိုင်ယူတော့လို့ ပြောခဲ့တယ်"

ဟု ပြောလိုက်၏။

ချစ်သူ

လျှံဖုန်းက....

"ဒါဆို သူ ရောက်မလာဘူးထင်တယ်"

ဟု ပြောလိုက်၏။

လူငယ်က....

"သူနဲ့ မတွေ့တော့ဘူး"

ဟု ပြောလိုက်၏။

ပြီးမှ လူငယ်က....

"စာတစ်စောင်လည်း ပေးခဲ့သေးတယ်"

ဟု ပြောကာ အစိမ်းရောင်အထုပ်ထဲမှ စာကိုထုတ်ပေး

လိုက်၏။

လျှံဖုန်းက.....

"ဘာစာလဲ"

လူငယ်က....

"မသိဘူး... သူက ဒီအထုပ်နဲ့စာကိုပေးပြီး ထွက်ပြေးသွားတယ်"

ဟု ပြောလိုက်၏။

လျှံဖုန်းက....

"မင်းက စာကိုဖတ်မကြည့်ဘူးလား"

လူငယ်က....

"ဟင့်အင်း...."

လျှံဖုန်းက....

"ဒါဆို စာကိုဖတ်ကြည့်ရအောင်"

လူငယ်က စာကိုလှမ်းပေးလိုက်ရင်း...

"အဘိုးပဲ ဖတ်ကြည့်ပါ"

ဟု ပြောလိုက်၏။

လျှံဖုန်းက စာကိုယူ၍ ဖတ်လိုက်၏။ ပြီးမှ ပြုံးလိုက်ပြီး....

"ဒီစာက မင်းကိုမိုးကြိုးဂိုဏ်းရဲ့ ဂိုဏ်းချုပ်အဖြစ် လွှဲအပ်တဲ့စာပဲ"

ဟု ပြောလိုက်၏။

လူငယ်က ပြုံးလိုက်ပြီး....

"ကျွန်တော်က ဂိုဏ်းချုပ်မလုပ်ချင်ဘူး"

ဟု ပြောလိုက်၏။



လျှံဖုန်းက ပြုံး၍....

"မင်းက သူ့ရဲ့စာနဲ့ အလံကို လက်ခံထားတော့... သူ့အတွက် မင်းက တစ်ခုလုပ်ပေးရမယ်"

ဟု ပြောလိုက်၏။

လူငယ်က မျက်ခုံးပင့်ကာ....

"ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

ဟု မေးလိုက်၏။

လျှံဖုန်းက....

"စာထဲမှာရေးထားတာ သူ့ကို သူ့တပည့်က လုပ်ကြံတယ်လို့ရေးထားတယ်... ဒီတော့ မင်းက မိုးကြိုးဂိုဏ်းကိုသွားပြီး ဂိုဏ်းချုပ်ကိုသတ်တဲ့လူကို ဖော်ထုတ်ပေးရမယ်... ပြီးမှ လူအားလုံးက လက်ခံမယ့်လူကိုရွေးပြီး ဂိုဏ်းချုပ်အဖြစ်တင်မြှောက်ပေးခဲ့ပေါ့"

ဟု ပြောလိုက်၏။

လူငယ်က....

"ကောင်းပြီလေ... ကျွန်တော်မသေခင် ဒါတွေပြီးအောင် လုပ်သွားပါ့မယ်"

ဟု ပြောလိုက်၏။

လျှံစန်းက....

"ကောင်းပြီ... ဒါဆို မင်းက ငါ့အတွက် တစ်ခုလုပ်ပေး"

"ဟုတ်ကဲ့... ဘာလုပ်ပေးရမလဲ"

လျှံဖုန်းက အင်္ကျီရင်ဘတ်ကြားထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်ပြီး...

"ဒီစာကို ငါ့တပည့်ဆီ ပို့ပေးပါ"

ဟု ပြောလိုက်၏။

ထို့နောက် စာကို လူငယ်ထံသို့ လှမ်းပေးလိုက်၏။

လူငယ်က စာကိုလှမ်းယူလိုက်ပြီး....

"ဟုတ်ကဲ့... ပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက ပြုံး၍....

"ငါ့တပည့်ရဲ့ နာမည်က ဖေ့ယင်းလို့ခေါ်တယ်... လုယန်းမြို့မှာ နေတယ်... လုယန်းမြို့ရဲ့ တောင်ပိုင်းမှာနေတာ... သူ့ရဲ့ အိမ်က ဆေးအနီရောင်သုတ်ထားတယ်... မှားစရာမရှိဘူး"

ဟု ပြောလိုက်၏။

လူငယ်က ဦးခေါင်းညိတ်ကာ....

"စိတ်ချပါ... ကျွန်တော် သေသေချာချာ ပို့ပေးပါ့မယ်"

ဟု ပြောလိုက်၏။

လှုံ့ဖုန်းက....

"ကောင်းပြီ... ဒါဆို မင်းသွားတော့... ဪ... နေဦး... မင်းရဲ့ အဝတ်အစားက ညစ်ပတ်နေပြီ"

ဟု ပြောလိုက်၏။

ထို့နောက် ငွေလွှဲလက်မှတ်တစ်စောင်ကို ဆွဲထုတ်၍ လူငယ်ထံ လှမ်းပေးရင်း....

"ရော့... ယူသွား... လမ်းစရိတ်နဲ့ အဝတ်အစားဝယ်ဖို့"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ



အဆောက်အဦပျက်ထဲမှ ထွက်မလာမီ လှုံ့ဖုန်းက လူငယ်ကို နာမည်တစ်ခုပေးလိုက်၏။

ထိုနာမည်မှာ 'သန်းဥ' ဖြစ်၏။

သန်းဥသည် အဝတ်အစားတစ်စုံကို ဝယ်လိုက်၏။

ထို့နောက် သူသည် ခရီးဆက်၍ ထွက်လာခဲ့၏။

ဤသို့ဖြင့် သူသည် ရေကန်တစ်ခုသို့ရောက်လာ၏။

ရေကန်သို့ရောက်သောအခါ သန်းဥသည် ခေတ္တရပ်နားလိုက်ပြီး ပေါက်စီထုပ်ကိုဖြည်၍ စားသောက်လိုက်၏။

ပြီးမှ သူသည် ရေချိုးရန် သတိရလာပြီး အဝတ်အစားချွတ်ကာ ရေကန်ထဲသို့ဆင်း၍ ရေချိုးလိုက်၏။

ရေချိုးပြီးသောအခါ သန်းဥသည် ဝယ်လာသောအဝတ်အစားများကို ပဝါထုပ်ထဲမှထုတ်ယူ၍ ဝတ်ဆင်လိုက်၏။

အဝတ်အစားဝတ်ဆင်ပြီးသောအခါ ပဝါထုပ်ကိုပြန်ထုပ်ရန် ဟန်ပြင်လိုက်၏။

**ထိုစဉ် သူ၏အနီးသို့** လူရိပ်တစ်ရိပ်ရောက်လာပြီး ပဝါထုပ်ထဲမှ **သံဗူးကို လုယူလိုက်၏။**

**ထို့ကြောင့် သန်းဥသည်** ထိတ်လန့်သွားပြီး....

"**ဟော့... ဘာလုပ်တာလဲ**"

ဟု ပြောလိုက်၏။

ထိုစဉ် သူတို့အနီးသို့ လူရိပ်တစ်ရိပ် ထပ်မံရောက်ရှိလာပြီး ပထမလူရိပ်၏လက်ထဲမှ သံဗူးကို လုယူလိုက်၏။

သို့သော် ပထမလူရိပ်က ဒုတိယလူရိပ်ကို တုန့်ပြန်တိုက်ခိုက်လိုက်၏။

ဒုတိယလူရိပ်က ပထမလူရိပ်ကို တိုက်ခိုက်ရင်း....

"ရှင်က တောင်ပင်လယ်ဂိုဏ်းကလား"

ဟု မေးလိုက်၏။

ပထမလူရိပ်က ရယ်မောကာ....

"မိန်းကလေးက မျက်စိစူးရှတယ်"

ဟု ပြောလိုက်၏။

ပထမလူရိပ်မှာ တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားပြီး မျက်နှာပေါ်၌ မျက်နှာဖုံးစွပ်ထားသောလူဖြစ်၏။

သူ၏လက်နှစ်ဖက်၌ အနက်ရောင်သားရေလက်အိတ်ကို စွပ်ထား၏။ ဒုတိယလူရိပ်မှာ အပြာရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်၏။

မိန်းကလေးက....

"ရှင်က ဒီပစ္စည်းယူပြီး သိုင်းလောကကို ချုပ်ကိုင်မလို့လား"

ဟု မေးလိုက်၏။



အနက်ရောင်ဝတ်စုံနှင့်လူက....

"မင်းက ဟန့်တားမလို့လား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ကျွန်မရှိနေမှတော့ ဒီပစ္စည်းကို ရှင်က ယူသွားလို့မရဘူး"

ဟု **ပြောလိုက်၏။**

**အနက်ရောင်ဝတ်စုံနှင့်လူက** ရယ်မောလိုက်ပြီး....

"**ကျုပ်က ကျုပ်လိုချင်တာကိုရအောင် ယူတတ်တယ်**"

ဟု **ပြောလိုက်၏။** ခုံက်

တစ်ချိန်တည်းမှာပင် သစ်ပင်များကြားမှ အနက်ရောင်ယောက်

ထားသောလူတစ်စု ပေါ်ထွက်လာလေတော့၏။ လေတော့

မိန်းကလေးက ပြုံးလိုက်ပြီး....

"လူစုလူဝေးနဲ့လာတာကိုး" ထွက်ပြေး

ဟု ပြောလိုက်၏။ ဒိုက်ပြီးမှ

ထိုအချိန်မှာပင် အနက်ရောင်ဝတ်ဆင်ထားသူများက

လေးကိုဝိုင်း၍ တိုက်ခိုက်လိုက်လေတော့သည် မဟုတ်ပါလားဒိုက်

❦ ❦ ❦ ချစ်သူ စာပေ
မြင်းချမ်းဈေး ထွက်သစ်...

အနက်ရောင်ဝတ်စုံနှင့်လူများက မိန်းကလေးကိုဝိုင်း၍

က်ခိုက်ကြ၏။

သန်းဉသည် သူတို့ကို ငေး၍ကြည့်နေ၏။ အထူးသဖြင့်
သူသည် မိန်းကလေးကို ကြည့်နေခြင်းဖြစ်၏။

မိန်းကလေးကို သူက ကောင်းစွာသိနေ၏။ မိန်းကလေး၏
နာမည်မှာ ချင်းချင်းဖြစ်၏။

သန်းဉသည် ထိုမိန်းကလေးနှင့် ချန်အန်းမြို့၌ တွေ့ဆုံသိ
ကျွမ်းခဲ့ခြင်းဖြစ်၏။

ချင်းချင်းက သန်းဉကို အစစအရာရာ အကူအညီပေးခဲ့၏။

ခိုက်လု သန်းဉအပေါ်၌ ချင်ချင်းက အနွံအတာခံခဲ့၏။

ဒုံ သန်းဉကလည်း ချင်းချင်းအပေါ် သံယောဇဉ်တွယ်လာခဲ့

“ရှ

ဟု သို့သော် မိမိနှင့်ထိတွေ့သောလူတိုင်း သေဆုံးခဲ့ရသော

ပထ သန်းဉသည် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး ချင်းချင်းကို ရှ

“ခွဲခွာ်ထွက်လာခဲ့ခြင်းဖြစ်၏။

ယခု ချင်းချင်း ရောက်လာပြီဖြစ်၏။

ချင်းချင်းသည် ခရီးရောက်မဆိုက် အနက်ရောင်ဝတ်စုံဝတ်
မျက်နှာဖုံးဆင်ထားသောလူများနှင့် ရင်ဆိုင်လိုက်ရ၏။

ချင်းချင်း၏သိုင်းပညာသည် ထိပ်တန်းအဆင့်ရှိ၏။

ခွင် သို့သော် တောင်ပင်လယ်မှလူများက ဝိုင်းဝန်းတိုက်ခိုက်

ေ သဖြင့် သံဖူးကို ပြန်လည်၍လုယူရန် ခက်ခဲနေ၏။

ထိုအချိန်မှာပင် သံဖူးကိုလုယူထားသောလူက တိုက်ပွဲ
ကြားမှ ဆုတ်ခွာကာ ထွက်ပြေးသွား၏။

ကျန်အနက်ရောင်ဝတ်ဆင်ထားသူများက ချင်းချင်းကို ထို
လူ၏နောက်သို့ မလိုက်နိုင်အောင် ဟန့်တားတိုက်ခိုက်နေ၏။



ထို့ကြောင့် ချင်းချင်းသည် သံဖူးကိုယူသွားသောလူ၏
နောက်သို့မလိုက်နိုင်အောင် ဖြစ်သွား၏။

ထိုစဉ် ရုတ်တရက် တိုက်ပွဲကြားထဲသို့ လူတစ်ယောက်
ရောက်လာ၏။

ထိုလူသည် ဝါးခမောက်တစ်လုံးကို ဆောင်းထား၏။ ထိုလူ
၏လက်ထဲ၌ ငါးမျှားတံတစ်ချောင်း ကိုင်ထား၏။

ထိုလူသည် တိုက်ပွဲကြားသို့ဝင်ရောက်လာပြီး အနက်ရောင်
ဝတ်စုံနှင့်လူများကို တိုက်ခိုက်လိုက်၏။

ထိုလူနှင့် မိန်းကလေးတို့နှစ်ယောက် ပူးပေါင်း၍တိုက်ခိုက်
လိုက်သောကြောင့် အနက်ရောင်ဝတ်စုံနှင့်လူများသည် တစ်ယောက်
ကိုတစ်ယောက် အချက်ပြကာ ထိုနေရာမှ ထွက်ပြေးသွားလေတော့
၏။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူများ ထွက်ပြေး
သွားသောအခါ မိန်းကလေးသည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီးမှ
သန်းဉကို လှမ်းကြည့်ကာ....

“ဝမ်းနည်းပါတယ်... မင်း ပစ္စည်းကို ငါ ပြန်မယူနိုင်လိုက်
ဘူး”

ဟု ပြောလိုက်၏။

သန်းဉက ပြုံးလိုက်ပြီး....

“ကိစ္စမရှိပါဘူး... ဒါနဲ့ မမက ဘယ်ကနေ ရောက်လာတာ
လဲ”

ဟု မေးလိုက်၏။

ချင်းချင်းက....

"မင်းကို လိုက်ရှာနေတာ"

ဟု ပြောလိုက်၏။

ပြီးမှ ချင်းချင်းသည် သန်းဥကို တစ်ချက်ကြည့်ကာ...

"သံဖူးထဲက ဘာပစ္စည်းလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"နဂါးစိမ်းရွှေပြား အမိန့်တော်ပါ"

ဟု ခပ်ပေ့ါပေ့ါပင် ဖြေလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် မျက်လုံးပြူးကာ...

"ဘာ... နဂါးစိမ်းရွှေပြားအမိန့်တော် ဟုတ်လား"

ဟု တအံ့တသြဖြင့် ပြန်မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းခါယမ်းလိုက်ပြီး....

"အရူး... ဒီပစ္စည်းဟာ သိုင်းလောကအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ မသိဘူးလား"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် ဘာမျှပြန်မပြော တော့ဘဲ သံဖူးကိုလုယူသွားသော အနက်ရောင်ဝတ်စုံနှင့် လူများ နောက်သို့ ပြေးလိုက်သွားလေတော့၏။

သန်းဥက ဘာမျှမပြောဘဲ ရုတ်တရက် အနက်ရောင်ဝတ်စုံ နှင့် လူများနောက်သို့ ပြေးလိုက်သွားသောကြောင့် ချင်းချင်းသည်



ကြောင်အမ်းအမ်းဖြစ်ကာ ကျန်ရစ်ခဲ့၏။

ပြီးမှ သူမသည် သန်းဥ၏နောက်သို့လိုက်ရန် ဟန်ပြင်လိုက် ၏။

ထိုသို့ဟန်ပြင်လိုက်သည်နှင့် ငါးမျှားတံကိုင်ထားသောလူက လက်ကိုဆန့်တန်းလိုက်ပြီး....

"မလိုက်နဲ့တော့"

ဟု ဟန့်တားလိုက်၏။

ထိုလူက ဟန့်တားလိုက်သောကြောင့် ချင်းချင်းသည် သက် ပြင်းချလိုက်ပြီး ငါးမျှားတံကိုင်ထားသောလူကို တစ်ချက်ကြည့်လိုက် ၏။

ပြီးမှ လက်နှစ်ဖက်ဆုပ်ကာ....

"ရှင်က တံငါသည်သိုင်းသမားလား"

ဟု မေးလိုက်၏။

ထိုလူက ခေါင်းညိတ်ကာ....

"ဟုတ်တယ်... မင်းက ပန်းပေါင်းစုံတောင်ကြားက မဟုတ် လား"

ဟု ပြန်မေးလိုက်၏။

တံငါသည်ကြီး၏စကားကြောင့် ချင်းချင်းသည် မျက်မှောင် မသိမသာကြုတ်သွားပြီး တံငါသည်ကြီးကို စူးစိုက်ကြည့်လိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး....

"အခု မင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဟု မေးလိုက်၏။ ချင်းချင်းက မျက်မှောင်ကြုတ်သွား၏။

တံငါသည်ကြီးက ပြုံး၍ လက်ကာပြကာ....

"ငါ့ မိတ်ဆွေတစ်ယောက်က ပြောဖူးတယ်... မိန်းမတွေရဲ့ အသက်ကို ဘယ်တော့မှ မမေးနဲ့တဲ့... ငါ မမေးတော့ဘူးလို့ပဲ သဘောထားလိုက်ပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"လေးဆယ် ...."

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံး၍....

"နှစ်ဆယ် မကျော်ဘူးလို့ ထင်ရတယ်"

ဟု ပြောလိုက်၏။

ပြီးမှ... တံငါသည်ကြီးသည် ချင်းချင်းကို ကြည့်ကာ....

"ပန်းပေါင်းစုံတောင်ကြား ညီအစ်မ(၅)ဖော်ထဲမှာ ချင်းချင်းဆိုတဲ့ စတုတ္ထသခင်မလေးတစ်ယောက် ရှိတယ်... သူက မင်းသားလေး လုံကျန်းကို တစ်ဘက်သတ်ချစ်ခဲ့တယ်... ဒါကြောင့် သူဟာ မင်းသားလေး လုံကျန်သိုင်းလောက,က ပျောက်သွားတာနဲ့ သူလည်း ပန်းပေါင်းစုံတောင်ကြားထဲက ထွက်လာခဲ့တယ်လို့ ကျုပ် ကြားဖူးတယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"ရှင်နဲ့ မဆိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ သိချင်ရတာလဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ဒါဆို မင်းက ချင်းချင်းပေါ့ ဟုတ်လား"



ဟု မေးလိုက်၏။

ချင်းချင်းက ဘာမှပြန်မပြောပါ။

တံငါးသည်ကြီးက ပြုံး၍....

"ပန်းပေါင်းစုံတောင်ကြားဟာ သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ တောင်ကြားပါ... မိန်းကလေးတွေက ပန်းက လားတွေလို လှသလို သိုင်းပညာကလည်း နူးညံ့ပြီး ထက်မြက်တယ်လို့ ကျုပ်ကြားဖူးတယ်... အဲ... ဒါပေမယ့် ကျုပ် မကြားဖူးတာက ပန်းပေါင်းစုံတောင်ကြားက လူတွေဟာ ဆေးကုတတ်တယ်ဆိုတာပဲ"

ဟု ပြောလိုက်၏။

ချင်းချင်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကျွန်မတစ်ယောက်ပဲ ဆေးကုတာ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ဒါဆို မင်းရဲ့ဆရာက ဘယ်သူတုန်း"

ဟု မေးလိုက်၏။

ချင်းချင်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒီနေရာရောက်မှ ရှင်က ဘာဖြစ်လို့ မစဉ်းစားမိတာလဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး....

"မဖြစ်နိုင်ဘူး ထင်လို့ပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ဘာကို မဖြစ်နိုင်ဘူး ထင်တာလဲ"

ဟု မေးလိုက်၏။

တံငါသည်ကြီးက....

"မင်းဟာ နတ်ဆေးဆရာကြီးကျန်းထိုက်ရဲ့ တပည့်မဖြစ်နိုင်ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်... ကျွန်မရဲ့ဆရာဟာ **နတ်ဆေးဆရာကြီး** ကျန်းထိုက်ပါ"

ဟု ပြောလိုက်၏။

တံငါ**သည်ကြီးက** သက်ပြင်းချကာ....

"နတ်**ဆေးဆရာကြီး**ကျန်းထိုက် ကွယ်လွန်တာ နှစ်ပေါင်း (၃၀)ပြည့်**တော့မယ်... ပြီးတော့** ဆရာကြီးက တပည့်မမွေးခဲ့ဘူး"

**ချင်းချင်းက ပြုံး၍...**

"မငြင်းပါဘူး... ဟုတ်ပါတယ်... ကျွန်မကလည်း သူ့ရဲ့တပည့်ဖြစ်လာတာ... ဆရာကြီးကွယ်လွန်ပြီး နှစ်အတော်ကြာမှ သူ့တပည့် ဖြစ်ခဲ့တာပါ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ရယ်မောလိုက်ပြီး....

"ကျုပ်က ကျုပ်ကိုယ်ကျုပ် အတော်စဉ်းစားဆက်စပ်တွေးခေါ်နိုင်တဲ့လူလို့ ထင်ထားတာ... ဒီတစ်ခါတော့ ကျုပ်အတော် အသုံးမကျတဲ့လူဖြစ်သွားပြီ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံး၍....



"အမှန်ပြောရရင် ကျွန်မဟာ နတ်ဆေးသမားတော်ကြီး ကျန်းထိုက်ဟာ ဖြူသလား မည်းသလားတောင် မသိပါဘူး"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ဒါဖြင့် မင်းက ဘယ်လိုလုပ်ပြီး သူ့ရဲ့တပည့် ဖြစ်သွားရတာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"အမှန်ပြောရရင် ကျွန်မက သူ့ရဲ့ဆေးကျမ်းတွေရော သိုင်းကျမ်းတွေပါ အမွေရလိုက်လို့ပါ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက မျက်ခုံးပင့်လိုက်ပြီး....

"ဟော... ဘယ်လိုရခဲ့တာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံး၍....

"မမျှော်လင့်ဘဲ ကျွန်မဟာ ဂူတစ်ခုထဲကိုရောက်သွားတယ်... အဲဒီအထဲမှာ ဆေးကျမ်းစာအုပ်တွေရော သိုင်းကျမ်းစာအုပ်တွေပါ တွေ့ရတယ်... ဒါနဲ့ အဲဒါတွေကိုဖတ်ကြည့်တော့မှ နတ်ဆေးဆရာကြီး ကျန်းထိုက်ရဲ့ပစ္စည်းတွေဆိုတာ သိရတယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံး၍....

"ကောင်းတာပေါ့... နတ်ဆေးဆရာကြီးရဲ့ပညာ မတိမ်ကောတော့ဘူးပေါ့"

ဟု ပြောလိုက်၏။

ပြီးမှ တံငါသည်ကြီးက....

"ဒါနဲ့ မင်းက လူတစ်ယောက်ကိုလိုက်ရှာနေတယ်လို့ ကျုပ်ကြားတယ် ဟုတ်လား"

ဟု မေးလိုက်၏။

ချင်းချင်းက....

"ဟုတ်ပါတယ်...."

တံငါသည်ကြီးက....

"ထိုက်ရှီဆိုတဲ့ ဂျပိုးသူခိုး လူလိမ်ကိုလား"

ဟု မေးလိုက်၏။

ချင်းချင်းက မျက်နှာရှုံ့မဲ့လိုက်ပြီး....

"ဒါက ကျွန်မရဲ့အမှားပါ... သူများရဲ့စကားကို ယုံလွယ်တာကို... ဒါပေမယ့် သူက ကျွန်မကိုစွန့်ပစ်ပြီး ထွက်သွားတာ... ကျွန်မက ဘာဖြစ်လို့ သူ့ကိုလိုက်ရှာရမှာလဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ဒါဆို မင်းက ဘယ်သူ့ကို လိုက်ရှာတာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက....

"စောစောက ကောင်လေးကိုပါ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက မျက်မှောင်ကြုတ်ကာ....

"သူ့ကို ကျုပ် မြင်ဖူးသလိုပဲ"



ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံး၍....

"ကျွန်မလည်း ဒါကြောင့် သူ့နောက်ကိုလိုက်နေတာ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက တစ်စုံတစ်ရာကို သတိရဟန်ဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်ပြီး....

"ဟုတ်ပြီ... မင်းက သူ့ကို မင်းသားလေး လုံကျန်းနဲ့ပတ်သက်နေတယ်လို့ထင်နေတာ မဟုတ်လား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံး၍....

"သူ့ကိုသေသေချာချာ ကြည့်လေ... အစ်ကိုလုံကျန်းနဲ့ တူလေပဲ... တစ်ခါတစ်ခါ စကားပြောတဲ့လေသံနဲ့ ဟန်ပန်ကအစ တူတာ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက သဘောကျစွာ ရယ်မောလိုက်ပြီး...

"သဘောပေါက်ပါပြီ... ဒါနဲ့ သံဗူးထဲမှာ ဘာပါသွားလဲ... စောစောက ကျုပ် ကောင်းကောင်းမကြားလိုက်ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"နဂါးစိမ်းရွှေပြားအမိန့်တော်"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားအဆုံး၌ တံငါသည်ကြီးသည် မျက်လုံးပြူးကာ....

"ဘာ... နဂါးစိမ်းရွှေပြားအမိန့်တော် ဟုတ်လား"

ဟု ထပ်မေးလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

တံငါသည်ကြီးက....

"ဒါဆို ငါက မင်းကိုဟန့်တားလိုက်တာ မှားသွားပြီ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ⵖ ⵖ ⵖ

ချင်းချင်း၏ကိုယ်ဖော့ပညာသည် ထိပ်တန်းအဆင့်၌ရှိ၏။

တံငါသည်၏ကိုယ်ဖော့ပညာမှာ ချင်းချင်းနှင့်မတိမ်းမယိမ်းရှိ၏။

သူတို့သည် ကိုယ်ဖော့ပညာကိုအသုံးပြု၍ အနက်ရောင်ဝတ်စုံနှင့်လူစုတို့ ထွက်ပြေးရာဘက်သို့ ပြေးလွှား၍ လိုက်လာခဲ့၏။ နောက်ဆုံး၌ သူတို့သည် လမ်းခွဆုံတစ်ခုသို့ရောက်လာ၏။

ထိုနေရာသို့ရောက်သောအခါ သူတို့သည် ခြေလှမ်းကိုရပ်တန့်လိုက်၏။

ပြီးမှ သူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

တံငါသည်က သက်ပြင်းချလိုက်ပြီး....



"နဂါးစိမ်းရွှေပြားအမိန့်ဟာ ထိပ်သီးဂိုဏ်း(၆)ဂိုဏ်းက သဘောတူလက်မှတ်ရေးထိုးထားတဲ့စာချုပ်ပဲ... ဒီပစ္စည်းလက်ဝယ်ရှိသူရဲ့အမိန့်ကို ကျန်တဲ့ဂိုဏ်းတွေက နာခံရမှာ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဟုတ်တယ်... တောင်ပင်လယ်ဂိုဏ်းဟာ ကောင်းတဲ့ဂိုဏ်းမဟုတ်ဘူး... ဒုစရိုက်လုပ်ငန်းမျိုးစုံကိုလုပ်တဲ့ ဂိုဏ်းပဲ"

ဟု ပြောလိုက်၏။

တံငါသည်က....

"သူတို့က **ဒီအမိန့်ပြားကို**ပြပြီး ထင်ရာလျှောက်လုပ်ရင် သိုင်းလောကအတွက် **စိတ်မအေးစရာ**ပဲ"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချကာ....

"ဟုတ်တယ်... ဒီအမိန့်ပျောက်သွားတာ ကြာပြီ၊ ဘာဖြစ်လို့ သူ့ရဲ့လက်ထဲရောက်နေတာလဲ မသိဘူး"

ဟု ပြောလိုက်၏။

တံငါသည်က....

"မင်းသားလေးလုံကျန်းဟာ နဂါးစိမ်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးများလား"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"မပြောတတ်ဘူး... ဘယ်သူမှ နဂါးစိမ်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကို မြင်ဖူးကြတာမှ မဟုတ်တာ"

ဟု ပြောလိုက်၏။

တံငါသည်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဘာပဲဖြစ်ဖြစ်... ဒီအမိန့်ကို သူတို့လက်ထဲမှာရှိတာ သိုင်းလောကကိုမကြေညာခင် ကျုပ်တို့က ပြန်ရအောင် လုပ်မှဖြစ်မယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက ဘာမျှပြန်မပြောပါ။ သူမသည် လမ်းခွဆုံကို စူးစိုက်ကြည့်နေ၏။

တံငါသည်က....

"ဒီလိုလုပ်ပါလား... ကျုပ်နဲ့မိန်းကလေးနဲ့လမ်းခွဲပြီး လိုက်သွားမယ်... တကယ်လို့မတွေ့ရင် နောက်(၃)ရက်မှာ ကျုပ်တို့ လုယန်းမြို့မှာ ပြန်ဆုံမယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

"ကောင်းပြီ... ရှင်က ညာဘက်လမ်းအတိုင်းသွား... ကျွန်မက ဝဲဘက်လမ်းအတိုင်းသွားမယ်"

ဟု ပြောလိုက်၏။

တံငါသည်က....

"ကောင်းပြီ... "

ဟု ပြောလိုက်ပြီး လက်ယာဘက်လမ်းထဲသို့ ပြေးဝင်သွားလေတော့သည်။ မဟုတ်ပါလား။

ψ ψ ψ



ချင်းချင်းသည် လက်ဝဲဘက်လမ်းအတိုင်း လျှောက်လာခဲ့၏။

အချိန်အတန်ကြာသွားသည်အထိ သန်းဥ၏အရိပ်အရောင်ကို မတွေ့ရပါ။

သူမအနေဖြင့် အနက်ရောင်ဝတ်စုံနှင့် လူစု၏ အရိပ်အရောင်ကို မတွေ့ရသည့်တိုင် သန်းဥ၏ အရိပ်အရောင်ကိုတော့ တွေ့ရမည်ဟု ယူထား၏။

သို့သော် အတန်ကြာသည့်အထိ သန်းဥ၏အရိပ်အရောင်ကို တွေ့ရသောအခါ စိတ်မာတ်ကျဆင်းလာလေတော့၏။

ထိုစဉ် သစ်ပင်နောက်ကွယ်မှ လူတစ်ယောက်ထွက်လာပြီး....

"မမ...."

ဟု ခေါ်လိုက်၏။

"မမ"ဟု ခေါ်လိုက်သောအသံကြောင့် ချင်းချင်းသည် ထို

နေရာသို့ လှမ်းကြည့်လိုက်၏။

ထိုနေရာ၌ လူတစ်ယောက်ရပ်နေ၏။

ထိုလူသည် သန်းဥပင်ဖြစ်၏။

ချင်းချင်းသည် သက်ပြင်းချလိုက်ပြီး....

"မင်းက ဒီမှာ ပုန်းနေတာကိုး"

ဟု ပြောလိုက်၏။

သန်းဥက....

"ပုန်းနေတာ မဟုတ်ပါဘူး... ဘယ်ကိုဆက်သွားရမှန်းမသိလို့ ထိုင်နေတာ"

ချင်းချင်းက....

"ငါကတော့ မင်း... သူတို့နဲ့ပါသွားပြီ ထင်နေတာ"

ဟု ပြောလိုက်၏။

သန်းဥက....

"သူတို့ကို မျက်ခြည်ပြတ်သွားတယ်"

ချင်းချင်းက....

"ဒါဆို မင်းရဲ့သံပူးက သူတို့နောက်ပါသွားတာပေါ့ ဟုတ်လား"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

ချင်းချင်းက....

"ကိစ္စမရှိပါဘူး... နောက်(၃)ရက်လောက်ဆို သူတို့ဘယ်မှာရှိတယ်ဆိုတာ သိရမှာပဲ"



ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"မမရယ်... ရအောင် ပြန်ယူပေးပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"စိတ်ချပါ... မမ ရအောင်ပြန်ယူပေးပါ့မယ်"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"မမက ကျွန်တော်ကို လာရှာတာလား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"မင်းက မပြောမဆိုနဲ့ ထွက်သွားတာကို"

ဟု ပြောလိုက်၏။

သန်းဥက....

"မမ... ကျွန်တော့်ကို စိတ်ဆိုးနေလား"

ဟု မေးလိုက်၏။

ချင်းချင်းက....

"ငါက ဘာဖြစ်လို့ မင်းကိုစိတ်ဆိုးရမှာလဲ"

ဟု ပြန်မေးလိုက်၏။

သန်းဥက....

"ကျွန်တော်က မမကို ဘာမှမပြောဘဲ ထွက်ပြေးခဲ့လို့"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ထားပါတော့... မမက မင်းကိုဘယ်တုန်းကမှ စိတ်မဆိုးပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက ပြုံး၍....

"ဒါကြောင့် မမကို ချစ်တာ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"နေပါဦး... မင်းက မမကို မပြောမဆိုဘဲထွက်သွားတာ မမကို စိတ်ကောက်သွားတာလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မဟုတ်ပါဘူး...."

ချင်းချင်းက မျက်မှောင်မသိမသာကြုတ်ကာ....

"ဒါဖြင့် ဘာအရေးကြီးတဲ့ကိစ္စ ရှိလို့လဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"မမကို မသေစေချင်လို့ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် အံ့သြသွားပြီး....

"မမကို မသေစေချင်လို့ ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."



ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ... မမနဲ့ ရန်ငြိုးရှိလို့လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မမနဲ့ ကျွန်တော်က ဘာဖြစ်လို့ ရန်ငြိုးရှိမှာလဲ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဒါဖြင့် ဘာဖြစ်လို့လဲ"

ဟု ထပ်၍ မေးလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ကျွန်တော့်ကို ထိတဲ့လူတိုင်းဟာ သေသွားကြတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် မျက်မှောင်ကြုတ်ကာ သန်းဥကိုကြည့်လိုက်၏။

ပြီးမှ....

"မင်း ဘာပြောလိုက်တယ်... မင်းကိုထိတဲ့လူတိုင်း သေသွားကြတယ် ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ကျွန်တော့်ရဲ့ အရေပြားမှာ အဆိပ်တွေရှိနေလို့ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏ စကားကြောင့် ချင်းချင်းသည် စကားမပြောနိုင်လောက်အောင်ပင် အံ့သြသွား၏။

တစ်ဆက်တည်းမှာပင် သန်းဥက မိမိကို အနားသို့အကပ်မခံဘဲ လှည့်ပတ်ရှောင်ပြေးနေခဲ့သည်ကို ပြန်လည်၍သတိရလာ၏။

ချင်းချင်းသည် အတန်ကြာသည့်တိုင်အောင် တိတ်ဆိတ်နေပြီးမှ သက်ပြင်းချကာ....

"ဘယ်လိုဖြစ်တာလဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"အမှန်ပြောရရင်... ကျွန်တော့်ကိုထိတဲ့လူတိုင်း ဘာဖြစ်လို့သေရတယ်ဆိုတာ ကျွန်တော် မသိခဲ့ပါဘူး... မနေ့တစ်နေ့ကမှ လျှံဖုန်းဆိုတဲ့အဘိုးအိုနဲ့တွေ့ပြီး ကျွန်တော့်ကိုယ်ပေါ်က အဆိပ်ကြောင့်သေရတာဆိုတာ သိခဲ့ရတာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

"ဒါများ ဘာခက်လဲ... ဆေးကုရင် ပျောက်မှာပေါ့"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး ဘယ်သမားတော်မှ မိမိ၏ရောဂါကိုကုသ၍မရကြောင်း လျှံဖုန်းပြောသည့်စကား



ကိုပြောပြရန် ပါးစပ်ပြင်လိုက်၏။

ပြီးမှ သူသည် ချင်းချင်းစိတ်မကောင်းဖြစ်မည်ကို တွေးမိပြီး မပြောပြရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် သူသည် ချင်းချင်းကို အတန်ကြာအောင် ကြည့်လိုက်ပြီး....

"မမပြောတာ မှန်ပါတယ်... ကျွန်တော့်ကိုကုပေးမယ့်လူရှိပါတယ်... ကျွန်တော် အဲဒီကိုသွားမလို့"

ဟု ပြောလိုက်၏။

ချစ်သူ

ချင်းချင်းက....

"ဘယ်သူလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"သူ့နာမည်တော့ ကျွန်တော်မသိဘူး"

ဟု လိမ်ပြောလိုက်၏။

ချင်းချင်းက....

"ဒါဖြင့် သူက ဘယ်မှာနေတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"လုယန်းမြို့မှာပါ"

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဘယ်သူမှန်းမသိဘဲ လုယန်းမြို့မှာ ဘယ်လိုသွားပြီး လိုက်ရှာမှာလဲ"

သန်းဥက ပြုံး၍....

"စိတ်မပူပါနဲ့... အဘိုးလျှံဖုန်းက လုယန်းမြို့မှာ ကျန်တော့်ကို စောင့်နေမှာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

"မမလည်း လုယန်းမြို့ကိုသွားမှာပဲ... အတူတူသွားကြတာပေါ့"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

လုယန်းမြို့....။

အလွန်စည်ကားသောမြို့ဖြစ်၏။

သန်းဥနှင့်ချင်းချင်းတို့သည် နေဝင်ရီတရောအချိန်၌ လုယန်းမြို့သို့ ရောက်ရှိလာ၏။

လုယန်းမြို့သို့ သူတို့ရောက်ရှိလာသည်နှင့် သိုင်းလောကသားများသည် လှုပ်လှုပ်ရွရွဖြစ်သွားကြ၏။

ထိုနေ့ညပိုင်းမှာပင် ထိပ်တန်းသိုင်းသမားတချို့သည် လုယန်းမြို့သို့ ရောက်လာကြ၏။

သူတို့သည် သန်းဥကို ခြေရာခံ၍လိုက်လာခြင်း ဖြစ်၏။

သန်းဥသည် လုယန်းမြို့၌ သိုင်းသမားများ လှုပ်လှုပ်ရွရွဖြစ်နေသည်ကို သတိမထားမိပါ။



အကြောင်းမှာ သူသည် သိုင်းလောကသား မဟုတ်သောကြောင့် ဖြစ်၏။

သို့သော် ချင်းချင်းသည် လုယန်းမြို့သို့ရောက်ရှိပြီး မိနစ်အနည်းငယ်အတွင်းမှာပင် သိုင်းလောကသားများက လှုပ်လှုပ်ရွရွဖြစ်နေကြောင်း သိလိုက်၏။

ချင်းချင်းသည် သိုင်းလောကသားများအား လှုပ်လှုပ်ရွရွဖြစ်နေသည်ကိုသိသော်လည်း သန်းဥကို ထုတ်ဖော်၍မပြောပါ။

အရေးအကြောင်းကြုံလာလျှင်သာ သန်းဥကို ကာကွယ်ပေးရန် ပြင်ဆင်ထား၏။

ဤသို့ဖြင့် သူတို့သည် လုယန်းမြို့၏ တည်းခိုခန်းတစ်ခု၌ တစ်ညတာ နားခိုလိုက်၏။

နောက်တစ်နေ့ မိုးလင်းလာသောအခါ ချင်းချင်းသည် သန်းဥကို အခန်းထဲ၌ပဲနေရန်မှာကြားပြီး လုယန်းမြို့၏အရှေ့အပိုင်းသို့ ထွက်လာခဲ့၏။

အကြောင်းမှာ သူမသည် တံငါသည်ကြီးနှင့် ချိန်းဆိုထားသောကြောင့် ဖြစ်၏။

သန်းဥသည် နံနက်စာစားပြီးနောက် လျှံဖုန်း၏ကိစ္စကို သတိရလာ၏။

ထို့ကြောင့် သူသည် ဖေ့ယင်းထံသို့သွားရန် ဆုံးဖြတ်လိုက်၏။

သူသည် ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် တည်းခိုခန်းထဲမှထွက်လာခဲ့၏။

ထို့နောက် သူသည် လုယန်းမြို့၏ တောင်ဖိုဖိုးသို့ ထွက်လာ

ခဲ့၏။

အဘိုးအိုလျှံဖုန်းပြောလိုက်သော ဖေ့ယင်း၏အိမ်သည် လုယန်းမြို့၏တောင်ပိုင်း မြို့စွန်နေရာ၌ တည်ရှိ၏။

ဖေ့ယင်း၏အိမ်သည် ကြီးကြီးမားမား မဟုတ်ပါ။ ခပ်သေးသေးအိမ်တစ်လုံး ဖြစ်၏။ အိမ်ကို အနီရောင်ဆေးများဖြင့်သုတ်ထား၏။

သန်းဥသည် အိမ်ရှေ့၌ ရပ်တန့်လိုက်၏။

ထို့နောက် သူသည် အိမ်ရှေ့တံခါးကို ခေါက်လိုက်၏။

"ဒေါက်... ဒေါက်... ဒေါက်"

သန်းဥသည် အိမ်တံခါးကိုခေါက်ရင်း....

"အိမ်ရှင်တို့... အိမ်ရှင်တို့...."

ဟုလည်း ခေါ်လိုက်၏။

သို့သော် အိမ်ထဲမှ တုန့်ပြန်သံကို မကြားရပါ။ သန်းဥက အိမ်တံခါးကို အသာတွန်းလိုက်၏။

အိမ်တံခါးက ပိတ်မထားသဖြင့် လက်ဖြင့် တွန်းလိုက်သည်နှင့် ဟသွား၏။

သန်းဥသည် မျက်မှောင်ကြုတ်လိုက်ပြီး....

"ဗျို့... အိမ်ရှင်တို့...."

ဟု ထပ်၍ အော်ခေါ်လိုက်၏။ သို့သော် အိမ်ထဲမှတုန့်ပြန်သံပေါ်ထွက်မလာပါ။

ထို့ကြောင့် သန်းဥသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး တံခါးကိုတွန်းဖွင့်ကာ အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

အိမ်ထဲသို့ရောက်သောအခါ သန်းဥ၏မျက်လုံးများသည်



မျက်လုံးပြူးသွားလေတော့၏။

အကြောင်းမှာ ကြမ်းပေါ်၌လူနှစ်ယောက် လဲကျသေဆုံးနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

တစ်ယောက်က ယောကျ်ားအလောင်းဖြစ်ပြီး ကျန်အလောင်းက မိန်းမအလောင်းဖြစ်၏။

ထို့အပြင် နံရံပေါ်၌ စာတချို့ရေးထားသည်ကိုလည်း တွေ့ရ၏။

သန်းဥသည် စာမတတ်ပါ။ ထို့ကြောင့် နံရံပေါ်၌ ဘာရေးထားကြောင်း မသိပါ။

အကယ်၍သာ သန်းဥသည် နံရံပေါ်၌ ရေးထားသောစာကို ဖတ်တတ်မည်ဆိုပါက ထိုနေရာမှ ချက်ချင်းထွက်ပြေးလိမ့်မည်ဖြစ်၏။

အကြောင်းမှာ နံရံပေါ်၌....

"ဖေ့ယင်းလင်မယားကို ကျုပ် သတ်လိုက်တယ် – ပုံ မရဏ တမန်တော်" ဟု ရေးသားထားသောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ჶ ჶ ჶ

သန်းဥသည် နံရံပေါ်မှ စာကိုတစ်လှည့် ကြမ်းပေါ်မှ အလောင်းနှစ်လောင်းကို တစ်ချက်ကြည့်ပြီး ဦးခေါင်းကို တစ်ချက်ကုပ်

လိုက်၏။

သူသည် အိမ်ထဲ၌ အတန်ကြာအောင် လှည့်၍ ကြည့်နေပြီးမှ အိမ်ထဲမှ ထွက်လာခဲ့၏။

အိမ်ထဲမှ လှမ်းထွက်လိုက်သည်နှင့် မိန်းကလေးတစ်ယောက်ကို တွေ့ရ၏။

ထို့ကြောင့် သန်းဉက မိန်းကလေးကို ပြုံးပြကာ....

"ဒါ... ဖေ့ယင်းတို့ရဲ့ အိမ်လားခင်ဗျာ"

ဟု မေးလိုက်၏။

မိန်းကလေးက သန်းဉကို မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်ကာ....

"ဟုက်တယ်...."

ဟု ပြောလိုက်၏။

သန်းဉက....

"သူတို့ ဘယ်သွားလဲခင်ဗျာ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ရှင် အိမ်ထဲက ထွက်လာတာ မဟုတ်လား"

ဟု ပြန်မေးလိုက်၏။

သန်းဉက ဦးခေါင်းညိတ်ကာ.....

"ဟုတ်ပါတယ်...."

မိန်းကလေးက....

"အိမ်ထဲမှာ မတွေ့ခဲ့ဘူးလား"

ဟု မေးလိုက်၏။



သန်းဉက....

"လူသေအလောင်း နှစ်လောင်းပဲ တွေ့ခဲ့တယ်"

ဟု ပြောလိုက်၏။

သန်းဉ၏စကားကြောင့် မိန်းကလေးသည် မျက်မှောင်ကြုတ်ကာ အိမ်ထဲသို့ ကပျာကယာ ပြေးဝင်သွား၏။

သန်းဉသည် သက်ပြင်းချလိုက်ပြီး အိမ်ထဲသို့လှည့်ကြည့်လိုက်၏။

ထိုစဉ် မိန်းကလေး၏ထိတ်လန့်စွာ အော်ဟစ်လိုက်သောအသံကို ကြားလိုက်ရလေတော့၏။

ထို့ကြောင့် သန်းဉသည် အိမ်ထဲသို့ ကပျာကယာ ပြေးဝင်ကာ....

"မိန်ကလေး... ဘာဖြစ်တာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးသည် ကြမ်းပေါ်မှ အလောင်းများကိုပွေ့ဖက်၍ ငိုကြွေးနေ၏။

သန်းဉက....

"မိန်းကလေးက သူတို့ကိုသိလား"

ဟု မေးလိုက်၏။

မိန်းကလေးက သန်းဉကို မော့ကြည့်ကာ....

"ရှင်က ဘာဖြစ်လို့ ကျွန်မရဲ့အဖေနဲ့အမေကို သတ်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဉက မျက်လုံးပြူးကာ....

"ဟာ... ကျုပ်... ကျုပ် မသတ်ပါဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ရှင်က မရဏတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... ဒါပေမယ့် အခု မဟုတ်တော့ဘူး... ကျုပ်မှာနာမည်ရှိပြီ"

ဟု ပြောလိုက်၏။

မိန်းကလေးက သန်းဥကို စူးစိုက်ကြည့်ရင်း....

"ရှင်နဲ့ ကျွန်မရဲ့မိဘနဲ့ ဘာရန်ငြိုးရှိလို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်က မင်းရဲ့မိဘတွေကို မသိပါဘူး... ကျုပ် ဖေ့ယင်းကို လာရှာတာပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ဖေ့ယင်းဟာ ကျွန်မရဲ့ အဖေပဲ"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မျက်လုံးပြူးသွားပြီး ကြမ်းပေါ်မှယောကျာ်းအလောင်းကို တစ်ချက်လှမ်းကြည့်ကာ....

"ဒါ... ဒါဆို သူက ဖေ့ယင်းလား"



ဟု မေးလိုက်၏။

မိန်းကလေးသည် နံရံပေါ်မှ စားကိုဆွဲယူလိုက်ပြီး....

"ရှင် အူကြောင်ကြောင် လုပ်မနေနဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ် အမှန်အတိုင်းပြောတာ... ကျုပ် သူတို့ကို မသတ်ဘူး... ကျုပ်က ဖေ့ယင်းကို လာရှာတာပါ"

ဟု ပြောလိုက်၏။

မိန်းကလေးက မဲ့ပြုံးပြုံးကာ....

"ရှင်ကိုယ်တိုင် ကျွန်မရဲ့မိဘတွေကို သတ်တယ်လို့ စာရေးထားပြီး အခုမှ ဘာလို့လိမ်ညာနေတာလဲ"

မိန်းကလေး၏စကားကြောင့် သန်းဥသည် နံရံပေါ်မှ စာများကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"ဒီစာက ကျုပ်သတ်တာလို့ ရေးထားတာလား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ရှင်ကိုယ်တိုင်ရေးထားပြီး ဘာရေးမှန်းမသိဘူးလို့ ပြောတာ... ကျွန်မက ယုံရမှာလား"

ဟု ပြောလိုက်၏။

သန်းဥသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"ကျုပ်... သူတို့ကိုလည်း မသတ်ဘူး... ဒီစာကိုလည်း ကျုပ်မရေးဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ရှင် လူလိမ်ပဲ"

ဟု ပြောလိုက်၏။

သန်းဉက သက်ပြင်းချကာ....

"ဟူး... ကျုပ်က အမှန်အတိုင်းပြောတာပဲ... လူတွေက ကျုပ်ပြောတာကို ဘာဖြစ်လို့ မယုံရတာလဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ရှင်က လိမ်ညာပြောနေတာကို"

ဟု ပြန်ပြောလိုက်၏။

ထို့နောက် သူမသည် သန်းဉကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သန်းဉသည် မျက်လုံးပြူးသွားပြီး....

"ဟေ့... ဟေ့... ငါ့ကို မထိနဲ့"

ဟု လှမ်းအော်ကာ နောက်သို့ ဆုတ်ပြေးသွား၏။

မိန်းကလေးက....

"ရှင် ယောကျ်ားမဟုတ်လား... လုပ်ရဲရင် ခံရဲရမှာပေါ့"

ဟု ပြောလိုက်၏။

သန်းဉက....

"မင်း... မင်း သေသွားမှာစိုးလို့ပြောတာ"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောကာ....

"သေတာဆန်းလား... ရှင့်ကိုသတ်ရမှ ကျေနပ်မယ်"



ဟု ပြောလိုက်၏။

ထို့နောက် သူမသည် သန်းဉကို တစ်ရှိန်ထိုး တိုက်ခိုက်လိုက်လေတော့၏။

ထိုစဉ် အပြာရောင်လူရိပ်တစ်ရိပ်ရောက်ရှိလာပြီး မိန်းကလေး၏ဓားချက်ကိုခုခံ၍ လက်ဝါးဖြင့်တွန်းထုတ်လိုက်ရာ 'ဝုန်း' ဟူသောအသံပေါ်ထွက်လာပြီး မိန်းကလေးသည် နောက်သို့လွင့်စဉ်၍ ကြမ်းပေါ်သို့ လဲကျသွားလေတော့၏။

အဖြစ်အပျက်က လျင်မြန်စွာ ဖြစ်ပျက်သွားခြင်းဖြစ်၏။

ထို့ကြောင့် သန်းဉသည် ကြောင်အမ်းအမ်းဖြစ်နေ၏။ ပြီးမှ သူသည် အပြာရောင်လူရိပ်ကို ကြည့်လိုက်၏။

အပြာရောင်လူရိပ်ကို မြင်တွေ့ရသောအခါ သန်းဉသည် မျက်လုံးပြူးကာ ထိတ်လန့်တုန်လှုပ်သွားပြီး....

"သရဲ... သရဲ..."

ဟု အော်ဟစ်လိုက်လေတော့၏။

အကြောင်းမှာ အပြာရောင်လူရိပ်သည် အဆောက်အဦး ပျက်ထဲ၌ သေဆုံးသွားခဲ့သောမိန်းကလေး ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား။

ဖ ဖ ဖ

သန်းဉသည် မိန်းကလေးကို မျက်လုံးပြူး၍ ကြည့်နေ၏။

မိန်းကလေးက သန်းဥကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး...

"ရှင်က မရဏတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက မိန်းကလေး၏အမေးကိုမဖြေဘဲ မိန်းကလေးကို ထိတ်လန့်တုန်လှုပ်သောမျက်လုံးများဖြင့် ကြည့်ကာ....

"မင်း... မင်း သေပြီ... ငါ... ငါ ကိုယ်တိုင် မြေမြှုပ်ခဲ့တာပဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ဘာလဲ... ကျွန်မမသေလို့ ရှင်က မကျေမနပ်ဖြစ်နေလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး"

ဟု ရေရွတ်လိုက်၏။

မိန်းကလေးက....

"ဖြစ်နိုင်တာ မဖြစ်နိုင်တာ... အသာထား ကျွန်မရဲ့နောက်ကို လိုက်ခဲ့"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်... ကျုပ်က ဘာဖြစ်လို့ ခင်ဗျားရဲ့နောက်ကို လိုက်ရမှာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ကျွန်မက ရှင့်ကိုလာကယ်တာ... ရှင်က ကျွန်မရဲ့နောက်



ကို လိုက်ရမှာပေါ့"

ဟု ပြောလိုက်၏။

သန်းဥက ပါးစပ်ပိတ်သွား၏။ သူ၏စိတ်ထဲ၌လည်း တွေဝေသွား၏။

မိန်းကလေးက သန်းဥကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

"ဒီမှာ ရှင့်ကိုသတ်ဖို့ လိုက်ရှာနေတဲ့လူတွေ အများကြီးပဲ... ရှင် ကျွန်မရဲ့နောက်ကို မလိုက်ရင် သေလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥက ကြမ်းပေါ်မှအလောင်းများကို ညွှန်ပြကာ....

"ကျုပ်... ကျုပ် သူတို့ကို မသတ်ဘူး"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ဒါဆို ရှင်က သူတို့ကိုသတ်တာပါလို့ ဘာဖြစ်လို့ စာရေးထားတာလဲ"

ဟု ပြောလိုက်၏။

သန်းဥက နံရံပေါ်မှ စာများကို လှမ်းကြည့်လိုက်ပြီး....

"ဒီစာကို ပြောတာလား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ဟုတ်တယ်...."

သန်းဥက....

"ကျုပ်က စာမှမတတ်တာ ဘယ်လိုရေးမှာလဲ"

ဟု ပြောလိုက်၏။
မိန်းကလေးက...
"ဘယ်သူက ယုံမှာလဲ"
ဟု ပြောလိုက်၏။
သန်းဉက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....
"ကျုပ်က အမှန်အတိုင်းပြောတာပဲ"
ဟု ပြောလိုက်၏။
မိန်းကလေးက ပြုံးလိုက်ပြီး....
"ရှင့်ကို ဘယ်သူမှမယုံပေမယ့်... ကျွန်မက ယုံတယ်... ဒါ ကြောင့် ကျွန်မက ရှင့်ကို လာကယ်တာ"
ဟု ပြောလိုက်၏။
သန်းဉက သက်ပြင်းချလိုက်ပြီး....
"ကျေးဇူးတင်ပါတယ်"
ဟု ပြောလိုက်၏။
မိန်းကလေးက....
"ဒါဆို ကျွန်မရဲ့နောက်ကို လိုက်ခဲ့"
ဟု ပြောလိုက်၏။
သန်းဉက ဘာမှမပြောတော့ပါ။
သူသည် မိန်းကလေး၏နောက်မှ လိုက်သွားလေတော့၏။

❀ ❀ ❀



သူတို့နှစ်ယောက်သည် လုယန်းမြို့၏လမ်းကြိုလမ်းကြား များအတိုင်း လျှောက်လာ၏။
မိန်းကလေးသည် လုယန်းမြို့ကို နှံ့စပ်ကျွမ်းကျင်ပုံရ၏။
ထို့ကြောင့် မိန်းကလေးသည် လူသူကင်းရှင်းသောလမ်း များကို ရွေးချယ်၍သွားနိုင်ခဲ့၏။
မိန်းကလေးက သန်းဉကိုလှည့်ကြည့်ရင်း.....
"ရှင်က လူမသတ်ဘူးဆိုတာ အမှန်ပဲလား"
ဟု မေးလိုက်၏။
သန်းဉက....
"ကျုပ် ကိုယ်ကိုက်ပြောရဲပါတယ်... ကျုပ် ဘယ်သူ့ကိုမှ မသတ်ခဲ့ ပါဘူး"
ဟု ပြောလိုက်၏။
မိန်းကလေးက ပြုံးလိုက်ပြီး....

"ရှင်က ကျွန်မကို သတ်ပြီး မြေမြှုပ်ခဲ့တယ်မဟုတ်လား"
ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် ကမျာကယာ လက်ကာပြကာ....

"မ... မဟုတ်ဘူး... သူ့ဘာသာသူ သေသွားတာ"
ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောလိုက်ပြီး....

"ရှင်က ဘာဖြစ်လို့ လိမ်ပြောရတာလဲ"
ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ကျွန်တော်လည်း မပြောတတ်တော့ဘူး"
ဟု စိတ်ပျက်စွာ ပြောလိုက်၏။

မိန်းကလေးက ရယ်မောကာ....

"ရှင် မသတ်ဘူးဆိုတာ ယုံပါတယ်"
ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ခင်ဗျားက သေရာက ပြန်ထလာတာတော့ မဟုတ်ပါဘူး နော်"

ဟု ပြောလိုက်၏။

မိန်းကလေးက ရယ်မောကာ....

"သေတဲ့လူက ပြန်ပြီး ရှင်နိုင်လို့လား"
ဟု မေးလိုက်၏။

သန်းဥက....



"ဒါဆို သူနဲ့ဘယ်လိုပတ်သက်နေသလဲ"
ဟု မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ကျွန်မတို့က အမွှာညီအစ်မပါ"
ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချကာ....

"ဪ... အမွှာညီအစ်မကိုး"
ဟု ရေရွတ်လိုက်၏။

မိန်းကလေးက....

"ဟုတ်ပါတယ်... သူက ကျွန်မရဲ့ ညီမပါ"
ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကျွန်တော် စိတ်မကောင်းပါဘူး"
ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံး၍....

"ရှင်က သူ့ကိုမသတ်ခဲ့ပါဘူး... ပြီးတော့ ရှင်က ဘယ်သူ့ကိုမှ မသတ်ခဲ့ပါဘူး"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မိန်းကလေးကို ကြည့်ကာ....

"အင်း... ကျုပ်ပြောတာကိုယုံတာ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံး၍ သန်းဉကို စူးစိုက်ကြည့်လိုက်၏။ ပြီးမှ....

"ရှင်က လူတွေကိုမသတ်ခဲ့ဘူး... လူတွေက ရှင့်ကိုထိတာနဲ့ ဘာဖြစ်လို့ သေသွားရတာလဲ... ရှင် သိရဲ့လား"

ဟု မေးလိုက်၏။

မိန်းကလေးသည် သန်းဉ၏အရေပြားပေါ်၌ အဆိပ်များရှိနေသည်ကို မသိပါ။

ထို့ကြောင့် သူမက စပ်စုလိုက်ခြင်းဖြစ်၏။

သန်းဉသည် မိန်းကလေး၏စကားကိုကြားရသောအခါ မိမိ၏အကြောင်းကို မိန်းကလေးက သိနေသည်ဟု ထင်မှတ်သွား၏။

ထို့ကြောင့် သူသည် မိန်းကလေးကို တအံ့တသြကြည့်ရင်း...

"ခင်ဗျားက ကျုပ်ရဲ့အရေပြားပေါ်မှာ အဆိပ်တွေရှိနေတာကို ဘယ်လိုလုပ်သိလဲ"

ဟု တအံ့တသြဖြင့် မေးလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"သိတာပေါ့... ကျွန်မကြည့်ရုံနဲ့သိတာ"

ဟု ခပ်တည်တည်ဖြင့် ပြောလိုက်၏။

သန်းဉက သက်ပြင်းချလိုက်ပြီး....

"လှိုအဘိုးက ပြောတယ်... ကျွန်တော့်ကိုကုလို့ မရဘူးလို့ ပြောတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးကာ....

"ကျွန်မက ရှင့်ကို ဘာဖြစ်လို့ လာရှာတာလဲ သိလား"



ဟု မေးလိုက်၏။

သန်းဉက ဦးခေါင်းခါယမ်းကာ....

"မသိဘူး...."

မိန်းကလေးက ပြုံး၍....

"ရှင့်ကို ကုပေးမလို့"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် **သန်းဉသည်** အံ့သြသွားပြီး....

"ဗျာ... ကျွန်တော့်ကိုကုပေးမလို့ ဟုတ်လား"

ဟု ပြောလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

သန်းဉက ဦးခေါင်းခါယမ်းလိုက်ပြီး....

"ဒီလောကမှာ ကျွန်တော့်ကို ကုပေးနိုင်တဲ့သမားတော် မရှိတော့ဘူးလို့ လှိုအဘိုးက ပြောတယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"နတ်ဆေးသမားတော်ကို **ကြားဖူးလား**"

ဟု မေးလိုက်၏။ သန်းဉက အဘိုးအိုလှိုဖုန်း၏စကားကို သတိရလာ၏။

လှိုဖုန်းက "မင်းကို နတ်ဆေးသမားတော်ကလွဲပြီး ဘယ်သူမှ မကုနိုင်ဘူး... ဒါပေမယ့် နတ်ဆေးသမားတော်ကလည်း သေပြီ" ဟု ပြောခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် သန်းဥက ဦးခေါင်းညိတ်ကာ....

"ကြားဖူးပါတယ်... ဒါပေမယ့် သူက သေပြီ မဟုတ်လား"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံး၍....

"သူက မသေပါဘူး... သူက သူ့ဘဝကို ဇာတ်မြှုပ်ပြီးနေခဲ့တာပါ"

ဟု ပြောလိုက်၏။

မိန်းကလေး၏ စကားကြောင့် သန်းဥသည် အံ့ဩသွားပြီး....

"သူ... သူ မသေဘူး ဟုတ်လား"

ဟု မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... သူ မသေပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက ဝမ်းသာအားရဖြစ်ကာ....

"ဒါ... ဒါဆို သူ ဘယ်မှာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍....

"ကျွန်မက ရှင့်ကိုလာရှာတာ... သူက ရှင့်ကိုခေါ်ခိုင်းလိုက်လို့ပါ"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် ဝမ်းသာအားရဖြစ်ကာ....



"ခင်... ခင်ဗျား တကယ်ပြောတာလား"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍ ဦးခေါင်းညိတ်ကာ....

"တကယ်ပြောတာ မဟုတ်ရင် ကျွန်မက ရှင့်ကို လာရှာပါ့မလား"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ဒါဆို အခု ကျွန်တော့်ကို သူ့ဆီခေါ်သွားမလို့လား"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍....

"အခုတော့ ရှင့်ကို သူ့ဆီ ခေါ်မသွားသေးဘူး"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် မိန်းကလေးကို နားမလည်ဟန်ဖြင့် ကြည့်ကာ....

"ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

မိန်းကလေးက သက်ပြင်းချလိုက်ပြီး....

"သမားတော်ကြီးက ကိစ္စ(၃)ခုကို ခိုင်းလိုက်တယ်... အဲဒီကိစ္စ(၃)ခုကိုဆောင်ရွက်ပြီးမှ ရှင့်ကိုဆေးကုပေးမယ်လို့ ပြောလိုက်တယ်"

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဥသည် ဦးခေါင်းကို လက်ဖြင့် တစ်ချက်ကုတ်လိုက်ပြီး....

"ဆေးကုပြီးမှ လုပ်ပေးရင်ရော မဖြစ်ဘူးလား"

ဟု မေးလိုက်၏။

မိန်းကလေးက ဦးခေါင်းခါယမ်းလိုက်ပြီး....

"သူက ဘယ်သူ့ကိုမှ ဆေးကုမပေးတော့ဘူး... ရှင့်ရဲ့အကြောင်းကိုကြားလို့ သူက ဂရုဏာသက်ပြီး ဆေးကုပေးမှာ ... ဒါပေမယ့် သူခိုင်းတဲ့ကိစ္စကို ရှင်ကဆောင်ရွက်ပေးမှ သူ ဆေးကုပေးမှာ"

ဟု ပြောလိုက်၏။

**သန်းဉက** နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"**ကောင်းပြီ**လေ... ကျုပ်က ဘာလုပ်ပေးရမှာလဲ"

**ဟု မေးလိုက်၏။**

**မိန်းကလေးက....**

"ပ**ထမတစ်ခုက ကျား**နက်ဂိုဏ်းက ပတ္တမြားအမိန့်တော်ကို ယူပေးရမယ်'

ဟု ပြောလိုက်၏။

မိန်းကလေး၏စကားကြောင့် သန်းဉသည် မျက်မှောင်ကြုတ်သွားပြီး....

"ကျုပ်က ဘယ်လိုလုပ်ပြီး ယူပေးရမှာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက ပြုံး၍....

"လွယ်လွယ်ကလေးပါ... ကျွန်မက ရှင့်ကို ကျားနက်ဂိုဏ်းကိုလိုက်ပို့မယ်... ကျားနက်ဂိုဏ်းကိုရောက်ရင် ရှင်က ဂိုဏ်းချုပ်ကြီးနဲ့တွေ့ပြီး သူ့ဆီက တောင်းရုံပါပဲ"

ဟု ပြောလိုက်၏။



**သန်းဉက....**

"သူက **မပေးရင်ရော...**"

**မိန်းကလေးက....**

"သူက **ပေးမှာပါ**"

သန်းဉက **နှုတ်**ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကောင်းပြီ... ဒုတိယကိစ္စက ဘာလဲ"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ဒုတိယကိစ္စက ဂူတန်ဂိုဏ်းချုပ်ဆီက နဂါးအမိန့်ကို ယူပေးရုံပါပဲ"

သန်းဉက....

"သူက ပေးလိုက်မှာလား"

မိန်းကလေးက....

"ပေးလိုက်မှာပါ"

သန်းဉက....

"**ကောင်းပြီ...** တတိယကိစ္စက ဘာလဲ"

ဟု **မေးလိုက်**၏။

**မိန်းကလေးက** ပြုံး၍....

"ခွန်လွန်ဂိုဏ်းချုပ်ဆီက ဂိုဏ်းချုပ်အလံကိုယူဖို့ပါ"

သန်းဉက....

"သူကလည်း ပေးလိုက်မှာပဲလား"

ဟု မေးလိုက်၏။

မိန်းကလေးက....

"ပေးလိုက်မှာပါ"

သန်းဥက ဦးခေါင်းညိတ်ကာ....

"ကောင်းပြီလေ... ကျွန်တော် ယူပေးမယ်"

ဟု ပြောလိုက်၏။

မိန်းကလေးက....

"ရှင်က အဲဒီပစ္စည်း(၃)ခုကို ကျွန်မကို ပေးရမယ်... အဲဒီပစ္စည်း ကျွန်မရဲ့လက်ထဲရောက်တာနဲ့ ကျွန်မက ရှင့်ကို နတ်ဆေးသမားတော်ကြီးဆီ ခေါ်သွားပြီး... ရှင့်ကိုယ်ပေါ်က အဆိပ်ကိုဖယ်ပေးမယ်"

ဟု ပြောလိုက်၏။

သန်းဥက မိန်းကလေးကို တစ်ချက်ကြည့်ပြီး....

"ကောင်းပြီလေ... ခင်ဗျားရဲ့စကားသာ တည်ပါစေ"

ဟု ပြောလိုက်၏။

အကယ်၍သာ သန်းဥသည် ထိုပစ္စည်းများ၏ တန်ဖိုးကိုသိလျှင် ယခုကဲ့သို့ လွယ်လွယ်ကူကူ ကတိပေးလိမ့်မည်မဟုတ်ပါ။

အကြောင်းမှာ ထိုပစ္စည်းများသည် ဂိုဏ်း၏အသက်သွေးကြောဖြစ်၏။

ထိုပစ္စည်းများသည် ဂိုဏ်းချုပ်ကြီး၏အဆောင်အယောင်များ ဖြစ်၏။

ထို့ကြောင့် ထိုပစ္စည်းကို အလွယ်တကူလွှဲပြောင်းပေးခြင်း မရှိခဲ့ပါ။

ထိုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် ဂိုဏ်းချုပ်ကြီးနှင့်အဖွဲ့သားအားလုံး၌ တာဝန်ရှိ၏။



ထိုပစ္စည်းပျောက်ဆုံးသည်နှင့် ထိုဂိုဏ်းလည်း သိုင်းလောက၌ မှေးမှိန်ပျောက်ကွယ်သွားမည်ဖြစ်၏။

မည်သို့ပင်ဖြစ်ပါစေ သန်းဥသည် ထိုပစ္စည်းများကိုယူပေးရန် ကတိပေးပြီး မဟုတ်ပါလား။

ဖ ဖ ဖ

ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးသည် သိုင်းပညာထူးချွန်ထက်မြက်သူ ဖြစ်၏။ ထို့အပြင် သူသည် အလွန်ပါးနပ်သူတစ်ယောက်လည်း ဖြစ်၏။

လွန်ခဲ့သော(၂)နှစ်ခန့်မှ စ၍ သိုင်းလောက၌ မရဏတမန်တော် ပေါ်ပေါက်လာခဲ့၏။

မရဏတမန်တော်ကြောင့် သိုင်းလောကတစ်ခုလုံး တုန်လှုပ်ချောက်ချားခဲ့ရ၏။

ထို့ကြောင့် ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးသည် မရဏတမန်တော်ကိုအသုံးချ၍ သိုင်းလောကကိုချုပ်ကိုင်ရန် ကြံစည်တွေးတောခဲ့၏။

သူသည် ထိုသို့စဉ်းစားပြီးနောက် မရဏတမန်တော်၏ အကြောင်းကို စုံစမ်းခဲ့၏။

ပြီးမှ သူသည် သူ၏သမီးကို မရဏတမန်တော်၏နောက်သို့ ခြေရာခံ၍လိုက်ရန် တာဝန်ပေးလိုက်၏။

ထိုသို့တာဝန်ပေးလိုက်သဖြင့် အကြီးမက မရဏတမန်တော်နောက်သို့ ခြေရာခံ၍လိုက်လာရာ မထင်မှတ်ဘဲ အဆောက်အဦပျက်ထဲ၌ သေဆုံးခဲ့ရ၏။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးသည် **အငယ်မကို ထပ်မံစေလွှတ်**လိုက်ခြင်း ဖြစ်၏။

တစ်ဆက်တည်းမှာပင် မရဏ**တမန်တော်**ကို စည်းရုံးပြီး ဂိုဏ်းကြီး(၃)ဂိုဏ်းမှ ပစ္စည်းများကို ယူနိုင်းခဲ့ခြင်းဖြစ်၏။

ထိုပစ္စည်းများကိုရရှိပါက သူသည် ထိုဂိုဏ်းကြီး(၃)ဂိုဏ်းကို ထိန်းချုပ်ကြိုးကိုင်နိုင်မည်ဖြစ်၏။

ထို့နောက် မရဏတမန်တော်ကို ထပ်မံအသုံးချပြီး သိုင်းလောကတစ်ခုလုံးကိုချုပ်ကိုင်ရန် ကြံစည်ထား၏။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီး၏သမီး အငယ်မသည် သန်းဥကို ခြေရာခံ၍ လိုက်လာခဲ့ခြင်းဖြစ်၏။

သူမ၏မူလ အစီအစဉ်မှာ သန်းဥကိုဖြားယောင်းပြီး ဓားနှစ်လက်ဂိုဏ်းသို့ခေါ်ဆောင်သွားရန် ဖြစ်၏။

သို့သော် မထင်မှတ်ဘဲ သန်းဥ၏ခန္ဓာကိုယ်ပေါ်၌ အဆိပ်များပြန့်နေကြောင်း သိလိုက်ရသောအခါ ချက်ချင်းပင် သန်းဥကိုအသုံးချ၍ ဂိုဏ်းကြီး(၃)ဂိုဏ်းမှ ပစ္စည်းများ**ကိုရယူရန်** ဆုံးဖြတ်လိုက်ပြီး ယခုကဲ့သို့ စေခိုင်းလိုက်ခြင်းဖြစ်၏။

ယခု သန်းဥသည် မိမိ၏စကားကိုယုံကြည်ပြီး မိမိခိုင်းသည့်အတိုင်းပြုပ်ပေးမည်ဖြစ်ကြောင်း ပြောလိုက်သောကြောင့် သူမသည် သဘောကျစွာ ပြုံးလိုက်မိ၏။

ထို့နောက် သူမသည် သန်းဥကို ကျားနက်ဂိုဏ်းသို့ခေါ်



ဆောင်သွားလေတော့သည် မဟုတ်ပါလား။

ⵥ ⵥ ⵥ

ဤနေရာ၌ **တောင်တန်း**များသည် လှပ၏။

ပတ်ဝန်းကျင်သည် စိမ်းလန်းစိုပြေနေ၏။

အေးမြ၍ လတ်ဆတ်သောလေထဲ၌ မွှေးကြိုင်သောပန်းရနံ့များက ပါရှိလာ၏။

မိန်းကလေးသည် ခြေလှမ်းရပ်တန့်လိုက်၏။

ထို့ကြောင့် သန်းဥကလည်း ခြေလှမ်းရပ်တန့်လိုက်၏။

မိန်းကလေးက စိမ်းလန်းစိုပြေသော သစ်တောများကြားမှ အဆောက်အဦတစ်ခုကို **ညွှန်ပြ**လိုက်ပြီး....

"အဲဒါ... ကျား**နက်ဂိုဏ်း**ပဲ"

ဟု ပြောလိုက်၏။

သန်းဥက မိန်းကလေးညွှန်ပြသောနေရာသို့ လှမ်းကြည့်လိုက်၏။

အဆောက်အဦက ကြီးမားကျယ်ဝန်းပြီး ခန့်ညား၏။

မိန်းကလေးက သန်းဥကို ပြုံးပြလိုက်ပြီး....

"ကျားနက်ဂိုဏ်းချုပ်ကြီးနဲ့တွေ့ပြီ... သူ့ဆီက ပတ္တမြားအမိန့်ကို ယူခဲ့ပါ"

ဟု ပြောလိုက်၏။

သန်းဥက အဆောက်အဦကို တစ်ချက်ကြည့်ပြီး....

"အတော် ခန့်ညားတာပဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်... သိုင်းလောကမှာ ကျော်ကြားတဲ့ဂိုဏ်းတစ်ခုပဲ"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဒါဆို အင်အားကြီးမှာပေါ့"

ဟု ပြောလိုက်၏။

မိန်းကလေးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

သန်းဥက လေပူတစ်ချက် မှုတ်ထုတ်ကာ....

"ကျုပ်တစ်ယောက်ထဲသွားလို့ ဖြစ်ပါ့မလား"

ဟု ပြောလိုက်၏။

မိန်းကလေးက ပြုံးလိုက်ပြီး....

"ဖြစ်ပါတယ်... မင်းကသာ မင်းဟာ မရဏတမန်တော်ပါလို့ ပြောလိုက်... အစောင့်တွေက ဂိုဏ်းချုပ်ကြီးဆီ လိုက်ပို့ပေးလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကောင်းပြီလေ... ခင်ဗျား ဒီက စောင့်နေ... ကျုပ်သွားယူပြီး ပြန်လာခဲ့မယ်"



ဟု ပြောလိုက်၏။

ထို့နောက် သူသည် ကျားနက်ဂိုဏ်းရှိရာသို့ လျှောက်သွားလေတော့သည် မဟုတ်ပါလား။

ჶ ჶ ჶ

သန်းဥသည် ခြေလှမ်းကိုရပ်တန့်လိုက်၏။

ထို့နောက် မုဒ်ဦးမှ ရွှေရောင်စာလုံးဖြင့် ရေးထားသောစာလုံးများကို တစ်ချက်မော့ကြည့်လိုက်၏။

ပြီးမှ ကွေ့ကောက်၍ရှည်လျားသော ကျောက်လှေကားထစ်များကို လှမ်းမျှော်ကြည့်လိုက်၏။

သူသည် ထိုနေရာ၌ အတန်ကြာအောင် ရပ်နေ၏။ ပြီးမှ သူသည် ကျောက်လှေကားထစ်များအတိုင်း အပေါ်သို့တက်လာခဲ့၏။

အပေါ်သို့ရောက်သောအခါ အဖြူရောင်ကျောက်ပြားများခင်းထားသောလမ်းကို တွေ့ရ၏။

ထိုလမ်း၏အဆုံး၌ ကြီးမားသောအဆောက်အဦရှိ၏။

အဆောက်အဦ၏ပတ်ဝန်းကျင်၌ တူညီဝတ်စုံကိုဝတ်ဆင်ထားသောလူများ ဟိုဟိုဒီဒီ လျှောက်သွားနေသည်ကို တွေ့ရ၏။

သန်းဥသည် ပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး အဆောက်အဦရှိရာသို့ လျှောက်လာခဲ့၏။

အဆောက်အဦတံခါးဝ၌ လက်နက်ကိုင်အစောင့်(၂)ယောက် ရှိ၏။

သန်းဥက အဆောက်အဦထဲသို့ဝင်ရန် ဟန်ပြင်လိုက်သောအခါ အစောင့်(၂)ယောက်က ဟန့်တားလိုက်၏။

သန်းဥက အစောင့်(၂)ယောက်ကို ပြုံးပြကာ....

"ဂိုဏ်းချုပ်ကြီးနဲ့တွေ့မလို့"

ဟု ပြောလိုက်၏။

ထိုစဉ် အိမ်တော်ထိန်းဖြစ်ဟန်တူသော လူတစ်ယောက်ရောက်ရှိလာပြီး....

"ဘာကိစ္စရှိလို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ခင်ဗျားက ဂိုဏ်းချုပ်ကြီးလား"

ဟု ပြန်မေးလိုက်၏။

အိမ်တော်ထိန်းက....

"ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်တာလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

အိမ်တော်ထိန်းက....

"ဘာကိစ္စများလဲ"

ဟု မေးလိုက်၏။

သန်းဥက....



"ဂိုဏ်းချုပ်ကြီးနဲ့တွေ့မှ ဖြစ်မယ်"

ဟု ပြောလိုက်၏။

အိမ်တော်ထိန်းက သက်ပြင်းချလိုက်ပြီး....

"ဒီနေ့ ဂိုဏ်းချုပ်ကြီးက ဘယ်ဧည့်သည်ကိုမှအတွေ့မခံဘူးလို့ မှာထားပါတယ်... နောက်ရက်မှ ပြန်လာပါ"

ဟု ပြောလိုက်၏။

သန်းဥက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

"မဖြစ်ဘူး... ကျုပ်က အခုတွေ့ချင်တာ"

ဟု ပြောလိုက်၏။

အိမ်တော်ထိန်းက....

"မဖြစ်လို့ပါ"

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"မရဏာတမန်တော်က ဂိုဏ်းချုပ်ကြီးကို တွေ့ချင်တယ်လို့ သွားပြောပေးပါ"

ဟု ပြောလိုက်၏။

သန်းဥက 'မရဏာတမန်တော်'ဟု ပြောလိုက်သောအခါ အိမ်တော်ထိန်းသည် မျက်လုံးပြူးသွားပြီး ထိတ်လန့်စွာ နောက်သို့ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

ပြီးမှ သူသည် သန်းဥကို မယုံနိုင်လောက်အောင် အံ့ဩသောမျက်နှာဖြင့် ကြည့်ကာ....

"မင်းက မရဏာတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

ဟု ပြောလိုက်၏။

အိမ်တော်ထိန်းက ဘာမျှမပြောတော့ပါ။

သူသည် သန်းဥကို ဧည့်ခန်းထဲ၌နေရာချထားလိုက်ပြီး ဂိုဏ်းချုပ်ကြီးကို သတင်းပို့ရန် ထွက်သွားလေတော့၏။

ψ ψ ψ

သန်းဥသည် ဧည့်ခန်းထဲ၌ ထိုင်နေ၏။

ထိုအချိန်၌ ကျားနက်ဂိုဏ်းတစ်ခုလုံးသည် လှုပ်လှုပ်ရွရွဖြစ်နေ၏။

သိုင်းလောကတစ်ခုလုံးကို ထိတ်လန့်ချောက်ချားစေခဲ့သော မရဏတမန်တော်က ကျားနက်ဂိုဏ်းသို့ရောက်ရှိလာခြင်းကြောင့် ကျားနက်ဂိုဏ်းအတွင်း၌ ပွက်လောရိုက်ကာ လှုပ်လှုပ်ရွရွ ဖြစ်နေသည် မဟုတ်ပါလား။

ကျားနက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီးသည် မျက်မှောင်ကြုတ်ကာ....

"သူက ဘာလာလုပ်တာလဲ"

ဟု အိမ်တော်ထိန်းကို မေးလိုက်၏။

အိမ်တော်ထိန်းက....

"မပြောဘူး... ဂိုဏ်းချုပ်ကြီးနဲ့ပဲ တွေ့ချင်တယ်လို့ ပြော



တယ်"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ကောင်းပြီ... သူ့ကို အထဲခေါ်ခဲ့ပါ"

ဟု ပြောလိုက်၏။

အိမ်တော်ထိန်းက ဦးညွှတ်၍ အခန်းထဲမှ ထွက်သွား၏။

ထို့နောက် အိမ်တော်ထိန်းသည် သန်းဥကိုခေါ်၍ ကျားနက်ဂိုဏ်း၏ခန်းမထဲသို့ ခေါ်ဆောင်လာလေ၏။

ခန်းမထဲ၌ လူတစ်စုရှိ၏။

ခန်းမ၏တစ်ဘက်ထိပ်၌ ကုလားထိုင်တစ်လုံးရှိ၏။

ကုလားထိုင်၏ နောက်ကျောမှီပေါ်၌ ကျား၏ဦးခေါင်းသဏ္ဌာန် ထွင်းထုထား၏။

ထိုကုလားထိုင်၌ လူတစ်ယောက်ထိုင်နေ၏။

ထိုလူသည် ကျားနက်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး ဖြစ်၏။

သူ၏ဝဲယာတစ်ဘက်တစ်ချက်၌ အနက်ရောင်ဝတ်စုံနှင့် လူတချို့ ရပ်နေ၏။

ထိုလူများသည် ဂိုဏ်းချုပ်ကြီး၏အားကိုးရသောလူများ ဖြစ်၏။

သန်းဥက ကုလားထိုင်ပေါ်မှ လူကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

"ခင်ဗျားက ကျားနက်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးလား"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးက....

"ဟုတ်တယ်... မင်းကရော မရဏာတမန်တော်လား"

ဟု မေးလိုက်၏။

သန်းဥက....

"ဟုတ်တယ်...."

ဂိုဏ်းချုပ်ကြီးက....

"မင်းက ငါ့ကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဂိုဏ်းချုပ်ကြီးဆီက ပစ္စည်းတစ်ခုတောင်းချင်လို့ပါ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်ကာ....

"ဘာပစ္စည်းလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ပတ္တမြားအမိန့်ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အခန်းထဲမှ လူများသည် ထိတ်လန့်တုန်လှုပ်သွား၏။

ဂိုဏ်းချုပ်ကြီးကိုယ်တိုင် အံ့ဩကာ သန်းဥကို ကြည့်လိုက်၏။

သူသည် သန်းဥကို စူးရှစွာ ကြည့်လိုက်၏။ ပြီးမှ....

"မင်းက ပတ္တမြားအမိန့်ကို ဘာဖြစ်လို့ လိုချင်တာလဲ"

ဟု မေးလိုက်၏။



သန်းဥသည် မည်သို့ပြန်ဖြေရမှန်း မသိအောင် ဖြစ်သွား၏။ သူသည် ပတ္တမြားအမိန့်ကို မည်သည့်ပစ္စည်းမှန်း မသိပါ။ ထိုပစ္စည်းသည် မည်မျှတန်ဖိုးရှိမှန်းလည်း မသိပါ။

သူ့အနေဖြင့် မိမိ၏ရောဂါကိုကုသရန် မိန်းကလေး၏ တောင်းဆိုချက်အတိုင်း လာရောက်တောင်းခံခြင်းဖြစ်၏။

ဂိုဏ်းချုပ်ကြီးက....

"ပြောလေ... မင်းက ဒီပစ္စည်းကို ဘာဖြစ်လို့ လိုချင်တာလဲ"

ဟု ထပ်၍ မေးလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး...

"ဒါတော့ ကျုပ် မပြောနိုင်ဘူး"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက **သက်ပြင်း**ချလိုက်ပြီး....

"ပတ္တမြားအမိန့်ဟာ ငါတို့ဂိုဏ်းရဲ့ အထွဋ်အမြတ် ပစ္စည်းပဲ... မင်းကိုပေးလို့ မဖြစ်ဘူး"

ဟု ပြောလိုက်၏။

သန်းဥသည် သက်ပြင်းချလိုက်ပြီး....

"ဒါဖြင့်... ကျုပ်ကို မပေးနိုင်ဘူးပေါ့"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးက....

"ဟုတ်တယ်... မပေးနိုင်ဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"အင်း... ကျုပ်ကတော့ ရအောင်ယူရမှာပဲ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက....

"ဒီပစ္စည်းဟာ ကျုပ်တို့ဂိုဏ်းရဲ့အုပ်ချုပ်မှု ပစ္စည်းပဲ... ဒီ ပစ္စည်းမရှိရင်... ကျုပ်တို့ဂိုဏ်းလည်း မရှိတော့ဘူး... ဘာလဲ... မင်းက ကျုပ်တို့ဂိုဏ်းကို သိမ်းပိုက်မလို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်က ပတ္တမြားအမိန့်ကိုပဲ လိုချင်တာ... ခင်ဗျားတို့ဂိုဏ်းကို မလိုချင်ဘူး"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက သက်ပြင်းချလိုက်ပြီး....

"မင်းနဲ့ ကျုပ်တို့ဂိုဏ်းနဲ့ ရန်ငြိုးရှိလို့လား"

ဟု ထပ်၍ မေးလိုက်၏။

သန်းဥက....

"မရှိဘူး...."

ဂိုဏ်းချုပ်ကြီးက....

"ဒါဖြင့်... မင်းက ဘာဖြစ်လို့ ငါတို့ဂိုဏ်းကိုပျက်စီးအောင် လာလုပ်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ကျုပ်က ဘာတွေပျက်စီးအောင် လုပ်လို့လဲ... ဒီပစ္စည်းမရှိတာနဲ့ ခင်ဗျားတို့က ပျက်စီးသွားရောလား"



ဟု ပြန်ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးသည် သက်ပြင်းချလိုက်၏။

"မင်းက ဒီပစ္စည်းကိုယူသွားရင် ငါတို့ဂိုဏ်းပျက်စီးသွားပြီဆိုတာ မသိဘူးလား"

ဟု ပြောလိုက်၏။

သန်းဥက....

"စကားအပိုမပြောနဲ့... ပတ္တမြားအမိန့်ကို ပေးမှာလား... မပေးဘူးလား"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးက သက်ပြင်းချကာ....

"ဝမ်းနည်းပါတယ်... မပေးနိုင်ပါဘူး"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်ကတော့ ဒီပစ္စည်းကို မရလို့မဖြစ်ဘူး"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက....

"အင်း... မင်းက ငါတို့ကို လာပြီး ရန်စတာပဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်က ရန်မစပါဘူး... ကျုပ် လိုချင်တာကိုလာပြီး တောင်းတာပါ"

ဂိုဏ်းချုပ်ကြီးက....

"ကျုပ်ကမှ မပေးနိုင်တာ... မင်းပြန်ပါတော့"

ဟု ပြောလိုက်၏။

သန်းဥက....

"ဒီပစ္စည်း မရမချင်း ကျုပ်က ဒီမှာရပ်နေမှာပဲ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက အိမ်တော်ထိန်းကို လက်ဝှေ့ယမ်းပြကာ....

"သူ့ကို ပြန်ပို့လိုက်ပါ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ် ပြောပြီးပြီ... ပစ္စည်းအမိန့်မရမချင်း ကျုပ် ဒီက မသွားဘူး"

ဟု ပြောလိုက်၏။

ထိုစဉ် ဂိုဏ်းချုပ်ကြီး၏လက်ဝဲရံက ရှေ့သို့ထွက်လာပြီး သန်းဥ၏ရှေ့၌ ရပ်တန့်လိုက်၏။

ပြီးမှ....

"ဒီမှာ... မင်းက မသွားဘူးဆိုရင် ငါက မင်းကိုမောင်းထုတ်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်က မသွားဘူး"

ဟု ပြောလိုက်၏။

လက်ဝဲရံက သက်ပြင်းချကာ....

"အင်း... မင်းက သက်သက်ရန်လာရှာတာပဲ"



ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်က ရန်လာရှာတာ မဟုတ်ဘူး... ကျုပ်လိုချင်တာကို လာတောင်းတာ"

ဟု ပြောလိုက်၏။

လက်ဝဲရံက....

"မင်းက မဖြစ်နိုင်တာကို ဘာဖြစ်လို့ တောင်းရတာလဲ"

ဟု ပြောလိုက်၏။

သန်းဥက....

"ကျုပ်က ဒါပဲလိုချင်တာကို"

ဟု ပြန်ပြောလိုက်၏။

လက်ဝဲရံက သက်ပြင်းချလိုက်ပြီး....

"မင်းကို ဆုံးမမှ ဖြစ်တော့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် လက်ဝဲရံက ရုတ်တရက် လက်ကိုဆန့်တန်းကာ သန်းဥ၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်လေတော့၏။

လက်ဝဲရံက သန်းဥ၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်သည်နှင့် 'အား'ဟု စူးရှစွာ အော်ဟစ်သံပေါ်ထွက်လာ၏။

သို့သော် ထိုအသံသည် သန်းဥ၏အသံ မဟုတ်ပါ။

သန်းဥ၏ရင်ဝကို လက်သီးဖြင့် ထိုးချလိုက်သောလက်ဝဲရံထံမှ ပေါ်ထွက်လာသောအသံဖြစ်၏။

လက်ဝဲရံသည် စူးရှစွာ တစ်ချက်အော်ဟစ်လိုက်ပြီး နောက်သို့ ခြေလှမ်း(၃)လှမ်းခန့် ဆုတ်သွား၏။

ထို့နောက် လက်ဝဲရံသည် သန်းဥကို ထိတ်လန့်သောမျက်လုံးများဖြင့် ကြည့်ရင်း ကြမ်းပေါ်သို့ လဲကျသေဆုံးသွားလေတော့၏။

ထိုအဖြစ်အပျက်ဖြင့် ကျားနက်ဂိုဏ်းချုပ်ကြီးသည် မျက်လုံးပြူးသွား၏။ အခန်းထဲမှ လူတိုင်းကလည်း အံ့ဩထိတ်လန့်သွား၏။

သူတို့သည် သန်းဥ၏လှုပ်ရှားမှုကို မတွေ့လိုက်ရပါ။

သို့သော် ကျားနက်ဂိုဏ်း၏လက်ဝဲရံသည် သေဆုံးသွားပြီဖြစ်၏။

ထို့ကြောင့် သူတို့သည် သန်းဥကို အံ့ဩသောမျက်လုံးများဖြင့် ကြည့်နေကြ၏။

အတန်ကြာမှ လူ(၇)ယောက်သည် ရှေ့သို့ခုန်ထွက်လာပြီး သန်းဥကို ဝိုင်းရံလိုက်၏။

ထို(၇)ယောက်သည် ကျားနက်ဂိုဏ်းမှ လက်ရွေးစင်(၇)ယောက် ဖြစ်၏။

သိုင်းလောကသားများက သူတို့(၇)ယောက်ကို (၇)စင်ကြယ်ညီနောင်ဟု ခေါ်ကြ၏။

အကြောင်းမှာ သူတို့(၇)ယောက်၏ (၇)စင်ကြယ်ဝင်္ဂဘာသည် သိုင်းလောက၌ နာမည်ကျော်ကြားသောသိုင်းကွက် ဖြစ်၏။

ထို(၇)စင်ကြယ် ဝင်္ဂဘာထဲမှ ရှန်းထွက်နိုင်သူဟူ၍ (၁၀)နှစ် အတွင်း တစ်ယောက်မျှ မရှိသေးပါ။

သူတို့သည် သန်းဥကို ဝိုင်းရံလိုက်၏။

ထို့နောက် သူတို့သည် တစ်ယောက်ကိုတစ်ယောက် အချက်ပြလိုက်ပြီး သူတို့၏နာမည်ကျော်ကြားသော(၇)စင်ကြယ် ဝင်္ဂ



ဘာသိုင်းကွက်ဖြင့် သန်းဥကို တိုက်ခိုက်လိုက်လေတော့၏။

"အား... အား... အား"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာပြီး (၇)စင်ကြယ်ညီနောင်ထဲမှ (၄)ယောက်သည် အဝေးသို့ လွင့်စဉ်လဲကျသေဆုံးသွားလေတော့၏။

ထို့ကြောင့် ကျန်(၃)ယောက်သည် မည်သို့ပြုလုပ်ရမှန်းမသိဘဲ ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ခုန်ဆုတ်လိုက်၏။

အခန်းထဲမှလူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် သူတို့သည် နှုတ်ခမ်းကိုကိုက်ကာ သန်းဥထံသို့ ဝိုင်းရံ၍ ရောက်ရှိလာ၏။

သူတို့သည် သန်းဥကို တိုက်ခိုက်နိုင်မည်မဟုတ်မှန်း သိ၏။

သို့သော် သူတို့သည် သူတို့ဂိုဏ်း၏ပတ္တမြားအမိန့်ကို ကာကွယ်ရန် သန်းဥကို တိုက်ခိုက်ရမည်ဖြစ်၏။

ထိုစဉ် ဂိုဏ်းချုပ်ကြီးသည် ထိုင်ရာမှထလိုက်ပြီး လက်ကိုဝှေ့ယမ်းကာ....

"ရပ်လိုက်...."

ဟု အမိန့်ပေးလိုက်၏။

ပြီးမှ သက်ပြင်းချကာ....

"မင်းတို့ နောက်ဆုတ်"

ဟု ပြောလိုက်၏။

ထို့နောက် သူကိုယ်တိုင် သန်းဥထံသို့ လျှောက်လာပြီး သန်းဥနှင့် မျက်နှာချင်းဆိုင်လိုက်၏။

**သန်းဥက** ပြုံးလိုက်ပြီး....

"ပေးဖို့ ဆုံးဖြတ်လိုက်ပြီလား"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးက....

"မင်းရဲ့အစွမ်းကို ကျုပ် ကြည့်ချင်သေးတယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံး၍....

"အခု... ခင်ဗျားရဲ့လက်ရွေးစင်တွေ သေသွားပြီ... ခင်ဗျား အနေနဲ့ ကျုပ်တောင်းတဲ့ ပစ္စည်းပေးသင့်ပြီ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက သန်းဥကို စူးစိုက်ကြည့်လိုက်၏။

ကျားနက်ဂိုဏ်း၏ရာဇဝင်၌ ယခုကဲ့သို့ ကျားနက်ဂိုဏ်း၏ ခန်းမထဲသို့ လာရောက်စော်**ကားခြင်းကို မခံခဲ့ရပါ။**

ထို့ကြောင့် ဂိုဏ်း**ချုပ်ကြီးသည် ဒေါသဖြစ်နေ၏။**

ဂိုဏ်းချုပ်ကြီးက **နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....**

"ကျုပ်က သူတို့အတွက် မင်းဆီက အသက်ကိုပြန်တောင်း ပေးမှ တရားမျှတမယ်ထင်တယ်"

ဟု ပြောလိုက်၏။

သန်းဥက ပြုံးကာ....

"ခင်ဗျားက ဘာဖြစ်လို့ အသေခံချင်ရတာလဲ"

ဟု ပြောလိုက်၏။

ထိုစဉ် အိမ်တော်ထိန်းက ဂိုဏ်းချုပ်ကြီး၏ရှေ့၌ ဒူး ထောက်လိုက်ပြီး....



"ဂိုဏ်းချုပ်ကြီးကို တောင်းပန်ပါတယ်... သူလိုချင်တာ ပေး လိုက်ပါ"

ဟု ဝင်ရောက်ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက အိမ်တော်ထိန်းကို ငုံ့ကြည့်ကာ....

"ဒီပစ္စည်းအကြောင်း ခင်ဗျားသိပါတယ်"

ဟု ပြောလိုက်၏။

အိမ်တော်ထိန်းက....

"သိပါတယ်... ဒါပေမယ့်... ဂိုဏ်းတစ်ခုလုံးရဲ့အကျိုးအ တွက် ကျွန်တော် တောင်းပန်ရတာပါ"

ဟု ပြောလိုက်၏။

အိမ်တော်ထိန်း၏စကားကြောင့် ဂိုဏ်းချုပ်ကြီးသည် တွေ **ဝေ၍ သွား၏။**

မရဏတမန်တော်သည် ထိုပစ္စည်းကိုမရမချင်း ဤနေရာမှ ခြေလှမ်းတစ်လှမ်းပင် ရွေ့မည်ပုံမပေါ်ပါ။

ထို့အပြင် မိမိတို့က မရဏတမန်တော်ကို မည်သို့မျှ ယှဉ် နိုင်မည် မဟုတ်ပါ။

မိမိ၏ဂိုဏ်းသားများသာ တစ်ယောက်ပြီးတစ်ယောက် သေဆုံးသွားမည်ဖြစ်၏။ ၇င်း၌ ၄

ထို့ကြောင့် ဂိုဏ်းသားများ၏အသက်ကို အလဟသ အ သေမခံရန် ဂိုဏ်းချုပ်ကြီးက ဆုံးဖြတ်လိုက်၏။

ထိုအချိန်မှာပင် အခန်းထဲမှ ဂိုဏ်းသားများကလည်း ကြမ်း ပေါ်သို့ တညီတညွတ်တည်း ဒူးထောက်လိုက်ပြီး....

"တောင်းပန်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဟု ပြောလိုက်ကြ၏။

ဂိုဏ်းချုပ်ကြီးသည် နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး....

"သူ့ကို သူလိုချင်တာ ယူပေးလိုက်"

ဟု အိမ်တော်ထိန်းကို ပြောလိုက်၏။

အိမ်တော်ထိန်းက ဦးခေါင်းညိတ်လိုက်ပြီး ဒူးထောက်ရာမှ ထ၍ ထွက်သွားလေတော့၏။

သန်းဥက ပြုံးကာ....

"အဲဒီလိုမှပေါ့"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးက သန်းဥကို စူးစိုက်ကြည့်လိုက်ပြီး....

"မင်းကိုတစ်ခုတော့ ပြောလိုက်မယ်... အခုကိစ္စအတွက် မင်းကို ငါ တစ်နေ့လာရှာမယ်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ

ချင်းချင်းသည် တံငါသည်ကြီးနှင့် သွားရောက်တွေ့ဆုံပြီးနောက် တည်းခိုခန်းသို့ ပြန်လာခဲ့၏။

တည်းခိုခန်းသို့ရောက်သောအခါ သန်းဥကို မတွေ့ရတော့ပါ။

ထို့ကြောင့် သူမသည် တည်းခိုခန်းစာရေးကို မေးမြန်းစုံစမ်း



ရာ နံနက်စာစားပြီးကတည်းက ထွက်သွားကြောင်း သိခဲ့ရ၏။

ထို့ကြောင့် ချင်းချင်းသည် သန်းဥအတွက် စိတ်ပူသွား၏။

အကြောင်းမှာ သိုင်းလောကသားများက သန်းဥ၏နောက်သို့ ခြေရာခံလိုက်လာကြောင်းကို ချင်းချင်းက သိထားသောကြောင့် ဖြစ်၏။

သန်းဥသည် သိုင်းပညာမည်မျှ ထက်မြက်နေပါစေ သိုင်းလောကတစ်ခုလုံးကို ရင်ဆိုင်နိုင်လိမ့်မဟုတ်ပါ။

ထို့ကြောင့် ချင်းချင်းသည် သန်းဥအတွက် စိတ်ပူသွားခြင်း ဖြစ်၏။

သူမသည် တည်းခိုခန်းထဲ၌ ကပျာကယာ ထွက်လာပြီး သန်းဥကို လိုက်လံရှာဖွေ၏။

သူမသည် ထိုသို့လုယန်းမြို့တစ်မြို့လုံးကို လိုက်လံရှာဖွေခဲ့သော်လည်း သန်းဥ၏အရိပ်အရောင်ကို မတွေ့ခဲ့ရပါ။

သို့သော် နောက်တစ်နေ့ နံနက်၌ လုယန်းမြို့မှ ဖေ့ယင်းတို့ လင်မယားကို မရဏတမန်တော်က သတ်သွားသည့်သတင်းကို ကြားလိုက်ရ၏။

ထိုသတင်းသည် လုယန်းမြို့၏နေရာတိုင်း၌ လူတို့စိတ်ဝင်စားသောသတင်း ဖြစ်၏။

တစ်ဆက်တည်းမှာပင် လုယန်းမြို့ တစ်မြို့လုံးသည်လည်း ချောက်ချောက်ချားချား ဖြစ်လာ၏။

လုယန်းမြို့မှ သိုင်းသမားများသည်လည်း လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

ထိုနေ့တစ်နေ့တည်းမှာပင် ပထမသတင်းထက် ပို၍တုန်

လှုပ်ချောက်ချားဖွယ်ကောင်းသောသတင်းက ပေါ်ထွက်လာ၏။

ထိုသတင်းမှာ မရဏတမန်တော်က ကျားနက်ဂိုဏ်းမှ ပတ္တမြားအမိန့်တော်ကို လုယူသွားသည်ဟူသောသတင်းပင် မဟုတ်ပါ လား။

ဖ ဖ ဖ

ပတ္တမြားအမိန့်တော်....။

ထိုပစ္စည်းသည် ကျားနက်ဂိုဏ်း၏အသက်သွေးကြော ဖြစ်၏။

ထိုပစ္စည်းသည် ဂိုဏ်းချုပ်ကြီး၏အမိန့်ကဲ့သို့ **အာဏာတည်**စေသော အမိန့်တော်ဖြစ်၏။

ထိုအမိန့်တော်ကိုပြလိုက်သည်နှင့် ကျားနက်ဂိုဏ်း**သားများ**က ဒူးထောက်၍ အမိန့်နာခံရ၏။

ထို့ကြောင့် ထိုအမိန့်တော်ကို ဂိုဏ်းချုပ်ကြီးတစ်ဦးတည်းသာ ကိုင်ဆောင်ခွင့်ရှိ၏။

အရေးအကြောင်းကြုံပါက ထိုအမိန့်တော်ကိုပေးအပ်၍ တာဝန်ထမ်းဆောင်စေ၏။

သို့ဖြစ်၍ ထိုအမိန့်တော်ကို ကျားနက်ဂိုဏ်းမှတာဝန်ရှိ ပုဂ္ဂိုလ်များက အသက်ကိုစွန့်၍ ကာကွယ်ရ၏။

ယခု ထိုအမိန့်တော်သည် မရဏတမန်တော်၏လက်ထဲသို့



ရောက်ရှိသွားပြီဖြစ်၏။

တစ်ချိန်တည်းမှာပင် ဂိုဏ်းချုပ်ကြီး၏လက်ဝဲရံ သေဆုံးခဲ့၏။

(၇)စင်ကြယ်ညီနောင်ထဲမှ (၄)ယောက် သေဆုံးခဲ့၏။

ထိုပုဂ္ဂိုလ်များသည် ကျားနက်ဂိုဏ်း၏ထိပ်တန်းသိုင်းသမားများ ဖြစ်၏။

သိုင်းပညာအရာ၌ ဂိုဏ်းချုပ်ကြီးပြီးလျှင် လက်ဝဲရံသည် ထိပ်တန်းအဆင့်၌ ရှိသူဖြစ်။

ကျားနက်ဂိုဏ်းကို သိုင်းလောက၌ နာမည်တစ်လုံးဖြင့် တည်ရန် နှစ်ပေါင်း(၂၀)ကျော် ရုန်းကန်တည်ဆောက်ခဲ့ရ၏။

ဤသို့ဖြင့် နောက်ဆုံး၌ ကျားနက်ဂိုဏ်းသည် သိုင်းလောက၌ ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းဖြစ်လာပြီး လူတိုင်း၏လေးစားခြင်းကို ခံခဲ့ရ၏။

ယခု ကျားနက်ဂိုဏ်းက မိမိတို့၏ပတ္တမြားအမိန့်ကို မရဏတမန်တော်သို့ ပေးလိုက်ရ၏။

ထို့ကြောင့် ကျားနက်ဂိုဏ်းသည် သိုင်းလောက၌ မည်သို့ ရပ်တည်ရမှန်းမသိအောင်ဖြစ်နေပြီ မဟုတ်ပါလား။

တစ်ချိန်တည်းမှာပင် သိုင်းလောကမှ ဂိုဏ်းအသီးသီးကလည်း ဘယ်နေ့ မိမိတို့ထံ မရဏတမန်တော်ရောက်လာမလဲ ဟူ၍ စိုးရိမ်ပူပန်ကာ တုန်လှုပ်ချောက်ချားနေရပြီ မဟုတ်ပါလား။

ဤသို့ဖြင့် နောက်တစ်ပတ်ခန့်အကြာ၌ ကျားနက်ဂိုဏ်း၏သတင်းထက်ပို၍ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသောသတင်း ပေါ်ထွက်လာခဲ့၏။

ထိုသတင်းမှာ ဂူတန်ဂိုဏ်းမှ 'နဂါးအမိန့်'ကို မရဏတမန်တော်က လုယူသွားသည်ဟူသော သတင်းပင် မဟုတ်ပါလား။

ᛘ ᛘ ᛘ

ချင်းချင်းသည် တုန်လှုပ်သွား၏။

မရဏတမန်တော်က ဂူတန်ဂိုဏ်း၏လက်ရွေးစင်ထိပ်တန်းသိုင်းသမား(၁၈)ယောက်ကို သတ်ဖြတ်ပြီး ဂူတန်ဂိုဏ်း၏နဂါးအမိန့်ကို လုယူသွားသည်ဟူသောသတင်းကို ကြားလိုက်ရသောကြောင့် ဖြစ်၏။

ထိုသတင်းကိုကြားလိုက်သည့်အချိန်၌ ချင်းချင်းသည် ရပ်တည်၍ မရနိုင်အောင်ပင် ထိတ်လန့်တုန်လှုပ်သွား၏။

သူမသည် သန်းဥကို ချက်ချင်းတွေ့ချင်လိုသောစိတ် ဖြစ်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် သန်းဥသည် အဘယ်ကြောင့် ထိုကဲ့သို့ပြုလုပ်ရနေသည်ကို နားမလည်နိုင်အောင်ဖြစ်နေ၏။

ထိုထက်ပို၍ နားမလည်နိုင်သည်မှာ ဖေ့ယင်းတို့ လင်မယားကိစ္စဖြစ်၏။

ဖေ့ယင်းတို့ လင်မယားသည် သိုင်းလောကသားများ မဟုတ်ပါ။ ထိပ်တန်းသိုင်းသမားများလည်း မဟုတ်ပါ။

ဖေ့ယင်းသည် စာပေပညာရှင်တစ်ယောက်သာ ဖြစ်၏။



သန်းဥသည် ထိုလင်မယားကို အဘယ်ကြောင့် သတ်ရသနည်း။

ချင်းချင်းသည် ထိုကိစ္စကို မည်သို့မျှ စဉ်းစား၍မရပါ။

သူမသည် အခန်းထဲ၌ အတန်ကြာအောင် တစ်ယောက်တည်းထိုင်နေပြီး မိမိ၏စိတ်ကိုတည်ငြိမ်အောင် ကြိုးစား၍ ထိန်းချုပ်လိုက်ရ၏။

အတန်ကြာမှ သူမသည် သက်ပြင်းချလိုက်ပြီး မည်သို့ပြုလုပ်လျှင် ကောင်းမည်နည်းဟု အမျိုးမျိုးစဉ်းစားနေ၏။

နောက်ဆုံး၌ သူမသည် တံငါသည်ကြီးနှင့်တိုင်ပင်ရန် ဆုံးဖြတ်လိုက်ပြီး တံငါသည်ကြီးထံသို့ ထွက်လာခဲ့၏။

သူတို့သည် မရဏတမန်တော်က အဘယ်ကြောင့် ယခုကဲ့သို့ ပြုလုပ်ကြောင်း အမျိုးမျိုးစဉ်းစားသော်လည်း တိတိကျကျ အဖြေရှာမရပါ။

ယေဘုယျအားဖြင့် မရဏတမန်တော်သည် သိုင်းလောကတစ်ခုလုံးကို တုန်လှုပ်ချောက်ချားအောင် ပြုလုပ်ခြင်းဟူ၍သာ ခန့်မှန်းနိုင်၏။

အကယ်၍သာ မရဏတမန်တော်က သိုင်းလောကတစ်ခုလုံးကိုချုပ်ကိုင်ရန် ကြံစည်ခြင်းဖြစ်သည်ဆိုလျှင် သိုင်းလောက၏အနာဂတ်ကို တွေးပင်မတွေးရဲတော့ပါ။

နောက်ဆုံး၌ ချင်းချင်းသည် မရဏတမန်တော်ခေါ် သန်းဥကိုတွေ့ဆုံ၍ ဖျောင်းဖျရန် ဆုံးဖြတ်လိုက်၏။

ထိုသို့ဆုံးဖြတ်လိုက်သော်လည်း သန်းဥကို ခြေရာခံ၍ မရသ ဖြင့် လမ်းစပျောက်နေ၏။

ထိုစဉ် တံငါသည်ကြီးက တစ်စုံတစ်ရာကို စဉ်းစားမိပြီး....

“နေဦး... မိန်းကလေး... မရဏတမန်ဟာ ကျားနက်ဂိုဏ်းရဲ့ပတ္တမြားအမိန့်ကို ယူသွားတယ်ဆိုတဲ့သတင်း ထွက်လာပြီး... နောက်(၂)ရက်အတွင်းမှာ ဝူတန်ဂိုဏ်းရဲ့နဂါးအမိန့်ကို ယူသွားတယ်ဆိုတဲ့သတင်း ထွက်လာတယ်မဟုတ်လား”

ဟု မေးလိုက်၏။

ချင်းချင်းက....

“ဟုတ်ပါတယ်....”

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး သစ်ကိုင်းခြောက်တစ်ခုကို ကောက်ကိုင်လိုက်ပြီး မြေကြီးပေါ်၌ ရေးခြစ်လိုက်၏။

ပြီးမှ တစ်နေရာကို သစ်ကိုင်းခြောက်ဖြင့် ထောက်ပြကာ....

“ဒါ လုယန်းမြို့”

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ပြလိုက်၏။

တံငါသည်ကြီးက နောက်တစ်နေရာကို ထောက်ပြရင်း....

“ဒါက ကျားနက်ဂိုဏ်းရဲ့နေရာပဲ”

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ပြလိုက်၏။

တံငါသည်ကြီးက နောက်ထပ်နေရာတစ်ခုကို ထောက်ပြကာ....

“ဒါက ဝူတန်ဂိုဏ်း”

ဟု ပြောလိုက်၏။



ချင်းချင်းက ဦးခေါင်းညိတ်ပြလိုက်၏။

တံငါသည်ကြီးက....

“လုယန်းမြို့နဲ့ ကျားနက်ဂိုဏ်းတို့ဟာ တစ်နေ့ခရီးပဲ ဝေးတယ်... လုယန်းမြို့က မနက်ထွက်ရင် ကျားနက်ဂိုဏ်းကို ညနေမှာ ရောက်မယ်... လုယန်းမြို့က ညနေမှာထွက်ရင် နောက်နေ့ မနက်ဆို ကျားနက်ဂိုဏ်းကိုရောက်မယ်”

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ပြလိုက်၏။

တံငါသည်ကြီးက....

“ဒါကြောင့် ဖေ့ယင်းကို အသတ်ခံရတဲ့သတင်းနဲ့ ကျားနက်ဂိုဏ်းရဲ့သတင်းက သိပ်မကွာဘူး”

ဟု ပြောလိုက်၏။

ချင်းချင်းက သဘောပေါက်ဟန်ဖြင့် ဦးခေါင်းညိတ်ပြလိုက်ပြီး....

“သဘောပေါက်ပြီ”

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး....

“ဒုတိယသတင်းက **ဝူတန်ရဲ့သတင်းပဲ**”

ဟု ပြောလိုက်၏။

ချင်းချင်းက ဦးခေါင်းညိတ်ကာ....

“ဟုတ်ပါတယ်....”

တံငါသည်ကြီးက....

“ကျားနက်ဂိုဏ်းနဲ့ ဝူတန်ဂိုဏ်းဟာ တစ်နေ့နဲ့ တစ်ညခရီးပဲ

ရှိတယ်... အလွန်ဆုံး(၂)ရက်ပေါ့... ဟုတ်ပြီလား"

တံငါသည်ကြီးက....

"ဒါဆို ဝူဟန်ဂိုဏ်းနဲ့ အနီးဆုံးနေရာကို စဉ်းစားရအောင်"

ဟု ပြောလိုက်၏။

ပြီးမှ တံငါသည်ကြီးက ဝူတန်ဂိုဏ်းနေရာကို ဗဟိုပြု၍ စက်ဝိုင်းတစ်ခုရေးဆွဲလိုက်၏။ ပြီးမှ သူသည် တစ်နေရာကို သစ်ကိုင်းခြောက်ဖြင့် ထောက်ပြကာ....

"ဒီနေရာဟာ ခွန်လွန်ဂိုဏ်းရဲ့နေရာပဲ... ဝူတန်နဲ့ဆိုရင် (၂)ရက် (၃)ရက် ခရီးဝေးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် စက်ဝိုင်းရေးဆွဲထားသော ဧရိယာအတွင်းကို သစ်ကိုင်းခြောက်ဖြင့် ဝေ့ယမ်းပြရင်း....

"တခြားနေရာမှာ ရွာကြီးတွေပဲ ရှိတယ်... ဂိုဏ်းအဖွဲ့အစည်း မရှိဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက တံငါသည်ကြီးကိုကြည့်ကာ....

"ဒါဆို သူက ခွန်လွန်ကိုသွားမယ်လို့ ထင်တာပါ"

ဟု မေးလိုက်၏။

တံငါသည်ကြီးက....

"သူက သိုင်းအဖွဲ့အစည်းရဲ့အမိန့်တွေကို လိုက်ယူနေတာဆိုတော့ သူဟာ ခွန်လွန်ဂိုဏ်းကို ကျိန်းသေသွားမှာပဲ... ခွန်လွန်ပြီးရင်တော့ ငိုမိကိုသွားမယ်... ဒါပေမယ့် ခွန်လွန်နဲ့ငိုမိက လဝက်ခရီးလောက်ဝေးတယ်... ဒါကြောင့် သူဟာ ငိုမိဂိုဏ်းကို အရင်သွားမှာ



မဟုတ်ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ဒါဆို ခွန်လွန်တောင်ကို ကျွန်မတို့ လိုက်သွားရအောင်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

သန်းဥသည် ကျားနက်ဂိုဏ်းမှ ပတ္တမြားအမိန့်တော်နှင့် ဝူတန်ဂိုဏ်းမှ နဂါးအမိန့်ကို မိန်းကလေးထံသို့အပ်နှံလိုက်ပြီ ဖြစ်၏။

ထို့နောက် မိန်းကလေး၏ညွှန်ကြားချက်အတိုင်း ခွန်လွန်တောင်မှ ခွန်လွန်ဂိုဏ်းသို့ ထွက်လာခဲ့၏။

သူသည် (၂)ရက်ခန့် ခရီးပြင်းနှင်လာပြီးနောက် ခွန်လွန်တောင်၏ခြေရင်းသို့ ရောက်ရှိလာလေတော့၏။

မရဏတမန်တော်က ကျားနက်ဂိုဏ်းနှင့်ဝူတန်ဂိုဏ်းကို ဝင်ရောက်တိုက်ခိုက်၍ ပတ္တမြားအမိန့်တော်နှင့် နဂါးအမိန့်တော်ကို လုယူသွားသည်ဟု သတင်းကြားရပြီးကတည်းက မရဏတမန်တော်သည် သူတို့ထံသို့ရောက်လာလိမ့်မည်ဟု ခွန်လွန်ဂိုဏ်းက ကြိုတင်တွက်ဆထား၏။

ထို့ကြောင့် သူတို့သည် တောင်ခြေအနီးတစ်ဝိုက်၌ အစောင့်အကြပ်များကို ကြိုတင်၍ချထားခဲ့၏။

ထို့အပြင် ထောင်ချောက်အဆင့်ဆင့်ကိုလည်း ပြင်ဆင်ထား၏။

ခွန်လွန်တောင်ခြေရင်းသို့ သန်းဥရောက်လာသည်နှင့် အစောင့်နှစ်ယောက်သည် ပုန်းကွယ်ရာမှ ထွက်လာ၏။

သူတို့သည် သန်းဥကို ဟန့်တားလိုက်၏။

"ရပ်...."

သန်းဥက ထိုအစောင့်(၂)ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး....

"မင်းတို့က ခွန်လွန်ဂိုဏ်းကလား"

ဟု မေးလိုက်၏။

အစောင့်တစ်ယောက်က....

"ဟုတ်တယ်... ခင်ဗျားက ဘယ်သူလဲ"

ဟု ပြန်မေးလိုက်၏။

သန်းဥက....

"ငါက မရဏတမန်တော်ပဲ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် အစောင့်(၂)ယောက်**သည် တစ်**ယောက်ကိုတစ်ယောက် ကြည့်လိုက်၏။

ပြီးမှ အစောင့်တစ်ယောက်က....

"ကိစ္စရှိလား"

ဟု မေးလိုက်၏။

သန်းဥက....

"မင်းတို့ဂိုဏ်းချုပ်ကြီးနဲ့ တွေ့မလို့"



ဟု ပြောလိုက်၏။

အစောင့်တစ်ယောက်က ဦးခေါင်းညိတ်ကာ....

"ခဏစောင့်ပါ... ကျွန်တော်ဂိုဏ်းချုပ်ကြီးကို သတင်းပို့လိုက်ပါ့မယ်"

ဟု ပြောလိုက်၏။

ထို့နောက် အစောင့်တစ်**ယောက်သည် တောင်ပေါ်**သို့ပြေးတက်သွားပြီး မရဏတမန်တော်ရောက်**လာကြောင်း တစ်ယောက်**နှင့်တစ်ယောက် လက်ဆင့်ကမ်း၍ သတင်းပို့လိုက်၏။

နာရီဝက်ခန့်ကြာသောအခါ တောင်ပေါ်မှ လူ**တစ်စု** ဆင်းလာ၏။

သူတို့သည် အသက်(၆၀)ကျော် အဘိုးတစ်ယောက်ကိုခြံရံ၍ ရောက်လာခြင်းဖြစ်၏။

ထိုအသက်(၆၀)ကျော်အဘိုးအိုမှာ ခွန်လွန်ဂိုဏ်း၏ဂိုဏ်းချုပ်ကြီး'ချင်းအော'ဖြစ်၏။

သန်းဥက ထိုအဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး....

"ခင်ဗျားက ခွန်လွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလား"

ဟု မေးလိုက်၏။

သန်းဥ၏စကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအောသည် မျက်မှောင်ကြုတ်ကာ....

"မင်းက မရဏတမန်တော်လား"

ဟု ပြန်မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီး ချင်းအော့က....

"ဒါဆို မင်းက ငါ့ကို ဘာဖြစ်လို့ မသိတာလဲ"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့၏စကားကြောင့် သန်းဥသည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

ပြီးမှ သန်းဥက....

"အမှန်အတိုင်းပြောရရင် ကျွန်တော် မသိပါဘူး"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က မျက်မှောင်ကြုတ်ကာ....

"ခွန်လွန်ဂိုဏ်းကို ကျုပ်အုပ်ချုပ်လာတာ နှစ်ပေါင်း(၃၀) ကျော်ပြီ... ကျုပ်ကိုသိုင်းလောကသားတိုင်းက သိတယ်... မင်းက ဘာဖြစ်လို့ မသိတာလဲ"

ဟု မေးလိုက်၏။

သန်းဥက ပြုံးလိုက်ပြီး....

"ကျွန်တော်က သိုင်းလောကသား မဟုတ်လို့ပါ"

ဟု ပြောလိုက်၏။

သန်းဥစကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအော့သည် သန်းဥကို ခြေအဆုံးခေါင်းအဆုံး တစ်ချက်ကြည့်ကာ.....

"ဒါဆို... မင်းရဲ့ဆရာက သိုင်းလောကအကြောင်းကို ပြောပြထားသင့်တာပေါ့... ဘာဖြစ်လို မပြောထားတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....



"ကျွန်တော့်မှာ ဆရာမရှိပါဘူး"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအော့သည် မျက်မှောင်ကြုတ်ကာ....

"ဘာ... မင်းမှာ ဆရာမရှိဘူး ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဂိုဏ်းချုပ်ကြီးချင်းအော့က လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး....

"မင်းက သိုင်းလောကသားလည်း မဟုတ်ဘူး... ဘာဖြစ်လို့... ကျားနက်ဂိုဏ်းက ပတ္တမြားအမိန့်နဲ့ ငွေတန်က နဂါးအမိန့်ကို လုရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"လိုချင်လို့...."

ဂိုဏ်းချုပ်ကြီးချင်းအော့က သက်ပြင်းချလိုက်ပြီး....

"အခု ဒီကိုလာတာကရော ဘာကိုလိုချင်လို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဂိုဏ်းချုပ်ကြီးက ပွင့်ပွင့်လင်းလင်း ပြောလာတော့ ကျွန်တော်ကလည်း ပွင့်ပွင့်လင်းလင်း ပြောရမှာပေါ့... ကျွန်တော့်ကို ဂိုဏ်း ချုပ်ကြီးရဲ့ အလံ ပေးပါ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က ပြုံးလိုက်ပြီး....

"မင်းက ဘာလုပ်မလို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"လိုချင်လို့...."

ဂိုဏ်းချုပ်ကြီးချင်းအော့က ဦးခေါင်းညိတ်လိုက်ပြီး....

"ဘာဖြစ်လို့ လိုချင်တာလဲ"

ဟု မေးလိုက်၏။

**သန်းဥက....**

**"ဒါတော့ ကျုပ် မပြောနိုင်ဘူး"**

**ဟု ပြောလိုက်၏။**

ဂိုဏ်းချုပ်ကြီးချင်းအော့က ပြုံးလိုက်ပြီး....

"မင်းကို တစ်ယောက်ယောက်ကများ ခိုင်းနေတာလား"

ဟု မေးလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့၏စကားကြောင့် သန်းဥသည် မျက်စိမျက်နှာပျက်သွားပြီး....

"ဒီမှာ စကားတွေ အပိုမပြောနဲ့တော့... ကျုပ်ကို ခင်ဗျားတို့ရဲ့အလံပေးမှာလား မပေးဘူးလား"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က ပြုံးကာ....

"အကြောင်းရင်းကို မသိရဘဲနဲ့တော့ ကျုပ်က မပေးနိုင်ဘူး"



ဟု ပြောလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ကျုပ်ကတော့ ရအောင် ယူမှာပဲ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က သက်ပြင်းချလိုက်ပြီး....

"မင်းက ကျုပ်မေးတာကိုဖြေဖို့ အခက်အခဲဖြစ်နေလို့လား"

ဟု မေးလိုက်၏။

သန်းဥက နှုတ်ခမ်းကိုကိုက်လိုက်ပြီး....

"ကျုပ် စိတ်မရှည်တော့ဘူး"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က....

"မင်းကို တစ်စုံတစ်ယောက်က အကျပ်ကိုင်ပြီး ယူခိုင်းတာဆိုရင် ကျုပ်တို့ မင်းကိုကူညီပါ့မယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"ဒီမှာ... ကျုပ်ပြောပြီးပြီ... ကျုပ်ကို ဘယ်သူမှ မခိုင်းဘူး... ကျုပ်ဘာသာလိုချင်လို့ ယူတာ"

ဟု ပြောလိုက်၏။

ပြီးမှ သူသည် လက်ကိုဝှေ့ယမ်းလိုက်ပြီး....

"ကျုပ်ကို ဘယ်သူဟန့်တားမလဲ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအော့၏နောက်မှ ကိုယ်ရံတော်များသည် လှုပ်လှုပ်ရွရွဖြစ်သွားပြီး ရှေ့သို့ထွက်လာ

၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က လက်မြှောက်၍ ဟန့်တားလိုက်ပြီး....

"သူ့ကို ငါတို့ဂိုဏ်းရဲ့အလံ ယူပေးလိုက်"

ဟု အမိန့်ပေးလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

ခွန်လွန်ဂိုဏ်းသားတစ်ယောက်သည် ပဝါအနီဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို လက်နှစ်ဖက်ဖြင့် သယ်ဆောင်ရင်း တောင်ပေါ်မှဆင်းလာ၏။

တောင်ခြေသို့ရောက်သောအခါ ထိုအထုပ်ကို ဂိုဏ်းချုပ်ကြီးချင်းအော့ထံ ပေးအပ်လိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က ထိုအထုပ်ကို ဂိုဏ်းသားထံမှ လက်ခံရယူပြီးနောက် သန်းဥဘက်သို့ လှည့်ကြည့်ကာ....

"ဒါ... ငါတို့ဂိုဏ်းရဲ့အလံပဲ"

ဟု ပြောလိုက်၏။

ထို့နောက် သူသည် ထိုအနီရောင်ပဝါထုပ်ကို သန်းဥထံသို့ လှမ်းပေးလိုက်၏။

ထိုစဉ် ရုတ်တရက်....

"ရပ်လိုက်... မပေးနဲ့...."



ဟု လှမ်း၍ အော်ဟစ်လိုက်သောအသံ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလား။

ψ ψ ψ

မိန်းကလေးတစ်ယောက်၏အသံ ဖြစ်၏။

ထိုအသံကြောင့် သန်းဥ၏ခန္ဓာကိုယ်သည် တုန်ခါ၍သွား၏။

ဂိုဏ်းချုပ်ကြီးချင်းအော့သည် ဟန့်တားလိုက်သောအသံကြောင့် အနီရောင်ပဝါထုပ်ကို သန်းဥထံကိုမပေးတော့ဘဲ လက်ပြန်ရုပ်လိုက်ပြီး အသံပေါ်ထွက်ရာသို့ လှမ်းကြည့်လိုက်၏။

ထိုစဉ်မှာပင် မြင်းကို တရကြမ်းမောင်းနှင်လာသော လူနှစ်ယောက်ကို တွေ့ရ၏။

တစ်ယောက်က မိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်က ယောကျာ်းကြီးတစ်ယောက်ဖြစ်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က သူတို့ကိုလှမ်းကြည့်နေစဉ်မှာပင် သူတို့က အနီးသို့ရောက်လာ၏။

သန်းဥသည် မြင်းပေါ်မှ မိန်းကလေးကို မြင်တွေ့လိုက်သောအခါ ဝမ်းသာအားရလေသံဖြင့်....

"မမ..."

ဟု လှမ်းခေါ်လိုက်၏။

မြင်းပေါ်မှ မိန်းကလေးသည် ချင်းချင်းဖြစ်၏။

ချင်းချင်းနှင့်အတူလိုက်လာသူမှာ တံငါသည်ကြီးဖြစ်၏။

သူတို့သည် မြင်းကိုရပ်တန့်လိုက်ပြီး မြင်းပေါ်မှဆင်းလိုက်၏။

ခွန်လွန်ဂိုဏ်းချုပ်ကြီး ချင်းအော့သည် တံငါသည်ကြီးကို မြင်တွေ့သောအခါ အံ့သြသွားပြီး....

"ဟာ... တံငါသည်ကြီးပါလား"

ဟု နှုတ်ဆက်လိုက်၏။

တံငါသည်ကြီးက ဂိုဏ်းချုပ်ကြီးချင်းအော့ကို နှုတ်ဆက်ရင်း....

"ကျုပ်တို့ မတွေ့တာတောင် အတော်ကြာသွားပြီနော်"

ဟု ပြောလိုက်၏။

ပြီးမှ တံငါသည်ကြီးက မိန်းကလေးကိုညွှန်ပြကာ....

"သူက ပန်းပေါင်းစုံတောင်ကြား သခင်မလေး ချင်းချင်းပါ"

ဟု မိတ်ဆက်ပေးလိုက်၏။

**ဂိုဏ်းချုပ်ကြီးချင်းအော့က** ပြုံး၍....

"**ပန်းပေါင်းစုံ**တောင်ကြားရဲ့ ပထမသခင်မကြီးနဲ့တော့ ကျုပ်က **ရင်းနှီး**ပါတယ်... သူကွယ်လွန်သွားပြီးမှ ကျုပ်လည်း အဲဒီကို မရောက်ဖြစ်တော့ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံး၍ ဂိုဏ်းချုပ်ကြီးချင်းအော့ကို ဂါရဝပြုလိုက်၏။

ပြီးမှ သူမသည် သန်းဥဘက်သို့ လှည့်ကာ....



"မင်း ဘာတွေလျှောက်လုပ်နေတာလဲ"

ဟု မေးလိုက်၏။

သန်းဥသည် ချင်းချင်းကို မကြည့်ရဲဟန်ဖြင့် မျက်နှာကိုငုံ့ပြီး....

"**ဟို... ဟို...** ကျွန်တော်... ကျွန်တော်...."

**ဟု စကားကို**ဆက်၍ မပြောဘဲ ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

**ယခု သန်းဥ**၏ပုံသဏ္ဌာန်မှာ အပြစ်ရှိသောကျောင်းသား တစ်ယောက်က ဆရာ၏ရှေ့၌ ရပ်နေသကဲ့သို့ထင်မှတ်ရ၏။

ချင်းချင်းက သန်းဥကို မျက်မှောင်ကြုတ်၍ကြည့်ကာ....

"မင်းက ကျားနက်ဂိုဏ်းက ပတ္တမြားအမိန့်တော်ကို ယူသွားတယ်... ဂုတန်ဂိုဏ်းရဲ့ နဂါးအမိန့်ကို ယူသွားတယ်... အခု ဒီကို လာပြီး ဂိုဏ်းချုပ်အလံကိုတောင်းတယ် ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်...."

ဟု ပြောလိုက်၏။

ချင်းချင်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"နောက်ပြီး မင်းက လုယန်းမြို့မှာ ဖေ့ယင်းတို့လင်မယား ကို သတ်ခဲ့တယ်"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် မျက်နှာကိုမော့ လိုက်ပြီး....

"ကျွန်တော် မသတ်ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက သန်းဥကို စူးစိုက်ကြည့်လိုက်၏။ ပြီးမှ....

"မင်း မသတ်ဘူးဆိုတာ ငါယုံတယ်"

ဟု ပြောလိုက်၏။

ထို့နောက် သူမသည် နှုတ်ခမ်တစ်ချက်ကိုက်လိုက်ပြီး....

"နေပါဦး... မင်းက သိုင်းလောကကို ချုပ်ကိုင်မလို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"ဟင့်အင်း... ကျွန်တော်က ကျွန်တော်ဘာသာ အေးအေးဆေးဆေး နေချင်တာ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ကောင်းပြီ... ဒါဖြင့် မင်းက ဒီပစ္စည်းတွေကို ဘာဖြစ်လို့ လိုက်ယူရတာလဲ"

ဟု မေးလိုက်၏။

သန်းဥသည် မည်သို့ပြန်ပြောရမှန်း မသိအောင်ဖြစ်နေ၏။

သူသည် မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ချင်းချင်းကို ကြည့်လိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

"မင်း လုယူခဲ့တဲ့ပစ္စည်းတွေဟာ သူတို့အတွက် အထွဋ်အမြတ်ထားတဲ့ ပစ္စည်းဆိုတာ မင်းသိလား"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချကာ....



"ဒီ... ဒီလိုပါ... ဟို... ဟို ကျွန်တော်...."

သန်းဥ၏စကားမဆုံးမီ ချင်းချင်းက....

"ဒီမှာ မင်းရှူးများ ရှူးနေပြီလား... မင်းက ဒီပစ္စည်းတွေ ယူပြီး ဘာလုပ်မှာလဲ"

ဟု မေးလိုက်၏။

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ကျွန်... ကျွန်တော် အခုလိုလုပ်တာ မမအတွက်ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအော့တို့သည် ချင်းချင်းကို လှမ်းကြည့်လိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"မင်းကို ငါက ယူခိုင်းလို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"မယူခိုင်းပါဘူး"

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဒီပစ္စည်းတွေ အကြောင်း ငါက မင်းကိုပြောဖူးလား"

ဟု ထပ်၍ မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းကာ....

"မပြောပြခဲ့ပါဘူး"

ချင်းချင်းက....

"ဒါဆို မင်းက ငါ့အတွက်လို့ ဘာဖြစ်လို့ ပြောရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက သက်ပြင်းချလိုက်ပြီး....

"ဒီပစ္စည်းတွေကိုယူတာ အကြောင်းရှိလို့ပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"ဘာ အကြောင်းလဲ"

ဟု မေးလိုက်၏.

သန်းဥက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"ဒီပစ္စည်း(၃)ခုကိုယူပေးရင် နတ်ဆေးသမားတော်ကြီးက ကျွန်တော့်ကို ဆေးကုပေးမယ်ဆိုလို့ပါ"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ချင်းချင်းသည် မည်သို့ပြန်ပြောရမှန်းမသိအောင် ကြောင်**အမ်းအမ်း**ဖြစ်ကာ သန်းဥကို ကြည့်လိုက်မိ၏။

ဂိုဏ်းချုပ်**ကြီးချင်းအော့နှင့်** တံငါသည်ကြီးတို့သည်လည်း တအံ့တသြဖြင့် တစ်**ယောက်**ကိုတစ်ယောက် ကြည့်လိုက်မိ၏။

အတန်ကြာမှ ခွန်လွန်ဂိုဏ်ချုပ်ကြီးချင်းအော့က သက်ပြင်းချကာ....

"အင်း... တစ်ခုခုတော့ မှားနေပြီထင်တယ်"

ဟု တီးတိုးပြောလိုက်လေတော့သည် မဟုတ်ပါလား။

❀ ❀ ❀



လူတိုင်းက သန်းဥကို တအံ့တသြဖြင့် ကြည့်နေ၏။

ထို့ကြောင့် သန်းဥသည် မနေတတ်မထိုင်တတ်ဖြစ်ပြီး ချင်းချင်းကို ကြည့်ကာ....

"ကျွန်တော် **အမှန်အတိုင်း**ပြောတာပါ"

ဟု ပြောလိုက်**၏**။

ချင်းချင်းက **သက်ပြင်း**ချလိုက်ပြီး....

"မင်းက အမှန်အတိုင်းပြောတယ်ဆိုတာ ငါ ယုံတယ်"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားဆုံးသည်နှင့် သန်းဥသည် ဂိုဏ်းချုပ်ကြီးချင်းအော့၏ရှေ့၌ ဒူးထောက်လိုက်ပြီး....

"ဂိုဏ်းချုပ်ကြီး ခင်ဗျား... ကျွန်တော့ကို ကူညီတဲ့အနေနဲ့ ဂိုဏ်းချုပ်ကြီးရဲ့အလံကို ပေးပါ"

ဟု တောင်းပန်လိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က ပြုံး၍....

"ကျုပ်က လူတစ်ဘက်သားကို ကူညီတတ်ပါတယ်... ဒါပေမယ့် ကျုပ်တစ်ခုတော့ မေးပါရစေ"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ဟုတ်ကဲ့... မေးပါ..."

ဂိုဏ်းချုပ်ကြီး ချင်းအော့က....

"ကျုပ်က ဒီပစ္စည်းပေးလိုက်ရင် မင်းကိုနတ်ဆေးသမားတော်ကြီးက ဆေးကုပေးမယ်ဆိုတာ အမှန်ပဲလား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"အမှန်ပါပဲ"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က ပြုံးလိုက်ပြီး....

"မင်းနဲ့ နတ်ဆေးသမားတော်ကြီး တွေ့ခဲ့လို့လား"

ဟု မေးလိုက်၏။

သန်းဥက....

"နတ်ဆေးသမားတော်ကြီးနဲ့တော့ မတွေ့ပါဘူး... ဒါပေမယ့် သူက လွှတ်လိုက်တဲ့လူတစ်ယောက်နဲ့တော့ တွေ့ပါတယ်"

ဟု ပြောလိုက်၏။

သန်းဥ၏စကားကြောင့် ဂိုဏ်းချုပ်ကြီးချင်းအော့၊ ချင်းချင်းနှင့် တံငါသည်ကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိ၏။

ပြီးမှ ချင်းချင်းက....



"ကဲ... မင်းကငါ့ကို အစ အဆုံးပြောပြ"

ဟု ပြောလိုက်၏။

သန်းဥက ဖေ့ယင်း၏အိမ်တွင် အပြာရောင်ဝတ်ထားသော မိန်းကလေးနှင့် တွေ့ခဲ့ကြောင်း၊ ထိုမိန်းကလေးကို နတ်ဆေးသမားတော်ကြီးက လွှတ်လိုက်တာဖြစ်ကြောင်း စသည်ဖြင့် ပြောပြလိုက်လေတော့၏။

ချင်းချင်းက....

"ဟုတ်ပြီ... အဲဒီမိန်းကလေးက **ဘယ်သူလဲ**"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းခါယမ်းပြကာ....

"မသိဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"မသိတဲ့လူတစ်ယောက်ပြောတဲ့စကားကို ယုံရသလား"

ဟု မေးလိုက်၏။

သန်းဥ ဘာမျှမပြောတော့ပါ။

ချင်းချင်းက ဂိုဏ်းချုပ်ကြီးချင်းအော့ကို လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုကာ....

"သူက လူတစ်ယောက်ရဲ့ အလိမ်ခံရလို့ အခုလို အဖြစ်မျိုးဖြစ်ခဲ့တာပါ... သူ့ကိုခွင့်လွှတ်ဖို့ ကျွန်မတောင်းပန်ပါတယ်"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးချင်းအော့က....

"သူ့ကြောင့် သေသွားတဲ့ကျားနက်ဂိုဏ်းက လူတွေနဲ့ ဂူတန်

ကလူတွေအတွက် ဘယ်လိုလုပ်မှာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက....

"ဒီကိစ္စကို ကျွန်မဖြေရှင်းပေးပါ့မယ်"

ဟု ပြောလိုက်၏။

ဂိုဏ်းချုပ်ကြီး **ချင်းအော့က....**

"ကျုပ်ဟာ **ပန်းပေါင်းနံ့တောင်ကြား**က လူတွေကို သဘော ကျတယ်... ကျုပ်ကို **စိတ်ပျက်အောင်တော့** မလုပ်ပါနဲ့"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"စိတ်ချပါ..."

ဟု ပြောလိုက်၏။

ထိုစဉ် သန်းဥက....

"နေပါဦး... ကျွန်တော် အလိမ်ခံရတယ် ဟုတ်လား"

ဟု မျက်လုံး**ပြူး မျက်ဆံ**ပြူးဖြင့် ဝင်ရောက်မေးလိုက်၏။

ချင်းချင်းက **ဦးခေါင်းညိတ်**ကာ....

**"ဟုတ်တယ်...."**

**သန်းဥက....**

"ဘာဖြစ်လို့လဲ"

ဟု ပြန်မေးလိုက်၏။

ချင်းချင်းက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

"နတ်ဆေးသမားတော်ကြီး သေသွားတာ နှစ်ပေါင်း(၂၀)ရှိ ပြီ"



ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် ချင်းချင်းကို မယုံကြည်နိုင်သောမျက်လုံးဖြင့် ကြည့်ကာ ဦးခေါင်းခါယမ်းလိုက်ပြီး....

"မဖြစ်နိုင်ဘူး...."

ဟု ပြောလိုက်၏။

ချင်းချင်းက....

"ဘာဖြစ်လို့ မင်းက အဲဒီလိုပြောနိုင်ရတာလဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဟို မိန်းကလေးက ပြောတယ်... နတ်ဆေးသမားတော်ကြီးဟာ သေသွားတာ မဟုတ်ဘူး... ဓာတ်မြုပ်နေပြီး ဆေးမကုတော့တာလို့ပြောတယ်"

**ဟု ပြောလိုက်၏။**

**ချင်းချင်းက** ပြုံးလိုက်ပြီး....

"**နတ်ဆေးသမားတော်ကြီး**ရဲ့အကြောင်းကို ငါ့ထက် ဘယ်သူမှ **ပိုပြီးမသိနိုင်ဘူး**"

**ဟု ပြောလိုက်၏။**

**ချင်းချင်း**၏စကားကြောင့် သန်းဥသည် ချင်းချင်းကို မျက်လုံးပြူး၍ ကြည့်ကာ....

"မမက သူ့ကို သိလို့လား"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"သူက မမရဲ့ဆရာပဲ"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ψ ψ ψ

သန်းဉ၏မျက်နှာပေါ်၌ အမူအရာ အမျိုးမျိုး ဖြစ်ပေါ်သွား၏။

ပထမ အံ့သြဟန်ဖြစ်လာ၏။

ထို့နောက် ဝမ်းနည်းဟန် မချင့်မရဲဖြစ်ဟန် စသည်ဖြင့် အမူအရာ အမျိုးမျိုးဖြစ်သွားပြီး နောက်ဆုံး၌ ဒေါသဖြစ်ဟန်ဖြင့် မေးကြောများ တင်းမာလာ၏။

ပြီးမှ သူသည် 'တောက်'တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်၏။

ထို့နောက် သူသည် တဟားဟား ရယ်မောလိုက်၏။

သန်းဉ၏ခန္ဓာကိုယ်သည် တစ်ဆက်**ဆတ်တုန်**နေ၏။ ဒေါသကြောင့် တုန်ခါနေခြင်းဖြစ်၏။

ပြီးမှ....

"ငါ့ကို အတော်ဒုက္ခပေးတဲ့ မိန်းမ... လူလိမ်မ... နင့်ကို အ ရှင်မထားဘူး"

ဟု အော်ဟစ်လိုက်၏။

ထို့နောက် သန်းဉသည် ရုတ်တရက် နောက်သို့လှည့်ကာ ထွက်ပြေးသွားလေတော့၏။



သန်းဉ၏အပြုအမူကြောင့် ချင်းချင်းသည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

တံငါသည်ကြီးက ဦးခေါင်းကိုခါယမ်းလိုက်ပြီး....

"ကျုပ်တို့ နောက်ကျသွားပြီ"

ဟု ပြောလိုက်၏။

တံငါသည်ကြီး၏စကားကြောင့် ချင်းချင်းသည် မျက်မှောင်ကြုတ်ကာ....

"ဘာကို **နောက်ကျသွားတာ**လဲ"

ဟု **မေးလိုက်၏**။

တံငါသည်ကြီးက....

"တရားခံကို ဖမ်းဖို့ပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက မျက်မှောင်ကြုတ်ကာ....

"တရားခံ ဟုတ်လား"

ဟု ပြန်မေးလိုက်၏။

တံငါသည်ကြီးက ပြုံးလိုက်ပြီး....

"သန်းဉဟာ **အလွန်ရိုး**တယ်... သိုင်းလောကနဲ့ပတ်သက်ပြီး ဘာအတွေ့အကြုံမှ မရှိဘူး... ဒါကြောင့် တရားခံက သူ့ကိုအသုံးချပြီး ကျားနက်ဂိုဏ်းနဲ့ဂူတန်ဂိုဏ်းက ပစ္စည်းကိုယူသွားတာ"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"သူပြောစကားအရ မိန်းကလေးတစ်ယောက်ပဲ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"အဲဒီမိန်းကလေးကို တစ်ယောက်ယောက်က နိုင်းတာဖြစ်မယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"အဲဒီမိန်းကလေးကိုမိရင် ဘယ်သူက နိုင်းတယ်ဆိုတာ ဖော်ထုတ်နိုင်မှာပေါ့"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ကျုပ် စောစောက စဉ်းစားမိရင်... အဲဒီမိန်းကလေးကို ဖမ်းမိနိုင်တယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီး၏စကားကြောင့် **ချင်းချင်းသည်** မျက်မှောင်ကြုတ်ကာ....

"ဒါဆို ဒီမိန်းကလေးက ဒီနားမှာ **ရှိမှာပေါ့** ဟုတ်လား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက ပြုံး၍....

"သန်းဥက သိုင်းလောကသား မဟုတ်ဘူး... သူက ကျားနက်ဂိုဏ်း ဘယ်မှာရှိတယ်... ဝူတန်ဂိုဏ်း ဘယ်မှာရှိတယ်ဆိုတာ သိပ့်မလား... ဒီတော့ သူ့ကို ဟိုမိန်းကလေးက လိုက်ပို့ရမယ်... ပြီး တော့ သန်းဥယူလာတဲ့ပစ္စည်းကို သူကစောင့်ပြီး ယူလိမ့်မယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီး၏စကားအဆုံး၌ ချင်းချင်းသည် မျက်လုံးပြူးသွားပြီး....



"ဒါဆို သန်းဥက အဲဒီကောင်မဆီ သွားတာပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက ဦးခေါင်းညိတ်ကာ....

"ဟုတ်တယ်...."

ချင်းချင်းက....

"ဒုက္ခပဲ... သန်းဥက စိတ်ဆိုးပြီး... အဲဒီကောင်မကိုသတ်လိုက်ရင် သဲလွန်စပျောက်ပြီ"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက ပြုံး၍....

"သူက ဒီက အခြေအနေကို တစ်နေရာက ချောင်းကြည့်နေလိမ့်မယ်... အခြေအနေမကောင်းတာနဲ့ သူက ထွက်ပြေးသွားမှာ **စိတ်မပူနဲ့....**"

ဟု ပြောလိုက်၏။

ပြီးမှ တံငါသည်ကြီးက သက်ပြင်းချကာ....

"တော်ပါသေးရဲ့... သန်းဥက ဂိုဏ်းချုပ်ရဲ့အလံကို ရမသွားလို့"

တံငါသည်ကြီး၏စကားကြောင့် ချင်းချင်းသည် မျက်မှောင်ကြုတ်ကာ....

"ဂိုဏ်းချုပ်ရဲ့အလံကိုရခဲ့ရင် ဘာဖြစ်လာမလဲ"

ဟု မေးလိုက်၏။

တံငါသည်ကြီးက ပြုံးကာ....

"သန်းဥက ဘယ်တော့မှ သိုင်းလောကမှပြန်ပေါ်လာမှာ

မဟုတ်တော့ဘူး"

ဟု ပြောလိုက်၏။

ချင်းချင်းက....

"သူ့ကိုသတ်လို့ ရပါ့မလား"

ဟု မေးလိုက်၏။

တံငါသည်ကြီးက....

"အချုပ်ခန်းထဲမှာတော့ ထည့်ထားလို့ရတာပေါ့"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

"ကျွန်မ သူ့နောက်လိုက်သွားလိုက်မယ်"

ဟု ပြောလိုက်၏။

တံငါသည်ကြီးက....

"ကျုပ်လည်း ဟောဒီက မိတ်ဆွေတွေနဲ့ တောင်ပေါ် လိုက်လည်လိုက်ဦးမယ်"

ဟု ပြောလိုက်၏။

ထို့နောက် တစ်ယောက်က သန်းဥ၏နောက်သို့လိုက်သွား၏။

တစ်ယောက်က ခွန်လွန်ဂိုဏ်းချုပ်ကြီးချင်းအော့နှင့် အတူ ခွန်လွန်တောင်ပေါ်သို့ လိုက်သွားလေတော့သည် မဟုတ်ပါလား။

ဏ ဏ ဏ



ဤနေရာ၌ ဇရပ်ပျက်တစ်ခုရှိ၏။

ထိုဇရပ်ပျက်သည် ခွန်လွန်တောင်ခြေမှ ကိုက်(၂၀၀) သို့မဟုတ် (၃၀၀)ခန့် ဝေးကွာ၏။

အပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် သန်းဥနှင့်အတူ ထိုဇရပ်ပျက်အထိ လိုက်ပါလာခဲ့၏။

ဇရပ်ပျက်သို့ရောက်သောအခါ မိန်းကလေးက သန်းဥကို ခွန်လွန်တောင်ခြေသို့သွားသောလမ်းကို ညွှန်ပြလိုက်ပြီး သန်းဥကို စေလွှတ်လိုက်၏။

ထို့နောက် သူမသည် ထိုနေရာ၌ သန်းဥကိုစောင့်နေ၏။

သန်းဥသည် ခွန်လွန်ဂိုဏ်းချုပ်ကြီးထံမှ ဂိုဏ်းချုပ်အလံကို ရယူပြီးနောက် ထိုဇရပ်ပျက်သို့ပြန်လာပြီး မိန်းကလေးကို ယခင်ပစ္စည်းများကဲ့သို့ပင် ထိုဂိုဏ်းချုပ်အလံကို ပေးအပ်ရမည် ဖြစ်၏။

မိန်းကလေးသည် သန်းဥထံမှ ဂိုဏ်းချုပ်အလံကိုယူပြီး

နောက် သန်းဥကို ဓားနှစ်လက်ဂိုဏ်းသို့ ခေါ်ဆောင်သွားမည်ဖြစ်၏။

ဓားနှစ်လက်ဂိုဏ်းသို့ရောက်သောအခါ သူမက သန်းဥကို ထောင်ချောက်ဆင်၍ ဖမ်းချုပ်လိုက်မည်ဖြစ်၏။

သူမ၏အစီအစဉ်အတိုင်း သန်းဥက တိကျစွာ လှုပ်ရှားခဲ့သဖြင့် သူမ၏လက်ထဲသို့ ပတ္တမြားအမိန့်နှင့် နဂါးအမိန့်ရရှိပြီးဖြစ်၏။

ထို့ကြောင့် သူမသည် ကျေနပ်စွာ ပြုံးနေ၏။

ထိုအချိန်မှာပင် တရကြမ်းမောင်းနှင်လာသော မြင်းခွာသံများကို ကြားလိုက်ရ၏။

ထို့ကြောင့် သူမသည် ဇရပ်ပျက်ထဲ၌ ပုန်းအောင်း၍ ချောင်းမြောင်း ကြည့်ရှုလိုက်၏။

မြင်းကိုဒုန်းစိုင်းစီးနှင်းသွားသူမှာ ယောကျ်ားတစ်ယောက်နှင့်မိန်းကလေးတစ်ယောက် ဖြစ်၏။

မိန်းကလေးကို သူမက မသိပါ။ သို့သော် ယောကျ်ားကို တော့ သူမက သိ၏။ ထိုလူသည် တံငါသည်သိုင်းသမား ဖြစ်၏။

သူတို့သည် ခွန်လွန်တောင်သို့ ဦးတည်သွားခြင်းဖြစ်၏။

ထို့ကြောင့် သူမသည် မျက်မှောင်ကြုတ်သွားပြီး ဇရပ်ပျက်ထဲမှထွက်ကာ တံငါသည်သိုင်းသမား၏နောက်သို့ တိတ်တဆိတ် လိုက်သွား၏။

ထို့နောက် သူမသည် တစ်နေရာမှ ချောင်းမြောင်းကြည့်ရှုရာ သန်းဥကို မိန်းကလေးက ဆူပူကြိမ်းမောင်းနေကြောင်းတွေ့ရ၏။

ထို့ကြောင့် အခြေအနေမကောင်းကြောင်း တွက်ဆမိပြီး ထိုနေရာမှ ထွက်ခွာသွားလေတော့၏။

မည်သို့ပင်ဆိုပါစေ သူမထံ၌ ကျားနက်ဂိုဏ်းနှင့် ဂူတန်



ဂိုဏ်းမှ ပစ္စည်းများရှိနေပြီဖြစ်၍ ဖခင်ဖြစ်သူ၏အကြံအစည်ကို အကောင်အထည်ဖော်နိုင်တော့မည် မဟုတ်ပါလား။

ဖ ဖ ဖ

ဇရပ်ပျက်ထဲ၌ လူရိပ်လူရောင် မတွေ့ရပါ။

သန်းဥသည် ခြေလှမ်းကျဲကျဲဖြင့် ဇရပ်ပျက်ထဲသို့ဝင်ရောက်လာပြီး....

"ဟော့... မိန်းကလေး ထွက်လာခဲ့...."

ဟု အော်ဟစ်လိုက်၏။

သို့သော် မည်သူမျှ ထွက်မလာပါ။

သန်းဥသည် ဇရပ်ပျက်တစ်ခုလုံးကိုလှည့်ပတ်ရှာပြီးနောက် မကျေမချမ်းဖြင့်'တောက်' ခေါက်လိုက်၏။

ထိုအချိန်မှာပင် သူ၏အနီးသို့ ချင်းချင်းရောက်လာပြီး....

"မတွေ့တော့ဘူး မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"တွေ့ရင်တော့ အမှုန့်ကြိတ်ပစ်မယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"သူက မင်းကိုတစ်ယောက်တည်းလွှတ်လိုက်ပြီးမှ မင်းရဲ့

နောက်ကို တိတ်တဆိတ်လိုက်ကြည့်တယ်... မင်းက သူလိုချင်တဲ့ပစ္စည်းရလာပြီဆိုမှ သူက ချိန်းထားတဲ့နေရာမှာပြန်လာပြီး စောင့်ယူတယ်... အခုတော့ မင်းက သူလိုချင်တဲ့ပစ္စည်းကို ယူမလာနိုင်ဘူးဆိုတာသိတော့ သူက ထွက်ပြေးသွားပြီပေါ့"

ဟု ပြောလိုက်၏။

သန်းဉက...၊

"သူ ထွက်ပြေးသွားတာက အကြောင်းမဟုတ်ဘူး... ကျားနက်ဂိုဏ်းက ပစ္စည်းနဲ့ဂူတန်ဂိုဏ်းကပစ္စည်း သူ့လက်ထဲပါသွားပြီ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး ဇရပ်ပျက်၏တစ်နေရာ၌ ထိုင်ချလိုက်၏။

ပြီးမှ သူမသည် သန်းဉကို မော့ကြည့်ကာ...

"ဒီမိန်းကလေးက ဘယ်သူဆိုတာ မင်းသိလား"

ဟု မေးလိုက်၏။

သန်းဉက ဦးခေါင်းခါယမ်းပြလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး...

"ဒါဆို မင်းက သူ့နောက်ကို ဘယ်လိုလုပ်ပြီး လိုက်ရှာနိုင်မှာ လဲ"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဉသည် တွေဝေ၍ သွား၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး...

"အမှန်တော့ မင်းက ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောသင့်တယ်"



ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဉသည် ချင်းချင်းကို ကြည့်ပြီး...

"ကျွန်တော်က ဘာပြောရမှာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက...

"မင်းကိုယ်ပေါ်က အဆိပ်ကိုပျောက်အောင် ဘယ်သူက ဆေးကုပေးမယ်ဆိုတာကိုပေါ့"

ဟု ပြောလိုက်၏။

သန်းဉက သက်ပြင်းချလိုက်ပြီး...

"ကျွန်တော် မှားပါတယ်... အမှန်တော့ ကျွန်တော်က ကျွန်တော့်အကြောင်းကိုသိပြီး မမ စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောခဲ့တာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး...

"ပြီးခဲ့တာတွေ ထားလိုက်တော့... အခု မင်းက မင်းရဲ့အကြောင်းကို မမကိုပြောပြ"

ဟု ပြောလိုက်၏။

သန်းဉက...

"ကျွန်တော်က ဘာကိုပြောပြရမှာလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးကာ...

"မင်းကိုမွေးတဲ့အချိန်ကစပြီးတော့ ပြောပြ"

ဟု ပြောလိုက်၏။

သန်းဉက ရယ်မောလိုက်ပြီး....

"အဲဒီလောက်တော့ ဘယ်မှတ်မိပါ့မလဲ"

ဟု ပြောလိုက်၏။

ချင်းချင်းက ပြုံး၍....

"ထားပါတော့... မင်း မှတ်မိသလောက် ပြောပြပါ"

ဟု ပြောလိုက်၏။

သန်းဉက ၁၂၊ ၏အကြောင်းကို အကျဉ်းချုံး၍ ပြောပြလိုက်၏။

သန်းဉ၏စကားကိုနားထောင်ရင်း ချင်းချင်း၏မျက်နှာသည် ဆွေးဆွေးမြေ့မြေ့ ခံစားရသကဲ့သို့ဖြစ်သွား၏။

သန်းဉက....

"ဒါပါပဲ...."

ဟု အဆုံးသတ်လိုက်၏။

ချင်းချင်းက သက်ပြင်းချလိုက်ပြီး....

"ဒါဆို မင်းရဲ့အဖေက မင်းသားလေး လုံကျန်းပေါ့ ဟုတ်လား"

ဟု မေးလိုက်၏။

သန်းဉက....

"အမေကတော့ အဖေနဲ့ပတ်သက်ပြီး ဘာမှမပြောခဲ့ဘူး... အဘိုးအိုလျှံဖုန်းနဲ့တွေ့ပြီး လျှံဖုန်းက ကျွန်တော်အဖေဟာ မင်းသားလေးလျှံဖုန်းလို့ ပြောခဲ့တာပါ"

ဟု ပြောလိုက်၏။



ချင်းချင်းက....

"ထားပါတော့... မင်း စားခဲ့တဲ့အသီးဟာ အပူအအေး အဆိပ်သီး ဟုတ်လား"

ဟု မေးခဲ့၏။

သန်းဉက....

"အဘိုးအိုလျှံဖုန်းကိုပြောပြတော့ သူက အပူအအေးအဆိပ်သီးလို့ ပြောပါတယ်"

ဟု ပြောလိုက်၏။

ချင်းချင်းက တစ်ချက်စဉ်းစားလိုက်ပြီး....

"အသီးက တစ်ခြမ်းနီရဲပြီး တစ်ခြမ်းက စိမ်းနေတယ် မဟုတ်လား"

ဟု မေးလိုက်၏။

သန်းဉက အံ့သြဟန်ဖြင့် ချင်းချင်းကိုကြည့်ကာ....

"မမလည်း အဲ့ဒီအသီးကိုသိတယ် ဟုတ်လား"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချကာ....

"အင်း... ထူးဆန်းတာက မင်းဟာ ဘာဖြစ်လို့ မသေတာလဲ"

ဟု ပြောလိုက်၏။

သန်းဉက....

"ကျွန်တော်က အဆိပ်ရှိတဲ့ရေကိုသောက်မိပြီး အဆိပ်ကို အဆိပ်နဲ့ဖြေတဲ့သဘောဖြစ်လို့ မသေတာလို့ ပြောပါတယ်... ဒါပေမယ့်...."

သန်းဥက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်၏။

ချင်းချင်းက....

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ဟာ(၁၀)နှစ်ပဲ အသက်ရှင်မှာ အခု(၉)နှစ်ရှိပြီ... ဒါကြောင့် ကျွန်တော်ဟာ နောက်တစ် နှစ်ပဲ အသက်ရှင်တော့မှာ"

သန်းဥသည် ထိုသို့ပြောလိုက်ပြီး မျက်နှာညှိုးငယ်သွား၏။ ပြီးမှ သန်းဥသည် သက်ပြင်းချကာ....

"အမှန်ပြောရရင် ကျွန်တော်ရဲ့အဆိပ်ကို နတ်ဆေးသမားတော်ကြီးကလွဲပြီး ဘယ်သူမှမကုနိုင်ဘူးလို့ လျှံအဘိုးကိုက ပြောခဲ့တယ်... ပြီးတော့ နတ်ဆေးသမားတော်ကြီးလည်း သေပြီလို့ပြောခဲ့တယ်... ဒါကြောင့် ကျွန်တော်ဟာ အသက်တစ်နှစ်ပဲ နေရတော့မယ်... ဒါကို မမသိရင် စိတ်မကောင်းမှာစိုးလို့ မပြောခဲ့တာပါ"

ဟု ပြောလိုက်၏။

ချင်းချင်းက သက်ပြင်းချကာ....

"မမသိရင် မမက မင်းကို လမ်းညွှန်ပေးမှာပေါ့... အခုတော့ မင်းကို သူများကလိမ်ပြီး အသုံးချသွားပြီ"

ဟု ပြောလိုက်၏။

သန်းဥက ဦးခေါင်းညိတ်ကာ....

"ကျွန်တော် မှားသွားပါတယ်... ဒီပစ္စည်းတွေကိုရအောင် ပြန်ယူပေးပါ့မယ်"



ဟု ပြောလိုက်၏။

ချင်းချင်က ပြုံးကာ....

"ဒါပေါ့... ဒါပေမယ့် ဒီမိန်းမရဲ့နောက်ကို ဘယ်လိုခြေရာခံရမယ်ဆိုတာ နောက်မှဖြည်းဖြည်း စဉ်းစားမယ်"

ဟု ပြောလိုက်၏။

သန်းဥက....

"မဖြစ်ဘူး ထင်တယ်"

ချင်းချင်းက....

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

သန်းဥက....

"သူက ဒီပစ္စည်းတွေကိုပြပြီး တစ်ခုခုလုပ်ရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်၏။

ချင်းချင်းက ပြုံးကာ....

"ဒါဆို သူ့ကိုခြေရာခံဖို့ပိုပြီး လွယ်သွားမှာပေါ့"

ဟု ပြောလိုက်၏။

ပြီးမှ ချင်းချင်းသည် ထိုင်ရာမှထလိုက်ပြီး သန်းဥကို စူးစိုက်ကြည့်ကာ....

"မင်းကို ငါ ဆေးကုပေးမယ်"

ဟု ပြောလိုက်၏။

ချင်းချင်း၏စကားကြောင့် သန်းဥသည် ချင်းချင်းကို တအံ့တသြဖြင့် ကြည့်လိုက်၏။

ချင်းချင်းက ပြုံးလိုက်ပြီး....

"ငါဟာ နတ်ဆေးသမားတော်ကြီးရဲ့တပည့်ပဲ... ဒါပေမယ့် မင်းက ငါ့စကားကိုတော့ နားထောင်ရလိမ့်မယ်"

ဟု ပြောလိုက်၏။

သန်းဥသည် ချင်းချင်းကို အတန်ကြာအောင် ကြည့်ပြီး....

"မမ တကယ်ပြောတာလား"

ဟု မေးလိုက်၏။

ချင်းချင်းက....

"မင်းကို ဆေးလည်းကုပေးမယ်၊ စာလည်းသင်ပေးမယ်... သိုင်းလည်း သင်ပေးမယ်"

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

ᛘ ᛘ ᛘ

ဤနေရာသည် ဓားနှစ်လက်ဂိုဏ်း၏သီးသန့်ခန်း ဖြစ်၏။

ဤသီးသန့်ခန်းထဲသို့ ဂိုဏ်းချုပ်ကြီး၏အမိန့်မရဘဲ မည်သူမျှ ဝင်ရောက်ခြင်းမပြုရပါ။

သို့သော် ထိုအခန်းထဲသို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သူမှာ ထုံရှင်းတစ်ယောက်တည်းသာရှိ၏။

အကြောင်းမှာ ထုံရှင်းသည် ဓားနှစ်လက်ဂိုဏ်းချုပ်ကြီးထုံချိုင်း၏သမီးဖြစ်နေသောကြောင့်ပင် ဖြစ်၏။



ဓားနှစ်လက်ဂိုဏ်းချုပ်ကြီး ထုံချိုင်း၌ သမီးနှစ်ယောက်သာ ထွန်းကားခဲ့၏။

ထိုသမီးနှစ်ယောက်မှာ အမွှာဖြစ်ပြီး သားယောကျ်ားလေး ထက်ပင် အားကိုးအားထားပြုနိုင်၏။

ထုံရှင်း၏အစ်မထုံကျင်းသည် မရဏာတမန်တော်၏လက် ချက်ဖြင့် သေဆုံးခဲ့ရ၏။

ထို့ကြောင့် ထုံရှင်းသည် အစ်မအတွက် မရဏာတမန်တော် ကို လက်စားချေလို၏။

သို့သော် ဖခင်၏အကြံအစည်က ပို၍ကောင်း၏။

ထိုအကြံအစည်မှာ မရဏာတမန်တော်ကိုအသုံးချပြီး သိုင်း ဂိုဏ်းများ၏ ဂိုဏ်းချုပ်အမိန့်တော်များကို ယူခိုင်းရန်ဖြစ်၏။

ထို့ကြောင့် ပထမခြေလှမ်းအနေဖြင့် ကျားနက်ဂိုဏ်း၏ပတ္တ မြားအမိန့်၊ ဂူတန်ဂိုဏ်း၏နဂါးအမိန့်၊ ခွန်လွန်ဂိုဏ်း၏ဂိုဏ်းချုပ်အလံ တို့ကို မရဏာတမန်တော်ကို ယူခိုင်းခဲ့၏။

သို့သော် တံငါသည်သိုင်းသမားတို့ဝင်ရောက် ခြေရှုပ်လိုက် သောကြောင့် ခွန်လွန်ဂိုဏ်း၏အလံကို မရရှိခဲ့ပါ။

ဓားနှစ်လက်ဂိုဏ်းချုပ်ကြီး ထုံချိုင်းသည် ကျားနက်ဂိုဏ်း၏ ပတ္တမြားအမိန့်တော်နှင့် ဂူတန်ဂိုဏ်း၏နဂါးအမိန့်ကို တစိမ့်စိမ့်ကြည့် နေ၏။

ပြီးမှ သူသည် ထုံရှင်းကိုလှမ်းကြည့်လိုက်ပြီး....

"ခွန်လွန်ဂိုဏ်းရဲ့အလံရော...."

ဟု မေးလိုက်၏။

ထုံရှင်းက သက်ပြင်းချကာ တံငါသည်သိုင်းသမားနှင့် မိန်း

ကလေးတစ်ယောက် ရောက်ရှိလာသဖြင့် ခွန်လွန်ဂိုဏ်းချုပ်၏အလံကိုမရရှိခဲ့ကြောင်း ပြောပြလိုက်၏။

ထုံချိုင်းသည် ထုံရှင်း၏စကားကို မျက်မှောင်ကြုတ်၍ နားထောင်ပြီး....

"မိန်းကလေးက ဘယ်သူလဲ"

ဟု မေးလိုက်၏။

ထုံရှင်းက ဦးခေါင်းငုံ့ကာ....

"သမီး... မသိဘူး"

ဟု ပြောလိုက်၏။

ထုံချိုင်းက....

"သိုင်းလောထဲကလား"

ဟု မေးလိုက်၏။

ထုံရှင်းက....

"မဟုတ်ဘူး... ဒါပေမယ့်... တံငါသည်သိုင်းသမားနဲ့ ရင်းနှီးသလိုပဲ"

ဟု ပြောလိုက်၏။

ထုံချိုင်းက မျက်မှောင်ကြုတ်ကာ....

"သူနဲ့ရင်းနှီးမှတော့ သိုင်းလောကထဲကပဲ ဖြစ်မှာပေါ့"

ဟု ပြောလိုက်၏။

ထုံရှင်းက သက်ပြင်းချကာ....

"သမီး သူ့ကို မသိဘူး... ဒါပေမယ့် သူ့ရဲ့လှုပ်ရှားပုံက ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နိုင်တယ်"

ဟု ပြောလိုက်၏။



ထုံချိုင်းက မျက်မှောင်ကြုတ်ရင်း....

"ဘယ်အရွယ်ရှိပြီလဲ"

ဟု မေးလိုက်၏။

ထုံရှင်းက....

"သမီးနဲ့ မတိမ်းမယိမ်းပဲ... အလွန်ဆုံးရှိမှ အသက်(၂၀) ပေါ့"

ဟု ပြောလိုက်၏။

ထုံချိုင်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး....

"အင်း... ထိပ်တန်းသိုင်းသမားထဲမှာ သမီးနဲ့ရွယ်တူတစ်ယောက်မှ မရှိနိုင်ဘူး"

ဟု ပြောလိုက်၏။

ထုံရှင်းက....

"သမီး... အကဲခတ်တာ မမှားဆိုရင်တော့ အဲဒီမိန်းကလေးဟာ ထိပ်တန်းသိုင်းသမားပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်၏။

ထုံချိုင်းက ပြုံးလိုက်ပြီး....

"အေးလေ... ငါ့သမီး ခန့်မှန်းတာမှန်ရင်တော့ တစ်ခုခုလွဲချော်ပြီးမှားနေတာပဲ ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်၏။

ထုံချိုင်း၏စကားကြောင့် ထုံရှင်းသည် သက်ပြင်းချလိုက်၏။

သူမ၏စိတ်ထဲ၌လည်း တစ်စုံတစ်ရာမှားယွင်းနေသည်ဟု ခံစားနေရ၏။

အထူးသဖြင့် မရဏာတမန်တော်က ထိုမိန်းကလေး၏ရှေ့

အပြစ်ပြုမိတော့ ကလေးငယ်တစ်ယောက်ကဲ့သို့ ဖြစ်နေခြင်းကပင် တစ်စုံတစ်ခုမှားယွင်းနေပြီ မဟုတ်ပါလား။

ဤသို့ဆိုလျှင် ထိုမိန်းကလေးသည် မည်သူနည်း။

(ပထမပိုင်း) ပြီး၏။

(ဒုတိယပိုင်း-ဇာတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

နန္ဒကျော်သူ

ချစ်သူ